www.burmeseclassic.com

# မဖဲဝါ ၏ တောက်ခေါက်သံ



ကေနိုမင်း

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၆ ဖေဖော်ဝါရီလ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၅၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - | ဦးကံကောင်း |
| ကွန်ပျူတာ | - | ချယ်ရီမေ(အင်းစိန်) |
| အတွင်းဖလင် | - | ADORN၊ |
| ထုတ်ဝေသူ | - | ဦးချစ်ညွန့် (၀၀၃၇၄)<br>ဇင်ရတနာစာပေ<br>၂၀၅၊ က/၄ လမ်း၊ မြို့သစ်<br>(က+ခ)ရပ်ကွက်၊ အင်းစိန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးကျော်မင်းစိုး(မြ-၀၀၄၅၉)<br>စိုးမေတ္တာပုံနှိပ်တိုက်<br>အမှတ်(၁၇)၊ ၅၆ လမ်း<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ကောန်မင်း ၃၉၈.၂
မဖဲဝါ၏တောက်ခေါက်သံ/ကောန်မင်း
ရန်ကုန်၊
ဇင်ရတနာစာပေ၊ ပထမအကြိမ်၊ ၂၀၁၆။
၂၁၀-စာ၊ ၁၂ x ၁၈ စင်တီ

www.burmeseclassic.com

www.burmeseclassic.com

# ဖဗိဝါ၏
# တောက်ခေါက်သံ

BURMESE CLASSIC

ဧကန်မင်း

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


- မဖဲဝါ၏တောက်ခေါက်သံ ၃
- ကွင်းပိုင်ကြီးနဲ့ လိပ်ပြာလှသူ ၄၁
- မဖဲဝါနဲ့ဗိုလ်သံကြိုး ၆၃
- မဖဲဝါတို့သုသာန်မြေ ၈၅
- နိုကိုးရာမှဲ့သရဲ ၁၀၃
- ရှင်ပြုနိုင်းတဲ့ဝိညာဉ် ၁၃၁
- ကွမ်းတောင်ကိုင်မဖြစ်ရလို့ ၁၅၄
- ခွေးသရဲနဲ့ ကြောက်စရာဝဋ်ကြွေး ၁၇၆


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# မဖဲဝါ၏တောက်ခေါက်သံ

"ဟဲ့ ... ဟဲ့ ကြားပြီးပြီလား"

"ဘာကြားလာလို့လဲ"

"ရှာတောင်ပိုင်းက အေးစိန်မွေးတဲ့ကလေးက နှင်းဆမ်းကျဲကြီး ပါလာလို့ အထူးအဆန်း ဖြစ်နေကြတာ။ သွားနှစ်ချောင်းကလည်း ပြူးပြီးထွက်နေလို့ ဘီလူးလေးလို့ ပြောနေကြတယ်"

"ကလေးက အသက်ရော ပါလာသေးလား"

"အသေလေးမွေးလို့ပေါ့ပါတယ် ... မွေးမွေးချင်း သွားတွေ ပါလာလို့ လူတွေ လန့်နေကြတာ"

"ဟဲ့ ဒီကိစ္စ ညွှန့်ညွှန့် မသိစေနဲ့ဦး"

"အခု ညွှန့်ညွှန့် ဘယ်မှာလည်း"

မိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အေးပု ... နင့်ဒေါ်လေး ဘယ်သွားလည်း"

စောစောက ခြံဝမှာ တွေ့လိုက်သေးတယ်။ ဘယ်ဘက် ထွက်သွားလဲ မသိဘူး"

"ဗိုက်က ငါးလကျော်လို့ ခြောက်လထဲရောက်နေပြီ၊ တစ်ယောက်တည်း လျှောက်မသွားနဲ့ ပြောထားတာ မရဘူး"

အစ်မကြီးဖြစ်သော ဒေါ်တင်လှနှင့် အစ်မဝမ်းကွဲ စိုးစိုးမော်တို့က ကိုယ်ဝန်သည် ညွန့်ညွန့်ကို မမြင်သဖြင့် ဒေါ်တင်လှ၏ သမီးကြီးအေးပုအား မေးလိုက်သည်။

ထိုအချိန် ညွန့်ညွန့်တစ်ယောက် ရွာထဲသို့ ထွက်လာရင်း ခမ်းကွဲနေသော ကလေးသတင်းကို ကြားလိုက်ရသည်။

"မအေး ဘယ်သွားမလို့လဲ"

"ငါ့ညီမဝမ်းကွဲ အိမ်နားက ဗိုက်ကြီးသည် ကလေးမွေးတာ နှုတ်ခမ်းကကွဲ၊ သွားတွေကပြူးပြီးထွက်နေလို့ ငါသွားကြည့်ဦးမယ်၊ ညည်းလိုက်မလား"

"အေး ... လိုက်မယ်၊ မွေးစကလေးလေးမှာ အဲ့ခုလိုပါတာ ... တစ်ခါမှ မမြင်ဖူးဘူး၊ လိုက်ကြည့်ဦးမယ်"

"ဟဲ့ ... ဟဲ့ နေပါဦး၊ နင်သွားလို့မဖြစ်ဖူးနဲ့ ဟယ်"

"ဘာလို့ မဖြစ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းက ဗိုက်ကြီးဗိုက်ပြနဲ့ ကလေးမွေးတော့မှာ မဟုတ်လား"

"အို ... မွေးမွေးအော ... ဗိုလ်လိုက်ကြည့်မယ်"

ညွှန့်ညွှန့်တစ်ယောက် မအေးနှင့်အတူ နှုတ်ခမ်းကွဲကလေး၊ အသေမွေးသောအိမ်သို့ ရောက်ခဲ့သည်။

သူတို့ရောက်သည့်အချိန် မွေးကင်းစကလေး၏အဖြစ်ကို မမြင်ရတော့။ အသေလေးမွေးသည့်အတွက် သွားမြှုပ်လိုက်ပြီဟု သိရသည်။

ညွှန့်ညွှန့်လည်း မအေးကို မစောင့်တော့ဘဲ တစ်ယောက်တည်း ပြန်ခဲ့သည်။

မကြာခင် အိမ်သို့ ရောက်ခဲ့သည်။

ညွှန့်ညွှန့်အိမ်သို့ ပြန်ရောက်တော့ အစ်မကြီးက ရပ်ကွက်ထဲ လျှောက်သွားနေသည့်အတွက် ဆူညံပူညံ လုပ်နေသည်။

ညွှန့်ညွှန့်လည်း ဘာမှ ပြန်ပြောမနေဘဲ အိမ်ပေါ်သို့ တက်ခဲ့သည်။ ပထမဆုံးသားသမီးဦးဖြစ်သဖြင့် ကိုယ်ဝန်တစ်ခုခု ဖြစ်သွားမှာ မိသားစုအားလုံး စိုးရိမ်ပိုနေကြသည်။

ညွှန့်ညွှန့်စိတ်ထဲ အားလုံး အကဲပိုသည်ဟု ထင်သဖြင့် အိမ်သားများလစ်သည်နှင့် သွားချင်ရာ လျှောက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု အသွားကောင်းသဖြင့် မျက်လုံးထဲမှာ နှုတ်ခမ်းကွဲနေသော ကလေးများသဏ္ဌာန်ကို အချိန်ပြည့် မြင်ယောင်နေတော့သည်။

တကယ်လို့ သူ့ကလေးသာ နှုတ်ခမ်းကွဲနေမည်ဆိုပါက မတွေးဝံ့စရာပင်။

စိုးရိမ်မှုအနတွေးက စိတ်ထဲမှာ ဖျောက်မရတော့။

အိပ်ရာဝင်၍ အိပ်မောကျသည့်အခါများမှာပင် အိပ်မက်ထဲသို့ နှုတ်ခမ်းကွဲသည့် ကလေးပုံရိပ်များ ဝင်ရောက်နေရာယူလာသည်။

စားလည်း ထိုအတွေး၊ သွားလည်းထိုအတွေး။

မည်သူ့အားမှ မပြော၊ ဝမ်းဗိုက်ထဲက မွေးလာမယ့်ကလေးကိုယ်အင်္ဂါချို့တဲ့လာမှာကို အစိုးရိမ်ကြီး စိုးရိမ်နေခဲ့သည်။

သို့ဖြင့် တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးခဲ့သည်။

မွေးရက် ဖွားရက်စေ့သဖြင့် မိန်းကလေးတစ်ယောက် မွေးခဲ့ပါသည်။

ညွန့်ညွန့်၏ဆန္ဒ မပြည့်ဝခဲ့ပါ။

ညွန့်ညွန့်ကို မွေးပေးသော လက်သည်နှင့် အမေ၊ အစ်မကြီးတို့လည်း ကလေးကိုမြင်ပြီး မျက်လုံးပြူးသွားကြသည်။

"အို ... ကလေးလေးက နှုတ်ခမ်းကွဲလေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် မိခင်ဖြစ်သူအား မပြဘဲ ... တစ်နေရာမှာ ဖွက်ထားသည်။

နှုတ်ခမ်းကွဲက အတော်ဆိုးသည်၊ နှာခေါင်းအောက်မှနေပြီး အာခေါင်အထိ ကွဲနေသည်။

မွေးပြီး တစ်ရက်အထိ မိခင်ကို ပေးမပြ။

ညွှန့်ညွှန့်လည်း မွေးပြီးကတည်းက ကလေးငိုသံ မကြားရသဖြင့် မိခင်ဖြစ်သူအား ...

"ကလေးက ငိုသံလည်း မကြားရဘူး၊ ကျွန်မကလေး အသက်မှ ပါရဲ့လား"

"အို ... ကလေးက အသက်ရှင်ရက်ပါ ... အားနည်းနည်း နည်းနေလို့ ခဏခွဲထားတာ"

ရက်တရက်ဆိုတော့ ပါးစပ်ထဲရှိတာ ပြောလိုက်သည်။ ယုံမယုံတော့ မသိ။ မိခင်ဖြစ်သူလည်း မည်သည့်အချိန်ထိ ညာပြော နေရမည်ကို မစဉ်းစားဝံ့တော့။

"အမေ မှန်မှန်ပြောပါ၊ ကလေး အင်္ဂါချို့ယွင်းတာများ ပါသေးလား"

"ညည်းအေ ပေါက်ပေါက်ရှာရှာ လျှောက်တွေးနေတယ်"

"တော်ပါသေးရဲ့၊ ကျွန်မမွေးတဲ့ကလေး နှုတ်ခမ်းကွဲလေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာ စိုးရိမ်နေတာ"

"ညည်း ... ဟိုတလောကမွေးတဲ့ နွတ်ခမ်းကွဲကလေး လေးကို သွားကြည့်ခဲ့သေးလား"

"အင်း ... သွားကြည့်မိလို့ သူ့လို မွေးမလာပါစေနဲ့လို့ အချိန်နဲ့အမျှ ဆုတောင်းနေရတာ"

"ကဲ ... အေ ... တကယ်လို့ ညည်းမွေးလာတဲ့ကလေး ကိုယ်လက်အင်္ဂါ ချို့တဲ့လာရင် စိတ်ထဲ ဘယ်လိုရှိမလဲ"

"ဒါတော့အမေရယ် မွေးပြီးမှတော့ ချစ်ရတော့မှာပေါ့"

ညွန့်ညွန့်က ကိုယ်အင်္ဂါချို့ယွင်းလာမည်ဆိုလျှင်ပင် ချစ်ပါမည် ဟု ဆိုသဖြင့် ...

နောက်နေ့မှ မဝံ့မရဲနှင့် ကလေးကို ယူလာပြသည်။

"စိတ်မကောင်း မဖြစ်နဲ့သမီး၊ သမီးရဲ့ကလေးက သမီးရဲ့ စိတ်အစွဲအလမ်းကြောင့် နွတ်ခမ်းက ကွဲရက်ပါလာတယ်"

"ကိုယ်ဝန်သည်ဆိုတာ အနိဋ္ဌာရုံတွေကို မကြည့်ရဘူး။ သမီး သွားကြည့်ခဲ့လို့ တချိန်လုံး စိတ်စွဲပြီး အခုလိုအဖြစ်မျိုး မွေးလာ ရတာ"

မိခင်ဖြစ်သူက သမီး စိတ်အလွန်အကျွံ မထိခိုက်စေရန် သတိပေးစကားတွေ ပြောပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညွှန့်ညွှန့်ကလည်း မဆင်မခြင် စပ်စုမှုကြောင့် ယခုလို အဖြစ်ဆိုးမျိုး မွေးလာရတာဟုဆိုကာ ဖြေသိမ့်နေလိုက်သည်။

ကလေးကို နို့တိုက်လို့မရ၊ နို့သီးခေါင်းကို ငုံလို့မရ၊ အော် ငိုတော့သည်။

ကလေးငိုသံက စူးစူးရှရှ မရှိ၊ ရှတတ အသံသြသြသာ ထွက်နေသည်။

သို့ဖြင့် နို့တိုက်၍မရတော့ဘဲ ဇွန်းဖြင့်သာခပ်၍ နည်းနည်း ချင်း လောင်းချပေးမှသာ နို့က ပါးစပ်အတွင်း ဝင်တော့သည်။

ထို့နောက်တော့ နှုတ်ခမ်းကွဲနှင့် မွေးလာသော ကလေးမလေး ကို တနင်္ဂနွေသမီးဖြစ်၍ အေးအေးညွှန့်ဟု အမည်ပေးထားသည်၊

အေးအေးညွှန့်သည် အသက်ကလေး တဖြည်းဖြည်း ကြီးလာ ခဲ့သည်။

ကိုယ်အင်္ဂါချို့ယွင်းနေပေမယ့် စိတ်ဓာတ်ကတော့ ကျခြင်း မရှိ၊ ကလေးများ ကစားရာ ငြင်းကြ၊ ခုန်ကြ၊ အော်ကြဟစ်ကြ ထွက်လာသမျှ အသံအားလုံးထက် မပီမသ နှာခေါင်းသံကြီးကသာ းလွှမ်းနေလေ့ရှိသည်။

နှုန်ခမ်းကွဲက အာခေါင်အထိ ရောက်နေသဖြင့် သူပြောသမျှ ကားတိုင်း အချို့ကလေး လူကြီး မသိကြ။



www.burmeseclassic.com

www.burmeseclassic.com


သူနှင့် အနီးကပ်ပေါင်းသူ သူငယ်ချင်းများ၊ မိဘ၊ အဖိုး၊ အဖွားများသာ သူ၏အပြောအဆိုကို သဘောပေါက် အဓိပ္ပာယ် ဖော်နိုင်ကြသည်။

ကျောင်းထားချိန်ရောက်တော့ နှုတ်ခမ်းကွဲကြောင့် မိဘများကလည်း ကျောင်းမပို့သလို သူကိုယ်တိုင်ကလည်း ကျောင်းမသွားချင်။

သူ့အသက် ဆယ့်နှစ်အရောက်မှာတော့ နှုတ်ခမ်းကွဲကို ကုသပေးမည့် ဆရာတစ်ယောက်နှင့် ကြုံလိုက်သည်။

ဆရာက ဆေးပညာဘွဲ့ရ ဆရာမဟုတ်။

အကွဲအရှများကို ခွဲစိတ်ကုသနိုင်သော ကျွမ်းကျင်ဆရာ တစ်ယောက်ဖြစ်သည်။

နှုတ်ခမ်းနှစ်ဘက်ကို လှီးဖြတ်ပြီး ပြန်၍ တွဲချုပ်ပေးလိုက်သည်။ နှုတ်ခမ်းကွဲကိုသာ ချုပ်ပြီး အာခေါင်ကွဲနေသည့်နေရာကို မချုပ်နိုင်။

တစ်လအတွင်းမှာပင် နှုတ်ခမ်းအကွဲက ပြန်ဆက်သွားသည်။ အမာရွတ်ကတော့ ပေါ်နေသည်။

အာခေါင်အကွဲကတော့ ကွဲရက်ပင်ရှိသဖြင့် စကားပြောလိုက်တိုင်း နှာခေါင်းသံက ဆိုးဆိုးဝါးဝါး ပေါ်နေသေးသည်။

အသက် ဆယ်ခုနစ်နှစ်အရွယ်သို့ ရောက်ခဲ့ပြီ


www.burmeseclassic.com

www.burmeseclassic.com


နှုတ်ခမ်းကွဲသော မရှိပါက ရုပ်ရည်က ကြည့်ပျော်ရှုပျော် ရှိသည်။

ခန္ဓာကိုယ် အချိုးအပေါက်ကလည်း အသင့်အတင့် ကြည့်ပျော် ရှုပျော်ရှိသည်။

ရုပ်ထဲရွာထဲ ရည်းစားပေါသော မိန်းကလေးများတွင် တစ်ယောက်အပါဝင် ဖြစ်နေသည်ကတော့ စိတ်ဝင်စားဖွယ် ကောင်းလှသည်။

မိဘများက ရည်းစားတစ်ယောက်ပြီးတစ်ယောက် ထားနေသည့်အတွက် ဆုံးမသည်။ ပြောမရလျှင် ဗိုက်ခေါက်ဆွဲလိမ်သည်။

"ညည်းကိုညည်း ပြန်ကြည့်စမ်း၊ စကားပြော လေလုံးမကျဲဘူး။ နှုတ်ခမ်းကလည်း ကြည့်ရဆိုးသေး၊ ညည်းကို ဘယ်သူက သားမှတ်မှတ် မယားမှတ်မှတ် ယူမှာလဲ"

"အို အမေကလည်း၊ အမေတို့မျက်စိမှာ အရုပ်ဆိုးပေမယ့် ကျွန်မကို ချောတယ်ထင်ပြီး သဘောကျနေတဲ့ ကောင်လေးတွေ အများကြီးပါ"

"သောက်ရူးမ၊ ဘယ်သူက မြှောက်ပေးနေလို့ မြှောက်နေလည်း မသိဘူး၊ နင်တစ်နေ့ ဒုက္ခရောက်လိမ့်မယ်"

မိဘဆွေမျိုးသားချင်းများလည်း ဆူဆဲပြောဆို၍ မနိုင်သဖြင့်


www.burmeseclassic.com

www.burmeseclassic.com



လွှတ်ထားလိုက်တော့သည်။

ထိုသို့ လွှတ်ထားသော်လည်း အေးအေးညွန့်ရည်းစား တစ်ယောက်ပြီးတစ်ယောက်ထားသည်။ မျက်နှာများသည်။

အများစိုးရိမ်သလို ပန်းကောင်း အညွန့်ကျိုးဖြစ်သည့်သတင်း မထွက်ခဲ့ပါ။ ဖြစ်လည်း မဖြစ်ခဲ့။

တစ်ရက်မှာ မိခင်ဖြစ်သူက သတင်းတစ်ခုကြား၍ သမီးဖြစ်သူအား ခေါ်မေးသည်။

"ဟဲ့ အေးအေးညွန့် ... နင် ရှာတောင်ဘက်ပိုင်းက စိုးဝင်းဆိုတဲ့ ကောင်လေးနဲ့ ကြိုက်နေတယ်ဆို"

"ဟုတ်တယ်လေ"

"အဲဒီကောင်က ရုပ်က လူချော၊ နင့်ကို အတည်တကျ ယူမယ်ထင်လို့လား"

"အို ... သူက သမီးကို ချစ်ပါတယ်၊ ကြိုက်ပါတယ်လို့ ပြောလာတာပဲ"

"ဟဲ့ နလပိန်းတုံးကောင်မ ... ဟိုက ... နင့်ကို မကြာခင် ထားခဲ့မှာ၊ သူများ မြှောက်ပေးတိုင်း မြှောက်နေတယ်၊ အဲဒီ ကောင်လေးက ရုပ်သာဖြောင့်တာ လက်ကြောတင်းအောင် ရှာတဲ့ ကောင်မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မိဘတွေက လယ်သမားတွေ၊ သူက လှေတစ်စီးနဲ့ ချောင်းကြို ချောင်းကြား ပိုက်တစ်လက်နဲ့ ငါးရှာနေတာ"

"အို သူ့ဝါသနာပါတာ သူလုပ်တာနဲ့ပဲ လက်ကြောမတင်းဘူး ဖြစ်ရော့လား"

"နင်ကတော့ စိုးဝင်းရဲ့ မှိုင်းမိနေပြီ"

"သူမဖြတ်ခင် ... နင်က စဖြတ် ... ညည်းကိုယူမယ်လို့ ငါမထင်ဘူး"

"အမေတို့၊ အဖွားတို့က ကိုယ့်စိတ်နဲ့ နှိုင်းပြီး လျှောက်ပြောနေတာပဲ၊ သူက သမီးကိုပဲ ယူမယ်တဲ့"

"မဖြစ်ဘူး၊ နင့်ကို နင့်ကြီးမေရှိတဲ့ သုံးဆယ်မြို့ကို ပို့ထားမှ ဖြစ်မယ်"

"မသွားဘူး၊ ကိုစိုးဝင်းနဲ့ ဝေးမယ့် ဘယ်နေရာ ဘယ်မြို့ ကိုမှ မသွားဘူး"

ထိုစကားဆုံးတော့ ဒေါ်ညွန့်ညွန့်၏လက်က အေးအေးညွန့်၏ ခေါင်းပေါ် ဒေါင်ခနဲ ကျသွားလေတော့သည်။

"အား ... နာလိုက်တာ ... တကယ်ပဲ၊ အမေက အကြောင်းနာမရှိဘူး၊ ခေါင်းကို ခေါက်လိုက်တာများ၊ မီးကိုပွင့်ရော"

"အေး ... ငါခေါက်တာက နာရုံနာတာ၊



www.burmeseclassic.com

www.burmeseclassic.com



နင် သောက်ရှုးထပြီး ဒူးနဲ့မျက်ရည် မသုတ်ရအောင် တားနေတာ"

ထိုကဲ့သို့ အကြောင်းမျိုးစုံပြ၊ မဖြစ်နိုင်ကြောင်း ပြောပြီး တားပေမယ့်၊ အေးအေးညွန့် ဆယ့်ကိုးနှစ်အရွယ်သို့အရောက်၊ လူကြီးများက မဖြစ်နိုင်ဟု ထင်၍ တားနေရာမှ စိုးဝင်းနှင့် လိုက်ပြေးသွားတော့သည်။

လူကြီးများ ရင်မနေသည့်ကြားက မထင်မှတ်ဘဲ လိုက်ပြေးသွားသည့်အတွက် လက်လျှော့လိုက်ရတော့သည်။

လင်နောက်သို့ ခိုးရာလိုက်ပြေးသွားပြီး တစ်ပတ်အတွင်းမှာပင် ဦးထင်ကျော်၊ ဒေါ်ညွန့်ညွန့်ထံသို့

ကိုစိုးဝင်းနှင့် မအေးအေးညွန့်တို့ လင်မယားကို လာပြန်အပ်ကြတော့သည်။

ဘုန်းကြီးငါးပါး ဆွမ်းကပ်ပြီးနောက် ဖိတ်ကြားထားသူများကို ညှိခံကျွေးမွေးကာ နှစ်ဖက်လူကြီးများ၏ အသိအမှတ်ပြု မင်္ဂလာပွဲလေးဖြစ်သွားသည်။

ဦးထင်ကျော်တို့က အေးအေးညွန့်တို့ကို ပြန်လက်ခံပြီး အိမ်မှာပင်ထားခဲ့သည်။

တစ်နှစ်ခန့်ကြာတော့ ခြံအတွင်းမှာပင် ခြံရှေ့ဘက်၌ အိမ်



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်လုံး ဆောက်လုပ်ပေးပြီး နေစေသည်။

စိုးဝင်းက ဦးထင်ကျော်တို့ လယ်ယာလည်း ဝင်မလုပ်၊ သူ့မိဘများ၏ လယ်မှာလည်း ဝင်မလုပ်။

လှေတစ်စီးနှင့် ကွန်တစ်လက်ယူပြီး မိုးလင်းမိုးချုပ် ငါးဖမ်းထွက်လေ့ရှိသည်။

ရွာ၏ဘေးမှာ ချောင်းကကပ်၍ စီးဆင်းနေသည်။

သို့ကြောင့် ငါးရံ့၊ ငါးဘတ်၊ ငါးခူ၊ ငါးကြင်း၊ ငါးခုံးမစသော ငါးမျိုးစုံ ဖမ်းယူရရှိသည်။

ရွာသားအတော်များများက လယ်ယာအလုပ်ကိုသာ ဇောက်ချလုပ်ကြသည်။ ငါးရှာသူနည်းသည်။

သို့ကြောင့် ငါးဖမ်းဝါသနာပါသော စိုးဝင်းအတွက် ရှာ၍မကုန်နိုင်သော ငါးရှာကွင်းကြီး ဖြစ်နေပါသည်။

စိုးဝင်းတစ်ယောက် ငါးရှာထွက်ပေမယ့် အေးအေးညွှန့်တတော့ အိမ်မှာပင် ရေနွေးသောက် စကားပြောမပျက်၊ ဘာမှမလုပ်စေရဘဲ ထားသည်။

“ကိုစိုးဝင်း တော် ငါးရှာမထွက်ခင် ရေခပ်ပေးသွားဦး”

“ပြီးတော့၊ အိမ်မှာ ဆီရယ်၊ ကြက်သွန်ဖြူရယ်၊ ကုန်စိမ်းပြီဝယ်ပေးသွားဦး”



www.burmeseclassic.com

www.burmeseclassic.com



"အေး ... လိုတာစဉ်းစားဦး၊ ငါတစ်ခါတည်း ဝယ်ပေးထားခဲ့မယ်"

"သြော် ရေတ်သီးလည်း မရှိတော့ဘူး ... ဝယ်ခဲ့ဦး"

ဟင်းစားကတော့ ညက ကွန်ပစ်ပြီး ပြန်လာကတည်းက မရောင်းဘဲ မနက်ဟင်းလျာအတွက် ဖယ်ထားသော ငါးများ ရှိနေသည်။

ငါးစားရသည်ကို ငြီးငွေ့လာလျှင် အသီးအနှံ ဝယ်ပေးခဲ့သည်။ လမ်းမှာ ဝက်သား၊ အမဲသားသယ်နှင့် ကြုံလျှင် ဝယ်လာတတ်သည်။

အေးအေးညွှန့်ကို ဘယ်သောအခါမှ ဈေးထွက်မဝယ်ခိုင်း။

ကလေးများကို ခိုင်းနိုင်သည့်အရွယ် ရောက်ပေမယ့် သူကိုယ်တိုင်ပင် ဝယ်ခြမ်းပေးသည်။

သို့မှသာ သူစိတ်တိုင်းကျသည်။

အိမ်နီးချင်းများရော၊ မိဘများကပါ အထင်နဲ့အမြင် တလွဲဖြစ်နေ၍ အံ့သြနေကြသည်။

ငါတို့သမီး လင်ရကံကောင်းသားပဲဟု ကြိတ်ပြီးဝမ်းသာနေကြသည်။

မကြာခင်ပစ်သွားမှာပဲဟု ထင်ထားကြပေမယ့် ကလေးနှစ်ယောက်ပင် ရနေပြီ၊ လုပ်ကိုင်ကျွေးမွေးမပျက်၊ ဇနီးဖြစ်သူအား

www.burmeseclassic.com

www.burmeseclassic.com



ပင်ပင်ပန်းပန်း ဘာမှ မလုပ်စေရ။

ဇနီးဖြစ်သူကို ရေတစ်ပုံးပင် မခပ်ခိုင်းဘဲ အိမ်အလုပ်လည်း သူပဲလုပ်ပြီး စားဝတ်နေရေးအတွက် ငါးရှာကျွေးနေသည်။

မနက်တစ်ခါ ကွန်ပစ်သွားသည်။ သူဖမ်းလာသော ငါးများကို ရွာထဲမှ မလုံးတင်၊ ဒေါ်ပိုင်းစိန်တို့က ဖောက်သည်စောင့်ပြီး ယူကြသည်။

ညနေပိုင်းပြန်လာတော့ ညဘက်လာစောင့်ပြီး ယူကြသည်။ မနက်စောစော ရွာအတွင်း လှည့်ရောင်းကြသည်။

သို့ကြောင့် ရှာလာသမျှ ငါးများကို ဝယ်သူက အဆင်သင့် စောင့်နေကြသည်။

ငါးရှာမထွက်ခင် မနက်တစ်ခါ၊ နေ့တစ်ခါ အေးအေးညွန့် ဝယ်ခိုင်းသမျှ အိမ်အတွက် လိုသမျှ ဝယ်ပေးပြီး ပိုသောငွေများ ကိုလည်း အေးအေးညွန့်ကိုပင် ပေးထားသည်။

အေးအေးညွန့်ကလည်း ထုံးစံမဖျက်၊ သူ့လက်ထဲမှာ ပိုက်ဆံ ရှိပေမယ့် ဘယ်တော့မှ ဈေးထွက်မဝယ်။

သို့ကြောင့် အေးအေးညွန့်တို့ လင်ရကံကောင်းပုံများ တစ်ရွာ လုံးမှာ တစ်ယောက်မရှိဘူးဟု ကွယ်ရာမှာရော ရှေ့မှာပင် ပြောကြ ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်သက် ဆယ့်ငါးနှစ်ပင် ရောက်ခဲ့ပြီ၊ အေးအေးညွန့် ကလေး လေးယောက်ရခဲ့သည်။ အငယ်ဆုံးမိန်းကလေးက အဖတ် မတောင်ခဲ့။

ကလေးသုံးယောက်မှာ အကြီးဆုံးက ယောကျ်ားလေး၊ အငယ်နှစ်ယောက်က မိန်းကလေး၊ အားလုံး ကျောင်းသားများ ဖြစ်နေပြီ။

ကလေးအားလုံး ဖခင်ဘက်လိုက်၍ ချောချောလေးများပင်။

ငါးရာ၍ရသော ပိုက်ဆံကို ချွေတာသုံးရင်း ဇနီးအေးအေး ညွန့်အား ဆွဲကြိုး၊ လက်ကောက်၊ နားကပ်များဝယ်ပြီး ဆင်နိုင် ခဲ့သ

သမီးနှစ်ယောက်ကိုလည်း ရွှေဆင်နိုင်ခဲ့သည်။ အဂုသိုလ် အကျိုးပေးသန်လှသည်ဟု ယူဆနေကြသည်။

မအေးအေးညွန့်မှသည် အသက်လေးဆယ် ဒေါ်အေးအေးညွန့် ဖြစ်လာသည်။

အာခေါင်ကွဲသော ဝင့်ကြွေးကြောင့် စကားက မပီမသ နှာခေါင်းသံက ယခုအချိန်ထိ ပျောက်မသွား။

သားသမီးအားလုံး ကိုယ်အင်္ဂါချို့ယွင်းသူတစ်ယောက်မှ ပါ မလာချေ။



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးဝင်းတစ်ယောက် ကွန်ပစ်ထွက်ရမှာ ပျင်းသောနေ့ဆိုလျှင် အိမ်မှာ မနေတတ်။

ငါးများတံတစ်ချောင်းဆွဲပြီး ငါးမျှားထွက်တတ်သည်။ တစ်လကို အနည်းဆုံး လေးငါးရက်တော့ ငါးမျှားထွက်ဖြစ်သည်။

ယနေ့လေ့ဝမ်းရေယိုနေသဖြင့် ကုန်းပေါ်ဆွဲတင်လိုက်ပြီး ပုန်းညက်ကို ရေနံဆီနှင့် နယ်၍၊ ပုန်းညက်အဟောင်းများကို ခြစ်ထုတ်ကာ အသစ်ပြန်ဖာထေးလိုက်သည်။

ပုန်းညက်ခြောက်ရန် လှေကို နှစ်ရက်ခန့် ကုန်းပေါ်မှာ ထားရဦးမည်ဖြစ်သည်။

သို့ကြောင့် နံနက်စာ စားပြီးကတည်းက ငါးစာထည့်သော ဗူး၊ ပလိုင်းလွယ်၍ ငါးမျှားမည့်နေရာသို့ ထွက်ခဲ့သည်။

ဦးစိုးဝင်း ငါးမျှားသောနေရာက အရိပ်ကောင်းကောင်းရသော ရှာပြင်သချိုင်းအစပ်မှာ ဖြစ်သည်။

သချိုင်းက ရေတိုက်စား၍၊ သူတစ်ချို့ ရေထဲပါကုန်ပြီး တုန်းစပ်ချောင်းကမ်းပါးအနီးမှာ ဂူတချို့ ရှိနေသည်။

ဂူနုတ်ခမ်းနှင့် ချောင်းစပ်က တစ်တောင်၊ နှစ်တောင်ခန့်သာ ကွာဝေးတော့သည်။

သို့ကြောင့် ထိုဂူများအပေါ်ကထိုင်ပြီး ငါးကို စိတ်တိုင်းကျ



www.burmeseclassic.com

www.burmeseclassic.com



များသည်။

တပေါ်တစ်ရံ အဖော်မရှိ၊ တစ်ခါတရံတော့ ရွာမှ သူနှင့်အတူ အဖော်ပါလာတတ်သည်။

သူကဲ့သို့ပင် ငါးများသူတစ်ယောက်စ၊ နှစ်ယောက်စ သချိုင်း အနီး အရိပ်အောက်ထိုင်၍ ငါးလာများကြသည်။

ထိုနေ့က ဦးစိုးဝင်းနှင့်အတူ ကျော်မြင့်ဆိုသော အသက် ဆယ့်ရှစ်နှစ်ခန့်ရှိ ကောင်လေးတစ်ယောက် ငါးအတူများရန် ပါလာ သည်။

ကိုယ်ကြိုက်သည့်နေရာ ကိုယ်ရွေးပြီး ငါးထိုင်များကြသည်။

ဦးစိုးဝင်းက ချောင်းစပ်နှင့် သုံးပေခန့်အကွာရှိသော ဂူပေါင်း တစ်လုံးပေါ်ထိုင်၍ ငါးများတေ့သည်။

ကျော်မြင့်က ချောင်းစပ်မှာပင် ထိုင်ကာ ငါးများနေသည်။ တစ်ယောက်နှင့်တစ်ယောက် ပေငါးဆယ်ခန့်ခွာပြီး ထိုင်ကြသည်။

ဆယ့်တစ်နာရီခန့်ကစပြီး ထိုင်များကြရာ နေ့တစ်နာရီခန့် ကြာတော့ ဦးစိုးဝင်း ငါးဆယ်ကောင် ဖမ်းမိသည်။

"ဦးစိုးကြီး ငါးဘယ်လောက်ရပြီလဲ"

"အကြီးအသေး ဆယ်ကောင် ရနေပြီ"

"မင်းရော အခြေအနေကောင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ဦးစိုးလောက်ပဲ၊ ကျွန်တော်တို့ ညနေ သုံးနာရီ မထိုးခင်ပြန်ကြမယ်ဖြစ်လား"

"ဖြစ်တာပေါ့"

"စောစောက ငါးဘတ်တစ်ကောင် ရေထဲပြန်ကျသွားတယ်၊ အတော်နာသွားတယ်"

"အကောင်ကြီးမယ်ထင်ရင် ... အားစိုက်ပြီး ဆွဲသုတ်လိုက်၊ ဒါမှ ငါးများချိတ်မှာ စွဲစွဲမြဲမြဲ ငြိနေမှာ"

ထိုမျှပြောပြီး ငါး ဆက်မျှားနေကြသည်။

ဆယ့်ငါးမိနစ်ခန့်ကြာတော့ ဦးစိုးဝင်း၏ ငါးမျှားတံမှာ ငါး လာတွတ်နေသည်ကို သိလိုက်သည်။

လက်မှာကိုင်ထားသော ငါးမျှားတံ၏ တုန့်ပြန်ချက်က ငါး အကြီးကြီးလာတွတ်နေကြောင်း သိလိုက်သည်။

ငါးစာကို မျိုမချသေးကြောင်း သိနေသည့်အတွက် ငါးမျှားတံ ကို မဆွဲသုတ်သေးဘဲ၊ အခြေအနေကို စောင့်နေရသည်။

စိတ်မရှည်တော့သည့် ငါးက ငါးစာအကုန် ပါးစပ်ထဲ မျိုချ လိုက်လျှင် မိမိအလှည့်မှာ လက်မနှေးရန် သတိထားနေသည်။

မျှော်လင့်ထားသည့်အတိုင်း မကြာခင်မှာပဲ စိတ်မရှည်တော့ သည့် ငါးက အစာကို အားပါးတရ ငါးမျိုစားသောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အစာဝင်သွားသော်လည်း ကြိုးတန်းလန်းရှိနေခြင်းကြောင့် အဝေးသို့ ရုန်းကန်ထွက်ပြေးလေတော့သည်။

"ကဲ ... လာလေရော"

ငါးမျှားတံကို အားကုန်ဆွဲသုတ်လိုက်သည့်အချိန်၊ နောက်သို့ အရှိန်လွန်၍ ဂူနှစ်လုံးကြား ပက်လက်ပစ်ကျသွားသည်။

"အား ... ကျွတ် ... ကျွတ်"

"ဟာ ... ဦးစိုး ဂူပေါ်က အရှိန်လွန်ပြီး ပစ်ကျသွားတာပဲ၊ ဘယ်လိုလဲ ထလို့ရလား ... မရရင် အဲဒီအတိုင်းနေ ကျွန်တော်လာပြီ"

"ဟား ... ဟား ... ဟား ထနိုင်ပါတယ် ကောင်လေးရ ... ဒီလောက်တော့ အပျော့ပါပဲ"

လဲကျနေရာက ထလာပြီး ငါးမျှားတံမှာ မိနေသော ငါးရဲ့ တစ်ကောင်ကို ဖြုတ်၍ ပလိုင်းထဲ ထည့်လိုက်သည်။

"ကောင်လေး ... ငါပြန်တော့မယ်၊ မင်း မပြန်သေးဘူးလား"

"ဦးစိုးပြန်ရင် ကျွန်တော်လည်း ပြန်တော့မယ်"

ကိုစိုးဝင်းက ငါးမျှားတံကို တစ်ဖက်က ကိုင်ပြီး ကျွန် တစ်ဖက်က ပလိုင်းကို ကောက်ကိုင်လိုက်သည်။

အား ... ကျွတ် ... ကျွတ်

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဦးစိုး ဘာဖြစ်လို့လဲ"

"ဂူပေါ်က ကျတာ၊ ခါးနည်းနည်း မျက်သွားတယ်ထင်တယ်"

"ဒါဆို ပလိုင်းနဲ့ ငါးများတံပေး၊ ကျွန်တော်ဝိုင်းသယ်ပေးမယ်၊ အိမ်ကို ဖြည်းဖြည်းလျှောက်ပြီး ပြန်ကြတာပေါ့"

"ဦးစိုးဝင်းရဲ့ဇက်တို့ လည်ဂုတ်တို့ကို ထိခိုက်သွားသေးတာ"

"မဖြစ်ပါဘူး၊ ဘာတွေ့လို့လဲ"

"ဦးစိုးလမ်းလျှောက်တာ ဂုတ်က ပုဝင်နေတယ်၊ ဂုတ်ပုဝင်နေတဲ့ ပုံစံကြီး"

"မသိပါဘူးကွာ၊ ခါးနည်းနည်း မျက်သွားလို့ ဖြစ်သွားတာလားမှ မသိတာ"

"ဒါဆိုလည်း ကျွန်တော်တွဲသွားမယ်"

ကျော်မြင့်၏ ကူညီဆောင်မှုနှင့် ဦးစိုးဝင်း အိမ်ပြန်ရောက်လာသည်။

ကျော်မြင့်လည်း ဒေါ်အေးအေးညွန့်အား အကျိုးအကြောင်းပြောပြီး ဦးစိုးဝင်းအား ထားခဲ့ကာ အိမ်ပြန်သွားတော့သည်။

"မသေကောင်း မပျောက်ကောင်း၊ တော် ခါးနာသွားရင်လည်း ရေတ်ဆီလိမ်းပေးမယ်၊ အဝတ်အစား အရင်လဲလိုက်ဦး"

ထို့နောက်တော့ ဦးစိုးဝင်း အိပ်ရာပေါ် လဲတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေ ငါးနာရီခန့်ရောက်တော့၊

"အေးအေးညွန့် ဘာချက်လဲ"

"ငါးခူကြော်နှပ် ချက်ထားတယ်"

"ငါ ထမင်းစားချင်တယ်"

"မြင့်မြင့် ဘယ်ရောက်သွားလဲ"

"ရှင် ... အမေ၊ သမီးအိမ်အောက်မှာ ရှိတယ်"

"လာ အိမ်ပေါ်တက်ခဲ့၊ နင့်အဖေကို ထမင်းခူးပေး၊ ထမင်းစားတော့မယ်တဲ့"

ငါးကြော်နှပ် သုံးကောင်နဲ့ ထမင်းနှစ်ပန်းကန် ထစားပြီး အိပ်ရာပေါ် ပြန်လှဲနေလိုက်သည်။

"စားမကောင်းဘူးလား"

"အေး ... ခံတွင်း သိပ်မတွေ့ဘူး"

"ဘာစားချင်လဲပြော၊ မနက်ချက်ကျွေးမယ်"

"ဆိတ်ကာလီစာ စားချင်တယ်"

"ရှင် ... ဘာ ... ပြောတယ်"

"ဆိတ်ကာလီစာ စားချင်တယ် ချက်ကျွေး"

"အင်း ... ရှင်စားချင်တယ်ဆိုလည်း ကျွေးရတာပေါ့"

"ဒီနေ့တော့ ... ရှင့်ခါးနာ သက်သာအောင် အိပ်နေဦး"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဒေါ်အေးအေးညွန့် အိမ်အောက်သို့ ဆင်းခဲ့သည်။ ခြေရင်းဘက်ခြံမှ ဒေါ်ခင်စိန်အိမ်သို့ ထွက်ခဲ့သည်။

"အစ်မ ... လာ ... လာ အိမ်ပေါ်တက်၊ အစ်ကိုစိုးဝင်း ခါးနာသက်သာသွားပြီလား"

"ထူးခြားပုံ မရသေးပါဘူး၊ မေးစရာရှိလို့ ညီမအိမ်ဘက် ကူးလာခဲ့တာ"

"ကိစ္စရှိလို့လား အစ်မ"

"မေးစရာ ရှိလို့ပါအေ"

"ကိုစိုးဝင်းက ဆိတ်ကလီစာ စားချင်လို့တဲ့၊ ဆိတ်ကလီစာ ဆိုတာ ဘာကို ခေါ်တာလဲ"

"အင်း အစ်မတို့ကတော့ စံပဲ၊ ဦးစိုးဝင်းကြီး ဝယ်ပေးရှာပေးသမျှ ဖြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် နေလာခဲ့တာ၊ ဆိတ်ကလီစာတောင် မသိတဲ့အဖြစ်ပါလား"

"ညည်းပြောလည်း ခံရမှာပါပဲအေ"

"ဒီက အိမ်ထောင်ကျကတည်းက ဈေးလည်း မရောက်ဘူး၊ လိုသမျှ ကိုစိုးဝင်း ဝယ်ပေးနေတာ။ ဟင်းဆို၊ ငါးနဲ့ ငါးခြောက်နဲ့ပဲ လုံးလည်လိုက်နေတာ၊

အမဲသား၊ ကြက်သား၊ ဝက်သား၊ ဆိတ်သားကတော့ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ အသယ်နဲ့ကြံုလို့ ဝယ်လာခဲ့ရင် ချက်ပြုတ်စားသောက်ကြတာပဲ၊

အဲ ... ဆိတ်ကလီစာကျတော့"

"ဆိတ်ကလီစာဆိုတာ ဆိတ်ရဲ့ အူ၊ အသည်း၊ နှလုံးတွေပေါ့၊ ဟိုလေ ... ဆိတ်ဝမ်းတွင်းသားလို့ ပြောရင်လည်း ဖြစ်ပါတယ်"

"သိပါဘူးအော၊ ကိုစိုးဝင်းက စားချင်တယ်ဆိုလို့ ပေါက်ပေါက်ရှာရှာ ပြောတယ်ထင်တာ၊ ဇွန်နှယ် တုံးပါဘိ"

"အို၊ ဘယ်တုတ်မလဲ၊ ကိုယ်မစားဖူးတော့လည်း အခေါ်အဝေါ် ဘယ်သိပ့ါမလဲ"

"ဒါဆို မနက် ညီမဈေးသွားဖို့ရှိလား"

"မနက် အိမ်မှာလိုတာ သွားဝယ်ရဦးမယ်"

"ဒါဆို ဆိတ်ကလီစာ ဝယ်ခဲ့ပေးပါဦး၊ မြင့်မြင့်ကို ပိုက်ဆံလာပေးခိုင်းလိုက်မယ်၊ သုံးဆယ်သားလောက်ဆိုရင် ရမယ်ထင်တယ်"

"တစ်အိမ်လုံး စားဖို့ဆိုရင် ငါးဆယ်သားလောက် ဝယ်ပေါ့"

"စားလို့ ကောင်းလား"

"အစ်မကလည်း စားကောင်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... ငါးဆယ်သားဝယ်ခဲ့။ ပိုက်ဆံ လာပို့ခိုင်းလိုက်မယ်"

နောက်နေ့ရောက်တော့ ဆိတ်ကလီစာ ငါးဆယ်သားကို ဦးစိုးဝင်းတစ်ယောက်တည်းသာ မနက်ည ကုန်အောင် စားလိုက်တော့သည်။

အမှန်က တစ်အိမ်သားလုံးစားရန် ချက်ခြင်းဖြစ်သည်။ ဦးစိုးဝင်းကို ထမင်းဦးစွာ ခူးကျွေးလိုက်ရာ ဟင်းရော ထမင်းပါ တစ်ပန်းကန်ပြီး တစ်ပန်းကန် တောင်းနေသဖြင့် ညနေစာအတွက် ဟင်းတစ်ဝက်ကျန်အောင် မနည်းပြောယူရသည်။

ညနေလေးနာရီခန့် ထမင်းဆာသည်ဆို၍ ကျန်သောဟင်းနှင့် ထမင်းကို ချကျွေးရတော့သည်။

အိမ်သားများ ထိုနေ့က ငါးပိရည်၊ တို့စရာနှင့်သာ ပြီးလိုက်ကြရသည်။

ဆိတ်ကလီစာစားပြီး နောက်နေ့အတွက် အမဲသားစားချင်သည်ဟု ဆိုပြန်သည်။

အမဲသားဝယ်ချက်ကျွေးပြန်တော့ နောက်နေ့အတွက် အသားခင်းတစ်မျိုး မှာပြန်သည်။

ထိုကဲ့သို့ အစားသောင်းကျန်းလာသည့်အတွက် မိသားစု



www.burmeseclassic.com

www.burmeseclassic.com



အားလုံး မသက်ကြဖြစ်လာသည်။

ထမင်းတစ်ခါစားရင်လည်း နှစ်ပန်းကန်၊ သုံးပန်းကန်မျှ စားသည်။ အိပ်ရာထဲ လဲနေသောရက်က တစ်ရက်၊ နှစ်ရက်နှင့် ခါးနာပျောက်မည်ဟု ထင်ထားသော်လည်း ယခု တစ်ပတ်ခန့် ရှိပြီ၊ ပျောက်သည့် ပုံစံမပြ။

အိပ်ရာအတွင်းမှ မထဘဲ လူမမာဖစ်ယောက်လိုသာနေသည်။ ထမင်းစားမည်ဆိုသည့်အခါသာလျှင် ရှင်ရှင်ပြပြနှင့် ထပြီး စားတော့သည်။

အိပ်ရာထဲလဲပြီး ထလာသည့်အခါ ခါးကုန်းပြီး ဇက်က ပုနေသည်။ ဒေါ်အေးအေးညွန့်က ခါးနာမပျောက်သေးဟု ထင်နေသည်။

လူကသာ ဇက်ပုနေပေမင့် အစားစားသောအခါ ရှင်ရှင်ပြပြနှင့် ရောဂါသည်ပုံစံမဟုတ်တော့။ အားရပါးရ စားသောက်ပြီးနောက် ပန်းကန်သိမ်းသွားပြီးသည်နှင့် လူမမာလို အိပ်ရာထဲ ပြန်လှဲနေတော့သည်။

တစ်ရက်မှာ ဒေါ်အေးအေးညွန့်ကို ခြေရင်းအိမ်မှ ဒေါ်ခင်စိန်က အိမ်သို့ခေါ်ပြီး ..

"အစ်မ စိတ်မဆိုးနဲ့နော်၊ အစ်မရဲ့ယောကျ်ား သချိုင်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ချော်လဲပြီး ဖုတ်များ ဝင်နေတာလား၊ နားလည်တဲ့ ဆရာတစ်ယောက် ပင့်ပြီး ပြကြည့်ပါလား"

"အင်း ... သူ ထမင်းတွေ၊ ဟင်းတွေ စားသောက်တာ ပုံမှန်မဟုတ်တော့ကတည်းက စိတ်ထဲ မသက်သာဖြစ်နေကော၊ ညည်း ယောကျ်ားမှာ ဆရာကောင်းကောင်း အဆက်အသွယ်ရှိရင် ပင့်နိုင်း ပေးပါလား"

ထိုအချိန် ဒေါ်အေးအေးညွန့်၏ အစ်မယောကျ်ား ခဲအိုတော်သူ ဦးအောင်တင်ကို မြင်လိုက်သဖြင့် ...

"အစ်ကိုကြီး၊ ဘယ်ကိုလဲ"

"နင်တို့အိမ်ကိုလာတာ၊ စိုးဝင်းသက်သာရဲ့လား၊ လာကြည့်တာ"

"အစ်ကိုကြီး ဒီကို ခဏလောက်"

ဦးအောင်တင် ဝင်လာပြီး ဒေါ်ခင်စိန်တို့အိမ်ရှေ့ ကွပ်ပျစ်မှာ ထိုင်ကြသည်။

"သက်သာလား၊ မသက်သာလား။ မဝေခွဲတတ်တော့ပါဘူး။ တစ်ချိန်လုံး အိပ်ရာပေါ်မှာ၊

စားချိန်ကျမှ ထစားတယ်၊ စားတဲ့ဟင်းက အမဲသား၊ ကြက်သား၊ ဆိတ်သား၊ ဝက်သား တစ်နေ့တစ်မျိုး ချက်ကျွေးနေတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ချက်သမျှလည်း သူပဲ စားပစ်တာ"

"ဟင်းကျန်သေးတယ်ဆိုလည်း သူသိတာပဲ"

"ဟင်းကျန်လို့ ညရောက်ရင် နင်တို့ ဟင်းချန်ထားတယ် မဟုတ်လား၊ ငါ့ကို သွားထည့်ပေးဆိုပြီး ထစားတယ်"

"တစ်ညမှာ အိပ်ချင်ယောင်ဆောင်နေတုန်း မီးဖိုထဲဝင်သွားပြီး ဟင်းတွေ စားနေတယ်"

"ချောင်းဟန့်သံလည်း ပေးလိုက်ရော ပြန်လာပြီး အိပ်ရာထဲ အသာလေးဝင်အိပ်နေတယ်"

"ဒါဆို ... နင့်ယောက်ျားမှာ ဖုတ်ဝင်နေပြီနဲ့တူတယ်"

"ကျွန်မလည်း မသင်္ကာဘူး၊ ဂူပေါ်က ကျပြီးကတည်းက အိပ်ရာထဲ လဲနေတာ။ အခုထိ ပြန်မကောင်းတော့ဘူး"

"နေဦး ... ဒီရောဂါမျိုး ကုသနိုင်တဲ့၊ ဆရာတစ်ယောက် ငါသိတယ်၊ ပန်းတနော်ကို သွားရမယ်"

"အဲဒီဆရာနာမည်က ဆရာဦးထက်အောင်လှိုင်တဲ့၊ ပန်းတနော်မှာနေတယ်"

"ငါ ညနေ သွားလိုက်မယ်၊ ဟိုမှာ ညအိပ်ပြီး မနက် ဆရာပင့်ပြီး ပြန်ခဲ့မယ်"

"အဲဒီဆရာကို မပါ ပါအောင် ပင့်ခဲ့ပါ အစ်ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ … ဆရာမတွေ့လည်း တွေ့အောင် စောင့်ပြီး ပင့်ပြီး ပြန်ခဲ့မယ်"

"ဒါဆို ငါ … နင်တို့အိမ်ပေါ် မတက်တော့ဘူး၊ ညနေ ငါ ပန်းတနော်ကို သွားလိုက်မယ်"

"ဟုတ်ကဲ့"

ဦးအောင်တင် ထွက်သွားပြီးနောက် ဒေါ်အေးအေးညွန့်လည်း ဒေါ်ခင်စိန်အိမ်မှ ပြန်ခဲ့သည်။

× × × × × × ×

ဦးအောင်တင်နှင့်အတူ ပန်းတနော်မှ ပယောဂကု ဆရာ ထက်အောင်ရှိန်းတို့ နေ့ခင်းတစ်နာရီခန့် ရောက်လာကြပါသည်၊

ဒေါ်အေးအေးညွန့်၏အိမ်သို့ တစ်ခါတည်း လိုက်ပါလာသည်၊ အိမ်အောက်မှာ ဒေါ်အေးအေးညွန့်နှင့် သားသမီးများ စကား ထိုင်ပြောနေကြသည်။

"ဟော သမီးတို့ဘကြီးနဲ့အတူ ဆရာကြီးပါလာပြီ"

ကွပ်ပျစ်ပေါ်က ဆင်းပြီး …

"အိမ်ပေါ်ကို တစ်ခါတည်း ကြွပါဆရာ"

"စိုးဝင်း ဘာလုပ်နေလဲ၊ အိပ်ရက်ပဲလား"

"သူ အိပ်ပျော်နေတယ် အစ်ကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com



"အားလုံး ကွပ်ပျစ်မှာပဲ ထိုင်နေကြပါ။ ဆရာအိမ်ပေါ်တက်ပြီး အကဲခတ်ကြည့်လိုက်ဦးမယ်"

ဆရာထက်အောင်ရှိန်းလည်း အိမ်ပေါ်သို့ လှေကားပေါ် ခြေသံမကြားအောင် နင်းတက်ရင်း အိပ်နေသော လူနာ ဦးစိုးဝင်းကို အသေအချာ အကဲခတ်ကြည့်ရှုလိုက်သည်။

"အင်း ... အင်း ... အင်း"

ဆရာရောက်နေသည်ကို ဦးစိုးဝင်းခန္ဓာကိုယ်မှာ တွယ်ကပ်နေသူက သိပုံရသည်။

ခြေသံမကြားအောင် တက်ခဲ့ပေမယ့် သူသိကြောင်း အသံပြုသည်။

"အင်း ငါထင်တဲ့အတိုင်း မှန်နေပြီ"

ဆရာထက်အောင်ရှိန်းလည်း အိမ်ပေါ်မှ ပြန်ဆင်းလာသည်။

"လူနာအသက်ရှိသေးတယ်၊ သိပ်ကံကောင်းတယ်။ ဒီကပ်ပါး ကောင် ဉာဏ်များတဲ့အကောင်ပဲ။ ကြာရင် လူနာ လုံးပါး ပါးတော့ မယ်"

ဆရာလည်း ဦးအောင်တင် ရှင်းပြထားသဖြင့် ဦးစိုးဝင်း ယခုကဲ့သို့ အိပ်ရာထဲ လဲသည့်အကြောင်း အစုံအလင် သိထားပြီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ကယ်ပေးပါ။ ဆရာ့ကို အပ်ပါတယ်"

"သချိုင်းက သရဲတစ်ကောင်က သူ့ခန္ဓာမှာ ပူးကပ်နေပြီး အစားတွေ ကပ်စားနေတာ"

"သူ့ကို နှင်ထုတ်ရင် လူနာရဲ့အသက်ကို နှုတ်သွားမှာ စိုးရိမ်ရသလို အခြားသူတွေကိုလည်း ဒုက္ခလိုက်ပေးနိုင်တယ်၊

ဒီတော့ လူနာလည်း အန္တရာယ်ကင်းအောင် သူ့ကို အုပ်ချုပ်တဲ့ သူဆီသွားပြီး ပြန်ခေါ်ဖို့ တောင်းပန်ရမယ်။

"သူ့ကို အုပ်ချုပ်တာ ဘယ်သူပါလဲ ဆရာကြီး"

သချိုင်းတွေကို အပိုင်စားရလို့ အုပ်ချုပ်နေတဲ့ မဖဲဝါလေ ... သူ့ရဲ့သချိုင်းကနေပြီး လူတွေကို လိုက်ပါဒုက္ခပေးနေတဲ့ အကြောင်း မဖဲဝါကို တိုင်ရမှာပေါ့"

"သူ ဆုံးမပြီး ပြန်ခေါ်လိမ့်မယ်"

"ကိုယ်တွေ ဘာမှလုပ်စရာ မလိုဘူး၊ သူ့ဟာနဲ့သူ ပြီးသွားလိမ့်မယ်၊ ဦးစိုးဝင်းကို ဒီနေ့ ဘာဟင်းချက်ကျွေးထားလဲ"

"မနက်က အမဲသား ဝယ်ပြီး ချက်ကျွေးထားတယ်၊ တစ်ဝက် ညစာ ချန်ထားတယ်"

"အဲဒီ အမဲကာလီစာဖြစ်ဖြစ်၊ အမဲသားပဲဖြစ်ဖြစ် အညှီနေပိုင်း ဝယ်ချက်ပေးနိုင်မလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ရအောင် ဝယ်ချက်ပေးပါ့မယ် ... ဟဲ့ အေးအေးညွန့် နင့်ပမီးကို ဈေးလွှတ်လိုက်၊ ညနေသုံးနာရီဆို ဈေးပြန်ပွင့်ပြီ"

"ဟုတ်ကဲ့ ... သမီး သွားလိုက်မယ်ဘဘ"

ဆရာက သူဝယ်စေချင်သော အလေးချိန်ကို သေချာစွာ မှာကြားလိုက်သည်။

"အမဲသားနဲ့ ကလီစာနှစ်မျိုးပေါင်း ငါးဆယ်သားဝယ် ထမင်းကို နို့ဆီဗူးနှစ်လုံးချက်"

ထို့နောက် ဦးအောင်တင်အပါအဝင် ဒေါ်အေးအေးညွန့်တို့အား

"ညရှစ်နာရီကျော်ရင် ဦးအောင်တင်ရယ်၊ ကျုပ်ရယ်၊ နတ်ဝင်သ ◌စ်ယောက်ရယ် သင်္ချိုင်းထဲ သွားကြမယ်"

"နတ်ဝင်သည်ကို အကျိုးအကြောင်း ပြောပြထား၊ ဦးအောင်တင် လိုက်ရဲတယ် မဟုတ်လား"

"ဟာ ... ဆရာပါနေမှပဲ လိုက်ရဲတာပေါ့"

"တင်းချက်ရင် ဒီအိမ်မှာ မချက်နဲ့"

"ဟုတ်ကဲ့၊ ခြေရင်းက မခင်စိန်တို့အိမ်မှာ သွားချက်လိုက်ပါ့မယ်"

အားလုံး စီစဉ်ပြီး ညရှစ်နာရီရောက်တော့ ဆရာထက်အောင်ရှိန်း ဦးဆောင်ပြီး သင်္ချိုင်းသို့ သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သချိုင်းအတွင်းရောက်တော့ ဆရာက ပါလာသော ထမင်း၊ အမဲသားဟင်းလျာများနှင့် ရေ၊ ဆေးလိပ်တို့ကို ဂူတစ်လုံးပေါ် တင်လိုက်သည်။

နတ်ဝင်သည်အား ဂူဘေး၌ ဒူးထောက်ထိုင်နေစေသည်။

ဆရာ၏ အောင်မြင်သောအသံနှင့် ...

"သချိုင်းအပေါင်း အစိုးရပါသော သချိုင်းတို့ရဲ့အရှင် အမေ မဖဲဝါ ရောက်ရာအရပ် ရှိသည့်နေရာမှ ဤနေရာသို့ အရောက်လာပြီး စားသောက်ဖွယ်ရာများကို သုံးဆောင်ပါ"

"အမေ မဖဲဝါ ကြွရောက်စားသုံးပါ"

ဆရာစကားဆုံးသည်နှင့် နတ်ဝင်သည်က တုန်တုန်ရီရီဖြစ်ကာ ဂူပေါ်ခုန်တက်ပြီး ...

"ငါလာပြီဟေ့"

"ကောင်းတယ် ... ငါစားမယ်"

ထမင်းနှင့်ဟင်းတို့ကို အားပါးတရစားသောက်သည်။

ထိုအချိန်မှာ နတ်ဝင်သည်၏မျက်နှာက ခက်ထန်မာကြော နေသည်။

ပလုပ်ပလောင်းစားရင်း ကုန်ကာနီးသောအခါ ...

"ကဲ ... ပြောစမ်း၊ ငါစားရင်း နားထောင်မယ်၊ ဘာကိစ္စနဲ့



www.burmeseclassic.com

www.burmeseclassic.com



လာကြတာလဲ”

“ဒီ ့ပါ၊ အမေရဲ့ပိုင်နက်ထဲက သရဲတစ်ကောင်၊ ဒီရွာသား ဦးစိုးဝင်းခန္ဓာကိုယ်မှာ ဝင်ရောက်ပူးကပ်နေပြီး လူကို ဒုက္ခပေးနေတဲ့ အကြောင်း အမေ့ကို လာတိုင်ရတာပါ”

“အမေ ပြန်ခေါ်ပြီး ဆုံးမပေးပါ”

“ဒီကိစ္စကို ငါ မသိလိုက်ဘူး ... ငါလည်း ဟိုသချိုင်းသွား ဒီသချိုင်းလာနဲ့ ... ငါမရှိတုန်း ဒီကောင် ခိုကပ်ပါသွားတာ”

“နေစမ်း ... ငါ့ကြည့်စမ်းမယ်”

“အံမယ် ... ဟိုသစ်ပင်မှာ နေခိုင်းထားတဲ့ သရဲဂုတ်ပုပ်လား၊ သိင်္ဂါတင့်ရဲနေတယ်ပေါ့”

“တောက်”

တောက်ခေါက်သံကြီး ကျယ်လောင်စွာ မဖဲဝါ ဝင်ပူးထားသော နတ်ဝင်သည်ပါးစပ်မှ ထွက်လာသည်။

ရေဖလားခွက်ထဲမှရေကို အမေမဖဲဝါ မော့သောက်လိုက်ပြီး ဆရာထက်အောင်ရှိုင်းအား ဖလားကို ကမ်းပေးလိုက်သည်။

“ရော့ ... ဒီရေခွက်ထဲက ရေလက်ကျန်ကို အဲဒီလူမမာကို တိုက်လိုက်၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့သောက်ခိုင်းတဲ့ရေကို သူမငြင်းဆန်ဝံ့ဘဲ သောက်လိမ့်မယ်။ အဲဒီ ဒီကောင် လူမမာဆီမှာ ခိုကပ်မနေဝံ့တော့ဘဲ ခွာပေးလိမ့်မယ်”

“ကဲ ‥ ကဲ၊ မင်းတို့လည်း တာဝန်ကျေသလို ငါ့ဘက်ကလည်း တာဝန်ကျေရမယ်။ ဒီကောင် ပြန်ရောက်မှ ငါဆုံးမမယ်”

“နေကြဦး … ငါ မှာစရာရှိသေးတယ်”

“မင်းတို့ရဲ့ လူနာကလည်း တယ်ပြီး အကုသိုလ်များတဲ့ကောင်၊ လူမှန်းသိကတည်းက အကုသိုလ်အလုပ်ကို တစိုက်မတ်မတ် လုပ်လာတဲ့ကောင်၊

အသက်ရှည်ရှည် နေချင်သေးရင် တံငါအလုပ်ကို စွန့်လို့ပြော … ငါမှာလိုက်တယ်လို့ပြော၊

တံငါအလုပ်ကို ဆက်လုပ်ဦးမယ်ဆိုရင် သူ့အတွက် ငါ့သင်္ချိုင်းမှာ သစ်ပင်တစ်ပင် ချန်ထားပေးမယ်လို့ ပြောလိုက်”

“ကဲ … ငါသွားမယ်”

အမေမဖဲဝါက သွားတော့မည်ပြင်ပြီးမှ … ဆုံးမစကားပြောလိုက်သေးသည်။ ပြီးနောက် နတ်ဝင်သည်ခန္ဓာကိုယ်မှ ထွက်သွားသည်။

မကြာခင်အားလုံး အိမ်သို့ ပြန်လာခဲ့ကြသည်။

ထိုအချိန် အိမ်ပေါ်မှာ ဦးစိုးဝင်းကို ပူးကပ်နေသော သရဲ

www.burmeseclassic.com

www.burmeseclassic.com



ဂုတ်ပုက ထမင်းကျန် ဟင်းကျန်တို့ကို တောင်းစားနေချိန်ဖြစ်သည်။

အိမ်ပေါ်ရောက်လာသောဆရာက

"ကဲ ... ထမင်းမြန်မြန်စားလိုက်"

"မင်းတို့က ဘယ်သူတွေလဲ"

"ငါတို့ မင်းဆီလာခဲ့တာ"

"မင်း ... စားလို့ ပြီးလား"

"စားပြီးပြီ ... ငါ အိပ်မလို့ ငါ့ကို လာမနှောင့်ယှက်နဲ့"

"မအိပ်ခင် ... ထမင်းစားပြီးပြီဆိုတော့ ရေသောက်ရဦးမှာပေါ့ ... ငါ မင်းကို ရေတိုက်မလို့"

"ငါ ... အစာစားပြီးရင် ... ဘယ်တော့မှ ရေမသောက်ဘူး"

"အခု သောက်ရမယ် ... မသောက်လို့မရဘူး"

"မသောက်ဘူးကွ"

ဆရာထက်အောင်ရှိန်းက အသေအချာ ပြန်ယူလာသော ဒန်ဖလားကို ရှေ့ကို ချလိုက်သည်။

ဦးစိုးဝင်းက ဖလားကို စိုက်ကြည့်ပြီး မျက်နှာတစ်ချက် ပျက်သွားသည်။

"ဘယ်ကရေလဲ"

"မင်းရဲ့ သခင်မကြီးပေးလိုက်တဲ့ရေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ဟုတ်တယ်၊ မင်းတို့ရဲ့ သခင်မ မဖဲဝါက တိုက်ခိုင်းလိုက်တာ၊ ရှေ့ အခုသောက် ... မဖဲဝါက မသောက်လို့ မရဘူးတဲ့ ... ရှေ့"

မဖဲဝါဆိုသည်နှင့် မျက်နှာသေသွားကာ ရေခွက်ကို လှမ်းယူပြီး သောက်လိုက်ပါတော့သည်။

ဝေါ့ ... ဝေါ့

အသင့်ဆောင်ယူလာသော လင်ဗန်းကို ဦးစိုးဝင်း၏ မျက်နှာအောက်သို့ အသင့်ထိုးခံလိုက်သည်။

"ဝေါ့"

လင်ဗန်းအတွင်းသို့ အံချလိုက်ပါတော့သည်။

အစာများထဲတွင် လက်သန်းအရွယ် ပုတ်သင်ညိုပေါက်လေး တစ်ကောင်ပါလာသည်ကို တွေ့လိုက်တော့သည်။

"ဒီကောင် ... ကိုစိုးဝင်း ဂူပေါ်လဲအကျ နာလို့ ပါးစပ်က အော်လိုက်တဲ့အချိန် ဂူပေါ်မှာ ကပ်နေတဲ့ ပုတ်သင်ညိုအကောင်ပေါက်လေးကို ပူးကပ်ပြီး ပါးစပ်ထဲ ခိုဝင်လို့ ကပ်စားနေတာ"

"ကဲ ... မင်းတို့ရဲ့သခင်မ မဖဲဝါအမိန့်နဲ့ ... သင်ခနေခဲ့တဲ့ အပင်ဆီ အမြန်ပြန်ခဲ့ပါတဲ့ ... ဟိုမှာ မဖဲဝါခေါ်နေတယ်"

www.burmeseclassic.com



"အမြန်ပြန်တော့"

ဆရာက ထိုသို့ပြောလိုက်သည်နှင့် ဦးစိုးဝင်းလည်း သတိမေ့သကဲ့သို့ လဲကျသွားသည်။

"ဦးအောင်တင် သောက်ရေသန့်သန့်တစ်ခွက် တောင်းပေးပါ"

ရေခွက်ရောက်လာသည်နှင့် ဆရာထက်အောင်ရှိုင်းလည်း ဘုရားစင်ရှေ့ မျက်နှာပြုပြီး ဘုရားအာရုံပြုကာ ရေကို မန်းမှုတ်နေသည်။ ပြီးနောက် ရေဖြင့် တောက်လိုက်သည်။ မကြာခင်မှာ ဦးစိုးဝင်းအကောင်းပကတိ ထထိုင်တော့သည်။

"ဟာ ... ကိုစိုးဝင်း နေကောင်းသွားပြီ"

ဒေါ်အေးအေးညွန့်၏ နှာခေါင်းသံပါသော အသံညည်ကြီးက အားလုံးအသံများကို ဖုံးလွှမ်းသွားတော့သည်။

ထို့နောက် ဦးစိုးဝင်းလည်း အမေမဖဲဝါ မှာလိုက်သည့်အတိုင်း အသိတရားများရကာ တံငါအလုပ်ကို ရာသက်ပန် စွန့်ပစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ကွင်းပိုင်ကြီးနဲ့ လိပ်ပြာလှသူ

အပျိုကြီးဒေါ်မြိုင်တစ်ယောက် ဘယ်သူနှင့်မှ စကားမပြောဘဲ တစ်နေ့လုံး တမှိုင်မှိုင်ဖြစ်နေသည်။

မိသားစုခြောက်ယောက်ရှိသော ဒေါ်မြိုင်တို့အိမ်တွင် ဒေါ်မြိုင်က အသက်ငါးဆယ်ဖြစ်သည်။

ဒေါ်မြိုင်အစ်မ ဒေါ်ခင်အေးက အသက်ငါးဆယ့်လေးနှစ်ရှိကာ အိမ်ထောင်ရှိသည်။

ခင်ပွန်းသည် ဦးမြိုးနှင့် သားသမီးသုံးယောက်ရှိသည်။ အားလုံး အိမ်ထောင်ကျကုန်ပြီ။ အလတ်မနှင့် ခင်ပွန်းသည်ကလွဲပြီး အားလုံး အိမ်ခွဲနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အလတ်မအမည်က မအေးကျင်၊ အသက်က သုံးဆယ့်ခြောက်နှစ်ရှိပြီး၊ ဆယ့်ခြောက်နှစ်အရွယ် သားတစ်ယောက်သာ ထွန်းကားခဲ့သည်။ သူတို့မိသားစုက အိမ်ခွဲမနေဘဲ၊ မိဘလယ်ယာကို တာဝန်ယူ လုပ်ကိုင်ပေးနေသည်။

မိုးကျသည်နှင့် လယ်သမားများ၊ လယ်လုပ်ခွင်ဝင်ရန် လယ်ကွင်းမှာ ဆောက်ထားသော တဲများသို့ ပြောင်းရွှေ့နေထိုင်ပြီး လယ်လုပ်ခွင် ဝင်ကြသည်။ စပါးများစိုက်ပြီး၍ မကြာခင်ရိတ်သိမ်းရတော့မည်။

ယခုလည်း ဦးမြမိုးနှင့် သမီးမအေးကျင်တို့လင်မယား လယ်ကွင်းအတွင်းရှိ တဲသို့ စပါးစိုက်ချိန်ကတည်းက ပြောင်းနေကြသည်။

အိမ်တွင် ဒေါ်မြိုင်နှင့် အစ်မဒေါ်ခင်အေး၊ မြေးဖြစ်သူ ငစိုးတစ်ယောက်သာ ကျန်ခဲ့သည်။

ဒေါ်မြိုင်တစ်ယောက် တစ်နေ့လုံး မေးမရ၊ ခေါ်မရ စကားမပြောဘဲ မှိုင်တွေနေသဖြင့် ဒေါ်ခင်အေးက ညီမဖြစ်သူ အပြင်သွားရင်းလာရင်း တစ္ဆေသရဲများ၊ ပူးကပ်လိုက်ပါလာသည်လားဟု ဝေခွဲမရ ဖြစ်နေသည်။

"ဟဲ့ ... ငစိုး"

"ဗျာ ... အဖွား"



www.burmeseclassic.com

www.burmeseclassic.com



အိမ်နောက်ဘက်သို့ ငစိုးအား လက်တို့ခေါ်ပြီး ရွာထဲမှ ဦးသာဒွန်းကို အခေါ်လွှတ်လိုက်သည်။

ဦးသာဒွန်းက အသက်လေးဆယ့်ခြောက်နှစ်သာ ရှိသေးသည်။ ဟိုးစပ်စပ် သည်စပ်စပ် နေရာတကာပါသူလည်း ဖြစ်သည်။

ကလေးမာတြာလည်း ကုတတ်သည်။ လောကီကိစ္စပညာလည်း မတောက်တစ်ခေါက် တတ်သည်။

အသေးအမွှားကိစ္စတို့ဆိုလျှင် ဦးသာဒွန်းနှင့်သာ ပြီးသည်။

ယခု ဒေါ်ခင်အေးက ဒေါ်မြိုင်၏ အနေအထိုင် အပြောအဆို အပြုအမူကို မသင်္ကာသဖြင့် မြေးဖြစ်သူကို ဦးသာဒွန်းအား အခေါ်ခိုင်းလိုက်ခြင်းဖြစ်သည်။

မကြာခင် ငစိုးနှင့်အတူ ဦးသာဒွန်း ရောက်လာသည်။

ဦးသာဒွန်းအား ငစိုးက ဒေါ်မြိုင်၏ အပြုအမူ အနေအထိုင်ကို မသင်္ကာ၍ လိုက်ကြည့်ပေးပါဟု ပြောပြီး ခေါ်လာသည့်အတွက် ရောက်ရောက်ခြင်း ဘုရားစင်ရှေ့သွားပြီး ဘုရားရှိခိုးလိုက်သည်။

"ကဲ ... ဒီက ဒေါ်မြိုင်ရဲ့ ခန္ဓာကိုယ်မှာ ဘယ်ပုဂ္ဂိုလ်က ဝင်ရောက်ပြီး ပူးကပ်နေတာလဲ၊ အခုချက်ခြင်း ပြောပြပါ။ ဘာလိုချင်တာလဲ၊ ဘာဖြစ်ချင်တာလဲ၊ ဘယ်သူ့ကို မကျေနပ်လို့လဲ"

ဒေါ်မြိုင်က ဘာမှ မပြော။



www.burmeseclassic.com

www.burmeseclassic.com



ဦးသာဒွန်းမျက်နှာကိုသာ စိုက်ကြည့်နေသည်။ ပါးစပ်က ဘာမှ မပြော။

"ဘယ်သူလဲလို့ မေးနေတာ မပြောဘူးလား"

တစ်ခွန်းမေးသည်၊ ဒေါ်မြိုင် ပြန်မဖြေ။

နှစ်ခွန်းမေးသည် မဖြေ။

သုံးခွန်းတိုင် မဖြေသောအခါ ဦးသာဒွန်း ကျွဲမြီးတိုလာသည်။ ဒေါသထွက်လာသည်။ သူ့ကို စမ်းနေသည်ဟု ထင်သွားသည်။

သည်းမခံနိုင်တော့၊ ထို့ကြောင့် ဒေါ်မြိုင်အား

"ကဲ ... ဒီလောက် မေးလို့မရတာ"

ထွိ ...

ထွိ ...

ဒေါ်မြိုင်၏မျက်နှာကို တံတွေးများနှင့် လှမ်းထွေးလိုက်သည်။

ထိုအခါ ဒေါ်မြိုင်မျက်နှာ တင်းသွားပြီး၊ မျက်မှောင်ကြုတ်လိုက်သည်။

ဟား ... ဟား ... ဟား

ဒေါ်မြိုင်ပါးစပ်မှ ယောကျ်ားအသံကြီးနှင့် ကျယ်လောင်စွာ အော်ရယ်ပါတော့သည်။

ဟား ... ဟား ... ဟား

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာကောင်မို့၊ ငါ့မျက်နှာကို တံတွေးနဲ့ ထွေးရတာလဲ၊

ငါ့ကို ဘယ်သူမှတ်လဲ၊

ငါက … ဒီနယ်တဝိုက်ကို ပိုင်တဲ့ ကွင်းပိုင်ကြီးပဲ၊ မင်းလို မလောက်လေး မလောက်စားကောင်က ငါ့မျက်နှာကို တံတွေးနဲ့ ထွေးဝံ့တယ်"

"မ … မသိလို့ပါအဘိုး"

"ဒီရွာက ဘုရားဒကာ၊ ကျောင်းဒကာ ဖိုးချင်းတို့တောင် အချိန်တန်ရင် ရိုရိုသေသေ ငါ့ကို ပသတင်မြှောက်ကြတယ်"

"မင်းက ငါ့ကို တံတွေးနဲ့ ထွေးဝံ့တယ်။ မင်း ဒီနေ့က စပြီး ခုနစ်ရက်အတွင်း အသက်နဲ့ကိုယ် ဖက်နဲ့ထုပ်ထား"

"သား … အဘိုးမှန်း မသိလို့ပါ … ခွင့်လွှတ်ပါအဘိုး"

"မင်းကိုမင်း ဆရာမှတ်နေလား"

"ရှိသေရမှန်း လေးစားရမှန်းမသိ၊ အခု မမြိုင်က မင်းနဲ့ အသက်အရွယ် အတူတူပဲလား။ တံတွေးနဲ့ ထွေးသင့်လား"

"မှား … မှားပါပြီ အဘိုး"

"အေး … မမြိုင်က လိပ်ပြာလှလို့ သူ့ဆီလာခဲ့တာ၊ အချိန်တန် မမြိုင်က ငါ့လက်အောက် ရောက်လာမှာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့အားလုံး မမြိုင်ကိုလည်း မလေးမစား မလုပ်ရဘူး၊ အရေးကိစ္စရှိရင် မမြိုင်ကိုမေး၊ ဒို့ကိုယ်စား မမြိုင် ပြောလိမ့်မယ်"

"သားတို့ မှတ်ထားပါ့မယ် ... အခု သားရဲ့အပြစ်ကို ခွင့်လွှတ်ပါအဘိုး ... သားမှားပါတယ်"

ဟား ... ဟား ... ဟား

"ဒါက ခွင့်လွှတ်တယ်ထား၊ ဒို့အောက်မှာ တပည့်လက်သားတွေ အများကြီး၊ ဒါက ခွင့်လွှတ်ရင်တောင် သူတို့က ခွင့်လွှတ်မှာ မဟုတ်ဘူး၊

အခု မင်းမှတ်ထားရမှာက ခုနစ်ရက်အတွင်း ဒို့ကို စော်ကားခဲ့တဲ့ အပြစ်ဒဏ် မင်းပြန်ခံရမယ်"

ထိုသို့ပြောပြီး ဒေါ်မြိုင်၏ ခန္ဓာကိုယ်မှ ကွင်းပိုင်ကြီး ပြန်ထွက်ခွာသွားပါတော့သည်။

ဦးသာဒွန်းလည်း ခြေပစ်လက်ပစ် ကျသွားသည်။

ခုနစ်ရက်အတွင်း အိမ်ထဲမှ အိမ်ပြင် မထွက်ဘဲနေရင်တောင် မည်ကဲ့သို့ ပြစ်ဒဏ်ချမည်မသိ။

သို့ကြောင့် အိမ်သို့ စိတ်လက်ဆင်းရဲစွာ ပြန်လာခဲ့သည်။

အိမ်ရောက်တော့ ဇနီးနှင့်သားသမီးများကို ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး ဦးသာဒွန်းအတွက် အစိုးရိမ်ပိုသွားကြသည်။

"ဒီအတိုင်းဆို ဒီတစ်ပတ်အတွင်း လယ်ထဲ မဆင်းနဲ့တော့"

"ဟာ စပါးရိတ်ချိန် ရောက်နေပြီ၊ ငါမဆင်းလို့ ဘယ်သူဆင်းမှာလဲ"

"တော့အစား လူငှားထည့်လိုက်လို့ ရတာပဲ ... သားတစ်ယောက်လုံး ရှိနေတာ၊ စိတ်ပူနေစရာ မလိုပါဘူး"

ထို့နောက် ဦးသာဒွန်းလည်း လယ်ကွင်းထဲ မဆင်းတော့ဘဲ အိမ်မှာပင် အောင်းနေလိုက်သည်။

ထိုကိစ္စဖြစ်ပြီး တစ်ပတ်တိတိ ကြာခဲ့ပြီ။ ထိုနေ့က ဦးသာဒွန်း လယ်တောကက လယ်ကွက်တွင် စပါးများ ရင့်မှည့်ပြီဖြစ်၍ အမျိုးသားများရော၊ အမျိုးသမီးများပါ နေ့စားခယူ၍ စပါးရိတ်သိမ်းနေကြသည်။

ဦးသာဒွန်း လယ်ရိတ်ရန် စပါးများရင့်မှည့်နေသော်လည်း နေ့စားခပေး၍ ငှားထားသည့် စပါးရိတ်မည့်သူများ ပေးထားသော ရက်ချိန်းက နှစ်ရက်လိုသေးသည့်အတွက် မရိတ်သိမ်းရသေးပေ။

သို့ကြောင့် ကွင်းပိုင်ကြီးပြောထားသည့် တစ်ပတ်အတွင်း လယ်ကွက်အတွင်းသို့ မည်သူမျှ ရောက်မလာ။

သို့သော် ဦးသာဒွန်း၏လယ်ကွက်နှင့် ကပ်လျက်ရှိ စပါးခင်းက



www.burmeseclassic.com

www.burmeseclassic.com



ရိုတ်သိမ်းနေပေပြီ။

"ဟာ ... ဟိုမှာ ပိုးထိလို့တဲ့"

စပါးရိတ်နေသော အမျိုးသားတစ်ယောက် ပိုးထိသည်ဆိုပြီး လဲသွားသည်။

"ပိုးထိတာ ဘာကောင်လဲ"

"မြွေပွေးကြီး လက်မောင်းလောက်ရှိတယ်"

"ဆေးရုံတင်မှ ဖြစ်မယ်၊ အဲဒီမြွေပွေးကို ရအောင်ဖမ်း"

"မြွေက အခုရှာလို့ မတွေ့တော့ဘူး။ ဒီလူအော်သံ ကြားတာနဲ့ လှည့်ကြည့်လိုက်တော့ မြွေပွေးတစ်ကောင်ကို မြင်လိုက်တယ်"

"ကဲ ... ခြေထောက်ကိုလည်း တတ်သမျှ လုပ်ပေးပြီး သွားပြီ၊ စောင်နဲ့ ပုခက်လည်း ရောက်လာပြီ၊ ဆေးရုံကို သွားမလား၊ ရွာကိုသွားမလား"

"တစ်ယောက်က ရွာကို သတင်းသွားပို့၊ ဒီကထမ်းပြီး ဆေးရုံပို့နှင့်မယ်"

ထိုအချိန် ဒေါ်မြိုင်၏ အိမ်တွင် လူကြီးနှစ်ယောက် သုံးယောက်ခန့် စကား ထိုင်ပြောနေကြသည်။

ရုတ်တရက် ဒေါ်မြိုင်ပါးစပ်မှ မထင်မှတ်သောအသံ ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"ဟာ ... မှားသွားပြီ ... မှားသွားပြီ၊

မင်းတို့ကွာ၊ သာဒွန်းမှတ်ပြီး သွားလုပ်တာ၊ သာဒွန်းမဟုတ်ဘူး ဖြစ်သွားတယ်"

ဒေါ်မြိုင် ပြောလိုက်သောစကားကြောင့် အိမ်လည်လာသူ ဦးကောင်းစံနှင့် ဦးလှတို့ မျက်လုံးပြူးသွားသည်။

"ဒီကောင် လယ်ထဲမှာ စပါးရိတ်နေတယ်ဆိုပြီး ငါ့တပည့် တစ်ကောင်က မြွေအဖြစ် ဖန်ဆင်းလို့ ကိုက်လိုက်တာ မှားသွားပြီ၊ သာဒွန်းက အိမ်ပေါ်က အိမ်အောက်တောင် မဆင်းသေးဘူး"

ထိုအချိန် လယ်ကွင်းမှ လူတစ်ချို့ ဒေါ်မြိုင်အိမ်သို့ အမော တကော ရောက်လာကြသည်။

"ဘာလဲ ဘာပြောမလို့လဲ"

"အညာက စပါးလာရိတ်တဲ့ အဖွဲ့ထဲက ကိုသာဒွန်းဆိုတဲ့ လူတစ်ယောက် ပိုးထိသွားလို့ လူနာကိုတော့ ဆေးရုံပို့မလို့ သယ်သွားပါပြီ ...

အသက်အန္တရာယ် မကျရောက်အောင် ကွင်းပိုင်ကြီးကို တောင်းပန်ခိုင်းချင်လို့ ဒေါ်လေးဆီ လာခဲ့တာပါ"

"အေး ... သာဒွန်းတော့ သာဒွန်းပဲ ... ငါ့ကောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြည့်ပြီး လူမှားလုပ်လိုက်တာ၊

သွား ... သွားကြ ... ဆေးရုံရောက်အောင်သာ ပို့လိုက်ကြ အသက်မသေပေမယ့် ခြေထောက်အောက်ပိုင်းတော့ ဖြတ်ရလိမ့်မယ်"

"အဘိုး ... ကယ်ပါ၊ အမိုက်အမဲတွေကို ခွင့်လွှတ်ပါ"

"ငါ့တပည့်တွေက သာဒွန်းကို အသေသတ်တာ"

"သာဒွန်းအစစ်က လယ်ထဲမရောက်ဘဲ၊ တခြားသာဒွန်းက လယ်ထဲရောက်သွားတာကိုး၊

ငို့မျက်နှာ တံတွေးနဲ့ထွေးတဲ့အကောင် ကံကတော့ အတော်ဖလ ကောင်းနေသားပဲ၊

ကဲ မင်းတို့ စိတ်မပူကြနဲ့၊ လူမှားမှန်း သိလိုက်ကတည်းက အဆိပ်မတက်အောင် ငါလုပ်ထားတယ်၊ အဆိပ်က ခြေထောက်မှာ စုနေတဲ့အတွက် ခြေထောက်တော့ ဖြတ်ရလိမ့်မယ်၊

ဆေးရုံလိုက်သွားကြ၊ ဒီထက်တော့ ငါ မကောင်းနိုင်ဘူး"

ထိုမျှသာပြောပြီး ကွင်းပိုင်ကြီး ထွက်သွားတော့သည်။

ထိုအကြောင်းကို ဦးသာဒွန်းကြားတော့ နေစရာမရှိအောင် ကြောက်လန့်နေသည်။

သို့ကြောင့် အိမ်ပေါ်က အိမ်အောက်ပင် မဆင်းတော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



အငြိမ့်သား အနားရနေတော့သည်။

ကွင်းပိုင်ကြီးက ခွင့်လွှတ်သည့်တိုင် နောက်လိုက်နောက်ပါများက ခွင့်မလွှတ်၊ တကယ်လုပ်မှန်းသိတော့ ဇနီးနှင့်သားသမီးများက လယ်အလုပ်၊ ကိုင်းအလုပ် ဘာမှ မခိုင်းတော့ပေ။

သို့ဖြင့် ရက်မှသည် လ၊ လမှသည် ရာသီတွေ ပြောင်းခဲ့သည်။

စပါးသိမ်း၊ ကိုင်းစိုက်၊ ကိုင်းသိမ်း၊ လယ်သမား ယာသမားများ အလုပ်ခွင် နေ့စဉ်ဝင်နေကြသည်။

လယ်အလုပ် မလုပ်ချင်သူများက သူတို့ရွာ အနောက်ရှိ အင်းမှာ နေ့စားဝင်လုပ်ကြသည်။

အင်းရာသီ သိမ်းနေပြီ၊ နောက်နှစ်အင်းရာသီ မစခင် အင်းအစွန်အဖျားများတွင် ရွာသူရွာသားတို့ တပိုင်တနိုင် ငါးဆင်းရှာကြသည်။

ရေခမ်းစပြုနေသည့် အိုင်သေးသေးလေးများ ရေမြောင်းလေးများတွင် နုံးထိုးငါးများကို ရှာကြသည်။

အချိန်တွေ ကြာသွားပြီဖြစ်၍ ဦးသာဒွန်းလည်း ဤအချိန်ဤရက်လောက်ဆိုလျှင် ကွင်းပိုင်အဘိုး စိတ်ပြေလောက်ပြီဟု ထင်မိလိုက်သည်။

မိသားစုများလည်း အစိုးရိမ်ပြေသွားကြပြီး အရေးတယူ



www.burmeseclassic.com

www.burmeseclassic.com



မရှိကြတော့။

ထို့ကြောင့် ဦးသာဒွန်းလည်း အိမ်နီးချင်း သံချောင်း၊ လှဖေတို့ကို အဖော်စပ်၍ အင်းကြီးအစပ်ရှိ ကိုင်းတောကြားက ရေမြောင်းလေးမှာ ငါးပက်ရန် ထွက်ခဲ့ကြသည်။

အင်းက ငါးရှာပြီးပေမင့် ရေမခပ်သေးသော ရေမြောင်းများတွင် နီးထဲတိုးဝင်ပြီးနေသော ငါးများကို ကံကောင်းလျှင် နှစ်ပိဿာ၊ သုံးပိဿာခန့်ပင် ရနိုင်သည်။

သို့ကြောင့် ရေပက်ပြီး ငါးဖမ်းရန် ခန္ဓဲ၊ ပေါက်တူး၊ ရေပုံးတို့နှင့် ကိရိယာအပြည့်အစုံယူကာ ထွက်လာကြသည်။

ယ်ဒါရီခန့်မှစပြီး မြောင်းကို တာဖို့ကာ ခန္ဓဲစင်ထိုးပြီး ခန္ဓဲနှင့် ရေပက်ကြသည်။

တစ်ယောက်တစ်လှည့်စီ ခန္ဓဲထိုးကြသည်။

ဦးသာဒွန်းက အသက်စကား ပြောလာသည်။ လူငယ်တွေလို ခန္ဓဲပက်အားမရှိတော့။

ရပ်လျက် ခဏသာ ခန္ဓဲထိုးပက်နိုင်သည်။

ထို့ကြောင့် မြေကြီးပေါ် ဒူးနှစ်ချောင်းထောက်ထိုင်ကာ ခန္ဓဲကို တွန်းတွန်းပြီး ထိုးပက်နေသည်။

သံချောင်းက ဦးသာဒွန်းနောက်မှနေ၍ ပေါက်တူးလက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ရေစီးကောင်းအောင် ရွှံ့နွံများကို ယက်တင်နေသည်။

ခနွဲကို ဦးသာဒွန်းက တစ်ချက်ချင်း ထိုးပြီး ရေပက်နေစဉ် ရေမျက်နှာပြင်က လှုပ်ခတ်နေသည်။

ဒူးထောက်ထားသော ဦးသာဒွန်း၏ဖနောင့်တစ်ဖက်က ခနွဲ ပက်လိုက်၊ ရေကလှုပ်လိုက်၊ ဖနောင့်သားက ရေမှာပေါ်လိုက်၊ မြုပ်လိုက်ဖြစ်နေသည်။

ထိုအချိန်နောက်မှာ ရေမြောင်းယက်ဖော်နေသော သံချောင်း၏ မျက်လုံးအမြင်မှာ ငါးရံ့ကြီးတစ်ကောင် ရွှံ့လူးနေသည်ဟု မြင်လိုက် သည်။

သို့ကြောင့် ငါးရံ့ကြီး၊ ရွှံ့မြေအတွင်း ထိုးဝင်မသွားခင် အမိတရ ပေါက်တူးဖြင့် ခုတ်ချလိုက်သည်။

"စွပ်"

"အား"

ဦးသာဒွန်းပါးစပ်မှ သွေးပျက်ဖွယ် အော်သံကြီး ထွက်သွား သည်။

"ဟာ ... ဘာဖြစ်တာလဲ"

နောက်ဘက်မှာ ငါးဖမ်းနေသော လှဖေက ဦးသာဒွန်း၏ အသည်းခိုက်အောင် အော်လိုက်သံကြောင့် အပြေးလာပြီး မေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

သံချောင်းက ပေါက်တူးကို ဆွဲထုတ်လိုက်သည်။

ပေါက်တူးဆွဲဖယ်ရာမှ ဖြာထွက်သွားသော သွေးများကို ကြည့်ပြီး ကြောင်ရပ်နေသည်။

နောက်မှ လှဖေက သတိဝင်လာပြီး ဦးသာခွန်းကို ရေထဲမှ ဆင်းဆွဲ မပြီး ကုန်းပေါ်ဆွဲတင်လိုက်သည်။

ကုန်းပေါ်ရောက်တော့ ပြက်လုလု ဖြစ်နေသော ခြေဖနောင့်သားကို ရေလောင်းချပြီး အပိုပါသော ပုဆိုးကို ဆွဲဆုတ်၍ စည်းချည်လိုက်သည်။

"ကျွန်တော့်မျက်လုံးထဲမှာ ငါးရံ့ကြီးပဲမြင်လို့ အခုလို ပေါက်တူးနဲ့ ခုတ်လိုက်မိတာ"

"မင်း ... မင်း ... ကွာ ... ငါးရံ့ပဲထားပါတော့၊ ဦးသာခွန်းခြေထောက်အနီးမှာရှိတာ သတိထားဦးမှပေါ့"

"ငါ ဘာမှ မပြောတတ်တော့ဘူး၊ ပြောရင် ဆင်ခြေပဲ အောက်မေ့မယ် ... ငါ ငါးရံ့ကြီးပဲ မြင်လိုက်တယ်"

ဦးသာခွန်းက စကားမပြောနိုင်။ နာကျင်၍ စုတ်သတ်နေပြီး ကွင်းပိုင်ကြီးနောက်လိုက်များ လက်ချက်ပဲဟု စိတ်မှာ ထင်နေသည်။

"တော့်ထားဦးသာခွန်း ကျွန်တော်တို့ တစ်ယောက်တစ်လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကျောပိုးပြီး ခေါ်သွားမယ်”

ထိုအချိန် ဒေါ်မြိုင်ကို ကွင်းပိုင်အဘိုး ဝင်စီးပြီး ပြောလာသည်။

“သာဒွန်းတို့ကတော့ ကံကောင်းသွားပြန်ပြီ”

“ဘာဖြစ်လို့လဲ အဘိုး၊ ဦးသာဒွန်းဘာဖြစ်လို့လဲ”

“ဒီကောင့်ခြေထောက်ကို ငါးမှတ်ပြီး ခုတ်လိုက်တာ၊ ခြေထောက်တစ်ချောင်းလုံး မပြတ်ဘဲ ဖနောင့်သားပဲ ပြတ်သွားတယ်၊

အခု၊ ရွာကို ပြန်လာနေကြပြီ၊ ငါမေ့နေလောက်ပြီဆိုပြီး အိမ်ပေါ်က အိမ်အောက်မဆင်းတဲ့အကောင်၊ အိမ်အောက်လည်း ဆင်းရော၊ မှတ်လောက်သားလောက်တော့ ဖြစ်သွားပြီ၊

သွား ဒီကတစ်ယောက် ရွာပြင်ထွက်ပြီး ဆေးရုံကို အမြန်သွားခိုင်းလိုက်၊ သွေးထွက်လွန်သွားရင် အသက်အန္တရာယ်ရှိတယ်”

“သွား သူ့အိမ်ကိုလည်း ပြောလိုက်ဦး”

ဒေါ်ခင်အေးလည်း လူလွှတ်ပြီး ဦးသာဒွန်းမိသားစုထံ သွားပြောခိုင်းလိုက်သည်။

ဦးသာဒွန်းမိသားစုဆွေမျိုးများနှင့် သံချောင်းတို့ ရွာအဝင်မှာ ဆုံကြသည်။

လှည်းတစ်စီး စီစဉ်ပြီး မြို့ဆေးရုံသို့ ပို့ကြသည်။

ဆေးရုံမှာ ဆယ်ရက်ခန့် နေလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေဖနောင့်နောက်ပိုင်း အသားနှင့်အရိုး အနည်းငယ် ပြတ်သွားသဖြင့် လမ်းလျှောက်သည့်အခါ ဂျိုင်းထောက် အကူအညီနှင့် လျှောက်နေရတော့သည်။

ဦးသာဒွန်းလည်း ဆေးရုံမှ ဆင်းပြီးနောက်ပိုင်း လယ်လုပ်ခွင်လည်း မဝင်နိုင်တော့၊ ဂျိုင်းထောက်တစ်ဖက်နှင့်သာ သွားလာရတော့သည်။

ထိုကိစ္စဖြစ်ပြီးနောက်ပိုင်းမှ ရွာအတွင်း သွားရဲလာရဲ ဖြစ်သွားပြီး၊ တိုစပ်စပ် သည်စပ်စပ် နေရာတကာ မပါတော့။

ရွာသူရွာသားတို့ အကြောင်းကိစ္စရှိလျှင် ဒေါ်မြိုင်ကိုသာ မေးစမ်းရတော့သည်။

ကြာတော့ ဒေါ်မြိုင်က ရွာ၏အားကိုးရာ အကြားအမြင်ရသူ တစ်ယောက် သဘောမျိုး ဖြစ်လာသည်။

များသောအားဖြင့် ဒေါ်မြိုင်အား ကွင်းပိုင်ဘိုးဘိုးက ဝင်ရောက်စီးပြီး၊ စိုက်ပျိုးရေးကိစ္စ၊ လယ်ယာကိစ္စ၊ ပိုးမွှားအန္တရာယ်တို့ကို အဓိကထားပြီး ညွှန်ပြပြောကြားသည်။

ထို့ကြောင့် ရပ်ရေး၊ ရွာရေး၊ လူမှုရေး၊ စီးပွားရေးကအစ ဒေါ်မြိုင်ကိုသာ အားကိုးခဲ့ကြသည်။

လယ်သမားများ လယ်ယာအလုပ်ခွင်ဝင်တော့မည်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



ကွင်းပိုင်အဘိုးအား ပူဇော်ပသကြသည်။

ထိုသို့ပသပြီးမှ လယ်ယာအလုပ်ခွင် ဝင်ဝံ့ကြတော့သည်။

လယ်အလုပ်ခွင်ဝင်ပြီး မိုးအကုန် ဆောင်းအရောက်မှာ စပါးများ ရင့်မှည့်၍ ရိတ်သိမ်းတော့မည်ဆိုလျှင် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် ကွင်းပိုင်အဘိုးကို တင်မြှောက်ပသပြီး ဆုတောင်းကြသည်။

ယခု ကျော်ဝင်း၏လယ် စပါးများ ရင့်မှည့်နေပြီ။ စပါးရိတ်သိမ်း ပေးမည့် နေ့စားများကိုလည်း ရိတ်ခပေးထားပြီးပြီ။ နောက်သုံးရက် မှာ သူ့လယ်ကွက် ရိတ်ရက်ပေးထားသည်။

ယနေ့ကျော်ဝင်းဘေးကပ်လျက် လယ်ကွက်မှ ကိုတင်အုံး လည်း သူ၏လယ်မှ စပါးများ ရှင့်မှည့်နေပြီဖြစ်၍ မရိက်ခင် ကွင်းပိုင်ကို တင်မြှောက်ပသနေသည်။

ကွင်းပိုင်တင်ရာသို့ ကျော်ဝင်းရောက်သွားသည်။

ကွင်းပိုင်တင်ရာတွင် အနီးအပါးမှာ ရင်းနှီးသူမည်မျှ ရှိနေပါစေ၊ လာပါဟု မခေါ်ရ။

တစ်ဦးနှင့်တစ်ဦး နားလည်မှုဖြင့် လာလိုက လာနိုင်သည်။

ကွင်းပိုင်ကို တင်မြှောက်ပသပြီးပါက စားစရာနှင့် အချို များကို ရောက်နေသူများ ဝိုင်းဝန်းစားသောက်ကြသည်။

စားသောက်နေစဉ် ဖြတ်သွားဖြတ်လာများကို ခေါ်ကျွေးရ။



www.burmeseclassic.com

www.burmeseclassic.com



ကိုတင်အုံး တင်မြှောက်ပသနေစဥ် စကားမပြောဘဲ ထိုင်ကြည့်နေသည်။

အဘိုးအား တင်မြှောက်ပသ ဆုတောင်းနေပါသည်။ ဆုတောင်းပြီး ခဏနေတော့ ပွဲသိမ်းလိုက်သည်။

အဘိုး၏နောက်လိုက်နောက်ပါများအတွက် ငှက်ပျောဖက်အတွင်းထည့်၍ မနီးမဝေး ကန်သင်းပေါ် သွားတင်ပြီး အဘိုး၏နောက်လိုက်နောက်ပါများ ပျော်ပျော်ပါးပါး သုံးဆောင်ပါရန် ပြောဆိုလိုက်သည်။

အားလုံး သိမ်းဆည်းပြီးသည်နှင့်

ရောက်နေသူအားလုံး စုစုဝေးဝေး စားသောက်ကြသည်။ အရက်နှင့်ကြက်သားဟင်းတို့ဖြင့် ခေါင်းမဖော်တမ်း စားသောက်ကြသည်။

"ကျော်ဝင်း မင်း ဘယ်တော့ ကွင်းပိုင်တင်မြှောက်မှာလဲ"

"စပါးမရိတ်ခင် တင်မြှောက်မှာပေါ့ ကိုတင်အုံးရဲ့၊ ဒီကထုံးစံ မဟုတ်လား။ ကိုယ်က မမေ့မလျော့မှ အန္တရာယ်ကင်းကင်းလုပ်နိုင်မှာ"

"ငါတို့ လယ်ထဲဆင်းတဲ့ရက်မှာ ပသဖို့ မမေ့နဲ့နော်"

"စိတ်ချပါ ကိုတင်အုံးရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီရက်ပိုင်းအတွင်းမှာပဲ ပသမှာပါ"

ထိုကဲ့သို့ ပြောပြီး ... တင်မြှောက်ပသမည်ဟု ကြံစည်တိုင်း လက်ထဲပိုက်ဆံမရှိ ဖြစ်နေသည်။

ဝင်ငွေကလည်း မရှိ။

စပါးရိတ်သောလူများအတွက် ရှိသမျှပိုက်ဆံကို သူများ မခေါ်ခင်၊ ရက်ချိန်းရဖို့ ကြိုတင်ပေးထားရသည်။

ထိုသို့မဟုတ်ပါက မိမိရိတ်သိမ်းရမည့်ရက်၊ လူရှာမရ ဖြစ်တတ်သည်။ ထိုရက်မျိုးက လယ်သမားတိုင်း စပါးရိတ်ကြသည့် အချိန်ဖြစ်သည်။

သို့ကြောင့် ငွေကြိုပေး ရက်ချိန်းယူထားရသည်။

စပါးရိတ်သည့်ရက်သို့ ရောက်သည့်အခါ ကျော်ဝင်းမိသားစု လက်ထဲ ငွေပြတ်နေသည်။

ကွင်းပိုင်ဘိုးဘိုးကြီးကို တောင်းပန်ပြီး မှည့်နေသော စပါး "၃"ကေကို လူရတုန်း ရိတ်လိုက်သည်။

"ဟင် ... ဒီမှာ မြွေကြီး"

ခဏကြာတော့

"ဟာ ကိုကျော်ဝင်းရေ ... လာပါဦး၊ ဒီမှာ မြွေပွေးကြီး"

တစ်နေ့ကို ပိုးကောင် သုံးလေးကောင်ခန့် တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဝင်းတို့ လယ်ရှစ်ဧကရှိသည်။

ကျွန်လယ်ဇီးဧကက စိုက်ရက်နောက်ကျသဖြင့် ရွှေ့သုံးဧကနှင့် ဆယ်ရက်ခန့်ကွာမှ ရိတ်ရမည်။

တစ်ဧကကို လူအားဖြင့် တစ်ရက်နှင့်အပြီး ရိတ်ခြင်းကြောင့် "၃"ဧကကို "၃"ရက်နှင့် ရိတ်ကွက် ပြတ်သွားသည်။

လယ် "၃"ဧကရိတ်ရာတွင် "၃"ရက်အတွင်း မြွေ"၁၀" ကောင်ခန့်တွေ့ပြီး၊ တစ်ကောင်မှ မသတ်ဖြစ်လိုက်၊ တစ်ဦးမှလည်း အကိုက်မခံလိုက်ရ။

ကျော်ဝင်းလည်း ကျန်"၅"ဧ မရိတ်ခင် ကွင်းပိုင်ကိုတင်မှ ဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။

ကျော်ဝင်းရွာထဲသို့ ထွက်ခဲ့သည်။

ဒေါ်မြိုင်အိမ်ရှေ့သို့ ဖြတ်လျှောက်စဉ် ဒေါ်မြိုင်၏ အိမ်ထဲ ဝင်ချင်စိတ် ပေါက်လာသဖြင့် ခြံထဲဝင်ခဲ့သည်။

အိမ်ပေါ်သို့ ကျော်ဝင်းခြေချရုံရှိသေးသည် ခေါင်းရင်းခန်းမှာ ရေနွေးထိုင်သောက်နေသော ဒေါ်မြိုင်၏နှုတ်မှ

"ဘယ့်နှယ်လဲဟေ့ ... မင်းလယ်ရိတ်တာ ... ပိုးကောင် မွှားကောင်တွေ ... တပျော်ကြီးပဲ မတွေ့ဘူးလား"

"ဗျာ ... ဒေါ်လေးမြိုင်က ဘယ်လို သိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ … မင်းရဲ့လယ်ထဲကကတိစွ … မမြိုင်က သိမလား၊ မင်းက စကားကို ဟိုပြော … ဒီပြော … တိုနေ့တင်မယ်၊ ဒီနေ့တင်မယ်နဲ့ … နေ့ရွှေ့ ညရွှေ့လုပ်နေလို့ ငါ ကြိုးလေးတွေ တုတ်ချောင်းလေးတွေချပြီး နည်းနည်းလှန့်လိုက်တာ"

"ဗျာ အဘိုးကွင်းပိုင်ကြီးပါလား၊ ပိုက်ဆံလက်ထဲ ပြတ်နေလို့ ကတိပျက်သလို ဖြစ်သွားပါတယ်။ နောက် လယ်ငါးကော မရိတ်ခင် အရက်ကောင်းကောင်း ကြက်သားဟင်းနဲ့ တင်ပါ့မယ်"

"အေး … မင်းဘက်က ကတိတည်မယ်ဆိုတော့လည်း ငါလာချထားတဲ့ တုတ်လေးတွေ၊ ကြိုးလေးတွေကို ဖယ်ရှားပေးရမှာပေါ့ကွာ"

"အားကိုးပါတယ် အဘိုး"

"အေး နောက်ကို ပေးပြီးတဲ့ကတိကိုတော့ မပျက်စေနဲ့"

ကျော်ဝင်းအား သတိပေးစကားပြောပြီး ဒေါ်မြိုင်ခန္ဓာကိုယ်မှ ထွက်သွားပါသည်။

ကျော်ဝင်းလည်း ဒေါ်မြိုင်အား နှုတ်ဆက်ပြီး ပြန်ခဲ့သည်။

နောက်နှစ်ရက်ရောက်သည်နှင့် ကျော်ဝင်းလည်း ကတိရှိထား သည့်အတိုင်း မိမိရိတ်သိမ်းမည့် စပါးခင်း၏ ထောင့်တွင် စေတိုင် စင်လေးထိုးပြီး ထိုစင်ပေါ်၊ ငှက်ပျောရွက် သန့်သန့်လေးများကို



www.burmeseclassic.com

www.burmeseclassic.com



ခင်းကာ ထမင်းနှင့်ကြက်သားဟင်းတို့ ထည့်လိုက်သည်။ စင်ကို နှစ်ဆင့်ထိုးပြီး လှေကားအသေးလေး နှစ်စင်းကို မြေပြင်မှ အောက် စင်၊ အောက်စင်မှ အပေါ်စင်သို့ လှေကားလေးများ ထောင်ပေး ထားလိုက်သည်။

ဝါးတိုင်အခွလေးများတွင် ကွမ်းယာများကို ထိုးညှပ်လိုက်သည်။ လက်ဖက်ပါ ပြင်ဆင်ချပေးလိုက်သည်။

ပါးစပ်မှ တစ်မြောက်ပသပြီးနောက်၊ စင်ကို ဖျက်ကာ အဘိုး၏ နောက်လိုက်နောက်ပါများကို ကျွေးမွေးပြီးသည်နှင့် တပျော်တပါး ဝိုင်း၍ စားကြသည်။

ထိုနေရာသို့ ကိုတင်အုံးနှင့် စပါးရိတ်နေသော လူငယ်နှစ်ယောက် ရောက်လာပြီး စားသောက်ခဲ့သည်။

စပါး "၅"ကေ ရိတ်သိမ်းသော ရက်များအတွင်း မြွေကင်း စသော အဆိပ်ရှိသည့် ပိုးမွှားတစ်ကောင်မျှပင် မတွေ့ရပါလေ။

ကွင်းပိုင်ဘိုးဘိုးကြီး၏ စောင့်ရှောက်မှု လယ် ၁ဟား၊ ယာသမား တို့၏ ယုံကြည်ကိုးကွယ်မှုတို့ဖြင့် တစ်ဦးနှင့်တစ်ဦး ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အစဉ်အဆက် လက်တွဲခိုင်မြဲလျက် ရှိကြလေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com

# မဖဲဝါနဲ့ ဗိုလ်သံကြိုး

ချွင် ... ချွင်

ချွင် ... ချွင်

"ဟော ... လာပြီ ... သူလာပြီ"

သံကြိုးမြည်သံကို အဝေးကပင် ကြားလိုက်ရသည်။

ဦးဘထွန်းတစ်ယောက် သံကြိုးသံကြားသည်နှင့် အသားများ တဆတ်ဆတ် တုန်လာသည်။

သူလာပြီဆိုလျှင် ဘယ်နေရာမှာပင် ပုန်းပုန်း၊ ပုန်း၍မလွတ်၊ ပုန်းနေရာက စိတ်ညို့၍ ခေါ်သကဲ့သို့ပင် သူရှိရာသို့ ထွက်လာခဲ့ရသည်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘာထွန်းတစ်ယောက် လုံခြုံမည့်နေရာရှာပြီး ပုန်းနေပေမင့်၊ အိမ်ရှေ့က တချွင်ချွင်၊ သံကြိုးသံလာပေးနေသည်နှင့် ဒူးတဆတ်ဆတ်တုန်ကာ ထိုနေရာသို့ ရောက်သွားခဲ့ရသည်။

ချွင် … ချွင်

ဗိုး … ပုန်း … အား

ချွင် … ချွင်

ဗိုး … ပုန်း … အား

အား

လူမမြင်ရသော်လည်း သံကြိုးသံကိုသာ ကြားနေရသည်။

သံကြိုးနှင့်လူကို လွဲလွဲပြီး ရိုက်နေသည်။

အလွန်အမင်း ကျိုးပဲ့စုတ်ပြတ်သတ်အောင်လည်း မရိုက်ပေ။

သံကြိုးတစ္ဆေလည်း လေးငါးဆယ်ချက်ခန့်ရိုက်ပြီး ထိုနေရာက ထွက်သွားသည်။

သံကြိုးသံမြည်အောင် ပြုလုပ်ပြီး သူထွက်သွားကြောင်း သိရန်လုပ်သွားတတ်သည်။

သူထွက်သွားတော့ ဦးဘာထွန်းတစ်ယောက် ဖူးယောင်ပေါက်ပြဲပြီး ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညည်းညည်းညူညူနှင့် ထိုနေရာမှာ ဆယ့်ငါးမိနစ်ခန့် ထိုင်နေပြီးမှ အိမ်ထဲသို့ ဝင်ခဲ့သည်။

ဦးဘထွန်းက မုဆိုးဖို၊ အသက်က ငါးဆယ်ကျော်ပြီ။ သားသမီးလည်းမရှိ၊ မိမိပိုင်လယ်ငါးဧကကို လုပ်ကိုင်လျက် အိမ်မှာ တစ်ယောက်တည်းရှိသည်။

သူ၏ဒဏ်ရာများကို ပြုစုပေးမည့်သူ မရှိ၊ မိမိဒဏ်ရာ မိမိ ကိုယ်တိုင် ပြန်ကုသရသည်။

ဒဏ်ရာက တစ်ပတ်ကျော်သည်နှင့် သက်သာသွားသည်။ နာကျင်သောနေရာများလည်း သက်သာခဲ့ပြီ။

အားလုံး ကင်းကင်းရှင်းရှင်းပျောက်၍ တစ်ပတ်ဆယ်ရက်ခန့် ကြာသည်နှင့်

ချွင် ... ချွင် ... ချွင်

ချွင် ... ချွင်

သံကြိုးပိုင်ရှင်သရဲကြီး ရွာထဲဝင်လာပြန်သည်။

သံကြိုးသံသာ ကြားနေရသည်၊ လူကို မမြင်ရ။

ထိုသံကြိုးပိုင်ရှင်ကို ရွာသားများက သံကြိုးအသံကြားသည်နှင့် ဗိုလ်သံကြိုးလာပြီဟု ဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သံကြိုးအသံ ကြားသည်နှင့် ဦးဘထွန်း ကြောက်ဒူးတုန်နေပြီ၊ ဘ. သိမှလည်း ပြေး၍ မလွတ်နိုင်တော့။

လည်စင်းခံရုံသာ ရှိတော့သည်။

မကြာခင်မှာပင် ခြံရှေ့သို့ ဗိုလ်သံကြိုး ရောက်လာပြီဖြစ်ကြောင်း ဦးဘထွန်း သိလိုက်သည်။

ဦးဘထွန်းလည်း အိမ်ပေါ်မှ တုန်တုန်ချိချိနှင့် ထွက်ခဲ့သည်။

မကြာခင်မှာပင် ဦးဘထွန်းတစ်ယောက်၊

ဗိုလ်သံကြိုး၏ ရိုက်ချက်အောက်မှာ လည်စင်းခံနေရတော့သည်။

ဒိုး ... ဖုန်း ... တာ၊

ဗွီး ... ဖုန်း ... တာ၊

× × × × × × ×

ဦးဘထွန်းနှင့် ဗိုလ်သံကြိုးတို့ စတင်ဆုံတွေ့ပုံက ဤသို့ဖြစ်သည်။

ဦးဘထွန်း ကျောင်းစုရှာက လှည်းမောင်း၍ တစ်ယောက်တည်းပြန်လာစဉ် လမ်းတစ်ဝက်အရောက် နေက ပူလွန်းသဖြင့် နွားများကို အနားပေးရန် လမ်းဘေးက ကုက္ကိုပင်ကြီးအောက် မောင်းဝင်ပြီး၊ လှည်းမဖြုတ်ဘဲ ခဏရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ငါးမိနစ်ခန့် အရှိန်ခိုပြီး အပူအနည်းငယ် သက်သာလာသဖြင့် လှည်းမောင်းထွက်ခဲ့သည်။

သစ်ပင်ကြီးမှ မဝေးသောနေရာအရောက် လှည်းပေါ်မှာ သံကြိုးသံ တချွင်ချွင် ကြားလိုက်သည်။

ဦးဘထွန်းလည်း အသံကြားပြီး အကောင်မမြင်ရသဖြင့် ကြောက်လန့်လာကာ လှည်းကို အမြန်မောင်းခဲ့သည်။

လူလည်းမမြင်ရ၊ အကောင်လည်းမမြင်ရ၊ သံကြိုးသံ တချွင်ချွင်သာ တစ်လမ်းလုံး ကြားနေရသည်။

"ဘာကောင်လည်း မသိဘူး၊ ကုက္ကိုပင်ကြီးအောက်က အထွက်မှာ ကြားရတာဆိုတော့ သစ်ပင်ကြီးမှာနေတဲ့ သရဲတစ်ကောင်ပဲ ဖြစ်မယ်"

တစ်လမ်းလုံး စဉ်းစားရင်း လှည်းကို အမြန်မောင်းခဲ့သည်။

ရွာထဲဝင်တော့လည်း ကြားနေရသည်။

မကြာခင် အိမ်သို့ရောက်ခဲ့သည်။

ခြံထဲဝင်ခဲ့တော့ သံကြိုးသံကို မကြားရတော့ပေ။

ဦးဘထွန်းရင်ထဲက စိုးရိမ်ထိတ်လန့်မှုက အနည်းငယ် လျော့ကျသွားသည်။

ထို့နောက် လှည်းမှ နွားကို ဖြုတ်ပြီး နွားများအား ရေသော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ရေတိုက်ပြီး နွားများကို နွားစာခွက်တွင် ချည်ကာ အိမ်ပေါ်တက်ခဲ့သည်။

အိမ်ပေါ်ရောက်တော့ ပက်လက်ကုလားထိုင်ပေါ် ထိုင်ချလိုက်ရင်း၊ စောစောက လှည်းပေါ်ပါလာသော သံကြိုးသံကိုသာ ကြားရပြီး အကောင်အထည် မမြင်ရသော နာနာဘာဝအကြောင်း စဉ်းစားကြည့်နေသည်။

"တောက် ... သရဲ ငါ့လှည်းပေါ်လိုက်လာတာ ဖြစ်မယ်။ အကောင်လိုက် မပြလို့ တော်သေးတယ်၊

ဘူးဆန်းတယ်၊ သရဲက ဘာကြောင့် သံကြိုးအသံပေးပြီး လိုက်လာရတာလဲ။ နည်းနည်းတော့ ထူးဆန်းနေတယ်"

ထိုကဲ့သို့ ဦးဘထွန်း၏ လှည်းပေါ်မှာပါလာသော သံကြိုးသံပေးသည့် သရဲက ထိုမျှနှင့် ပြီးမသွားခဲ့။

နှစ်ရက်ခန့်ကြာတော့ ဦးဘထွန်းခြံအတွင်းမှာ

ချွင် ... ချွင်

ချွင် ... ချွင်

အိပ်ပတ်ပတ်လည်မှာ သံကြိုးအသံပေးပြီး ပတ်လျှောက်နေသံ ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်

နှစ်ပတ် သုံးပတ် မရပ်မနား ပတ်နေသည်။

ဦးဘထွန်းတံခါးဖွင့်၍ ခြံအတွင်း ပတ်လျှောက်နေသော သံကြိုး အသံရှင်ကို ကြည့်သည်။ ဘာမှ မတွေ့ရ။

ချွင် ... ချွင်

အိမ်ကို ဘာကြောင့် ပတ်နေသည်ကိုလည်း မသိ၊ မရပ်မနား ကို ပတ်နေတော့သည်။

ဆယ်ပတ်မျှရှိမည်ထင်သည်၊ အသံမကြားရတော့။ သံကြိုးသံ ငြိမ်သွားသည်။

ဦးလှထွန်းက သံကြိုးကိုင်သရဲကြီး ထွက်သွားပြီဟု ထင်လိုက် သည်။

"မင်း ဆင်းလာခဲ့"

"ဟော့ကောင့် ဘထွန်း မင်းဆင်းလာခဲ့"

"ဟင် ... ငါ့ကို ခေါ်နေတာပါလား"

"မင်း ဆင်းလာခဲ့ ... ငါခေါ်လို့ ဆင်းလာရင် ဆင်းလာ၊ မဆင်းလာလို့ ငါအိမ်ပေါ်တက်လာရရင် မင်းအသက်နဲ့ခန္ဓာ အိုးစ ကွဲပြီမှတ်"

"မင်းဆင်းလာရင် သက်သာမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ချွင် ... ချွင်

အိမ်အောက်မှ သံကြိုးအသံပေးပြီး ခေါ်နေသည်။ သူပြောသည့်အတိုင်း အောက်မဆင်းလျှင် သတ်မယ်တဲ့။

အောက်ဆင်းရင် မသတ်ဘူးဟု ပြောမှတော့

"ဒါဆို ... ငါ ... ငါ ... ကြောက်ပေမယ့် ဆင်းမှဖြစ်မယ်"

ဦးဘထွန်းလည်း လူမမြင်ရဘဲ ... အသံကြားနေသောနေရာဆီသို့ မှန်းပြီး ထွက်လာခဲ့သည်။

"မင်းကို ငါရှာနေတာ ... နှစ်တွေကြာခဲ့ပြီ၊ အခုမှတွေ့တယ်၊

မင်းကို အသေမသတ်သေးဘူး၊ တစိမ့်စိမ့်နှိပ်စက်ပြီးမှ သတ်ချင်သတ်မယ် ... မင်းထွက်ပြေးဖို့ မကြိုးစားနဲ့။ မင်းရှိတဲ့နေရာ ငါလိုက်မယ်"

ကဲ ... ချွင် ... ချွင်

ရှီး ... ဖုန်း

အား ...

ရှီး ... ဖုန်း

ဟား

သံကြိုးနှင့်လူကို လွှဲလွှဲပြီး ရိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟား ... ဟား ... အမယ်လေးဗျ ... ကြောက်ပါပြီး ရှီး ... ဖုန်း ... အား

အား ... ကြောက်ပါပြီဗျ၊

ငါးချက်ခြောက်ချက်ခန့် ရိုက်ပြီး ... ရပ်သွားသည်။

"နောက်ကို ... မင်း ... ငါ့သံကြိုးအသံကြားတာနဲ့ ... ရှိတဲ့နေရာက ထွက်လာ"

"မထွက်လာလို့ကတော့၊ ငါအခုလို ရိုက်နေမှာ မဟုတ်ဘူး ... အသေသတ်ပြီးသားပဲ၊

အိမ်ပေါ်မှာရှိလည်း သတ်မယ်၊

တစ်နေရာ ထွက်သွားလည်း သတ်မယ်၊

အသက်မသေချင်ရင် ငါ့ရဲ့သံကြိုးအသံကြားတာနဲ့ ထွက်လာခဲ့"

ထိုသို့ပြောပြီး သံကြိုးကိုင်သရဲကြီးက ထွက်သွားပါတော့သည်။

ဦးဘထွန်းလည်း နာကျင်မှုဒဏ်ကြောင့် မြေပြင်ပေါ်လဲကျကျန်ခဲ့သည်။

အား ... ကျွတ် ... ကျွတ် ... ဟာ

အိမ်နီးနားချင်းများ ရောက်လာပြီး အိမ်ပေါ်သို့ ဆွဲတင်ပြီး ပရုတ်ဆီလိမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘထွန်းလည်း ရောက်လာသော ရွာသားများကိုဖြစ်ကြောင်း ကုန်စင် ရှင်းပြလိုက်ရာ ကြားရသူအပေါင်း ထိတ်လန့်အံ့ဩကုန် တော့သည်။

"ဖြစ်ရလေဗျာ ... ခင်ဗျားကိုမှ ... ဘာကြောင့် အခုလို နှိပ်စက်ရပါလိမ့်"

"ငါလည်း မပြောတတ်တော့ပါဘူးကွာ ... အား ... ကျွတ် ... ကျွတ် ... ကျွတ်"

"နောက်ကို သူ့ရဲ့သံကြိုးအသံကို အိမ်ရှေ့မှာ ကြားတာနဲ့ အိမ်ပြင်ကို ထွက်လာရမယ်တဲ့၊ မထွက်လာရင် အိမ်ပေါ်တက်ပြီး အသေသတ်ပစ်မယ်လို့လည်း ပြောသွားသေးတယ်"

"ဖြစ်မှဖြစ်ရလေဗျာ ... ကျုပ်တို့လည်း အကြံမပေးတတ် တော့ဘူး"

ထို့နောက် အိမ်နီးနားချင်းများ ပြန်သွားကြသည်။

တစ်ပတ်ခန့်ကြာတော့ ဒဏ်ရာများ ပျောက်ကုန်ပြီ၊ ဒဏ်ရာ များပျောက်ပြီးနောက် ငါးရက်ပင်မကြာ ရွာထိပ်မှ သံကြိုးသံ တချွင်ချွင် ကြားလာရသည်။

သံကြိုးအသံ ဖြတ်သွားရာ လမ်းတစ်လျှောက် လူများ ပြေး နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ … သံကြိုးကိုင်သရဲကြီး လာနေပြီ … ကလေး တွေ လာခဲ့ အိမ်ပြင်မထွက်နဲ့"

ထိုသံကြိုးကိုင်သရဲက ဘယ်သူ့ကိုမှ အန္တရာယ် ပေးမသွားဘဲ ဦးဘထွန်းအိမ်သို့သာ တန်းတန်းမတ်မတ် သွားနေသည်ကို သံကြိုး သံကြား၍ သိကြသည်။

ထို့နောက်တော့ ဦးဘထွန်းအား စိတ်ရှိလက်ရှိ ရိုက်လေ တော့သည်။

သူရိုက်၍ အားရမှ ပစ်ထားခဲ့ကာ ထွက်သွားတော့သည်။

ရွာသားတို့က သံကြိုးကိုင်သရဲကြီးကို "ဗိုလ်သံကြိုး"ဟု အမည်ပေးထားသည်။

သံကြိုးအသံကြားသည်နှင့် ဦးဘထွန်းလည်း အသားများ တဆတ်ဆတ် တုန်လာကာ နေစရာမရှိအောင် ကြောက်လန့်တုန်လှုပ် နေပါသည်။

ဦးဘထွန်း၏အဖြစ်ကို မြင်ရကြားရသည့်အတွက် ရွာသားတို့ လည်း စိတ်မကောင်းကြ။

လူနှင့်သရဲဖြစ်နေ၍ စိတ်မကောင်းသော်လည်း ဘာအကူအညီ မှလည်း မပေးတတ်၊ ကူလည်း မကူညီနိုင်။

တစ်ခုထူးဆန်းသည်က သံကြိုးနှင့်အချက်များစွာ အရိုက်ခံ



www.burmeseclassic.com

www.burmeseclassic.com



နေရပေမင့် ဦးလှထွန်းအသားများ၊ အရိုးများ၊ အတွင်းကြေ ကြေသွားခြင်းမရှိ။ ကျိုးပဲ့ဒဏ်ရာ ကြီးကြီးမားမား ရရှိခြင်းမရှိ။

သို့သော် မဆိုစလောက် အဖုအကြိတ် ခြစ်ရာကတော့ ကျန်ရစ်သည်။ သွေးစသွေးန အနည်းငယ် ထွက်ပြီး၊ ကိုယ်လက်တွေ နာကျင်ကာ လေးငါးရက်မျှ အိပ်ရာထဲ လဲသွားရတော့သည်။

သရဲကြီး၏ ပြုမူပုံက ဦးဘထွန်းအား အကြိမ်များစွာ စိမ်ပြေနပြေ နှိပ်စက်မည့်ပုံစံမျိုးဖြစ်သည်။

အနာပျောက်သလောက်ရှိလျှင် ရောက်လာသည်။ နှိပ်စက်ပြီး ပြန်သွားကာ ဆယ်ရက်မှ ဆယ့်ငါးရက်အတွင်း ပျောက်နေပြန်သည်။

ထို့နောက် ပြန်ရောက်လာပြီး အိမ်ပြင်ခေါ်ထုတ်ပြီး ရိုက်သည်။ သရဲကြီးပြောထားသည့်စကားအရ အပြင်ကခေါ်လျှင် ပုန်းအောင်း မနေဝံ့ဘဲ ထွက်လာရသည်။

နှစ်ကြိမ်ခန့် သရဲကို ရှောင်ပုန်းဖူးသည်။

သူရှိသည့်နေရာအထိ လိုက်လာသဖြင့် နောက်ကို ဘယ်မြို့ရွာမှ ရှောင်ပြေးရန် စိတ်ကူးမရှိတော့ပေ။

ပထမအကြိမ်က ရွာနှင့်သုံးမိုင်ခန့်ဝေးသည်။ ဘန်းကုန်းရွာ အမျိုးများရှိရာမှာ သွားနေသည်။ သံကြိုးသရဲကြီးလာတော့ညှို့ ရက်နှင့် ဟပ်ပြီး ထန်းကုန်းရွာသို့ သွားရှောင်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးရက်ခန့်ကြာတော့ ထန်းကုန်းရွာ ဦးဘထွန်းရောက်နေသည့် အိမ်ရှေ့မှာ လာခေါ်ထုတ်ပြီး ရိုက်တော့သည်။

နောက်တစ်ကြိမ်က သိမ်ကုန်းရွာမှာ ဘုန်းကြီးပျံပွဲဖြစ်သည်။ ထိုဘုန်းကြီးပျံပွဲသို့ မော်တော်နှဖ့် သွားခဲ့သည်။ ဦးဘထွန်းတို့ရွာနှင့် ထိုရွာ မိုင်(၂၀)ခန့် ဝေးသည်။

ဘုန်းကြီးပျံပွဲ ပြီးလျှင်လည်း၊ သရဲကြီးရန်က လွတ်အောင်ပျော်သလောက် နေမည်ဟု ဆုံးဖြတ်ကာ ဘုန်းကြီးပျံပွဲ ပြီးသော်လည်း ရွာမပြန်သေးဘဲ နေခဲ့သည်။

မကြာပါ။ ထိုရွာအထိပင် ရောက်လာပြီး ရိုက်ပါတော့သည်။ သံကြိုးသံကြား၍ ဤအထိ လာနိုင်မည်မဟုတ်ဟု ထင်ကာ အိမ်ရှေ့သို့ မထွက်ဘဲ နေလိုက်သည်။

ထိုအခါ ဦးဘထွန်းအား အိမ်ပြင်သို့ လူမမြင်ရဘဲ လက်ကိုအတင်းဆွဲခေါ်ခြင်း ခံလိုက်ရသည်။ လမ်းပေါ်မှာ လိမ့်နေအောင်အရိုက်ခံလိုက်ရသည်။

ရှက်လည်းရှက်၊ နာလည်းနာ၍ သူ့အား အသေသတ်သွားပါဟု ပြောသည့်တိုင် အရှိုးရာ ဗလပွနှင့်ထားပြီး ထွက်သွားသည်။

သို့ကြောင့် ဦးဘထွန်းလည်း နောက်ကို ရပ်ဝေးသို့ ဘယ်သောအခါမှ မသွားတော့ရန် ဆုံးဖြတ်လိုက်သည်။ အသေးရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



လျှင်လည်း မလွတ်နိုင်မှန်း သိခဲ့သည့်အတွက် အိမ်သို့သာ အရောက် ပြန်ခဲ့သည်။

သူလာမည့်ရက်ကိုလည်း အိမ်မှာနေရင်း ရက်တွက်နေရသော အလုပ်က ပိုလာသည်။

ထိုကဲ့သို့ ကြုံတွေ့နေရသော ဦးဘထွန်းအဖြစ်ကို မြင်ရ ကြားရသော ရွာသားတို့ စိတ်မကောင်းကြ။ ကွယ်ရာမှာ သူ့ အတွက် အကြံဉာဏ် ပြုကြသည်။ သရဲကို နိုင်မည့်သူကို ရှာရန် လည်း ကိုင်ပင်ကြသည်။

တစ်ရက် ရွာသားတစ်စု၊ အိမ်တစ်အိမ်မှာ ဦးဘထွန်းအကြောင်း စကားထိုင်ပြောနေကြစဉ် ထိုစကားဝိုင်းအတွင်းသို့ လူတစ်ယောက် စကားဝင်ပြောလာသည်။

"ဒီက မိတ်ဆွေတို့ ပြောနေတဲ့စကားအရဆိုရင် ဒီဗိုလ်သံ ကြီးဆိုတဲ့ သရဲက ဘယ်သူ့ကိုမှ မခြောက်ဘဲလှန့် အန္တရာယ် မပြုဘဲ ဦးဘထွန်းဆိုတဲ့ လူကြီးကို လာပြီး နှိပ်စက်နေတာပေါ့ ဟုတ်လား"

"ဟာ ... ဟုတ်တယ်ဗျ၊ ဘယ်လို ရန်ငြိုးရန်ကြွေးရှိခဲ့လဲ မသိဘူး"

"အဲဒီ့ နောင်ကြီးက ကိုစိုးတို့အိမ်ကို လာလည်တဲ့ ညီသည်



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်။ အကြံကောင်းလေးများရှိရင် ပေးပါလားခင်ဗျာ"

"ဟုတ်ပါတယ် ကိုစိုးနဲ့၊ ညီအစ်ကိုလို ခင်ပါတယ်။ ကျွန်တော့်နာမည် ဝေသာပါ ဒီကိစ္စ၊ သိပ်ပြီးအစိုးရိမ် မပိုပါနဲ့။ အနာသိရင် ဆေးရှိပါတယ်"

"မိတ်ဆွေတို့ ခေါင်းခဲနေတဲ့ကိစ္စကို ကျွန်တော်ဖြေရှင်းပေးပါ့မယ်"

"နောင်ကြီးက ဆရာတစ်ယောက်လား"

"ကျွန်တော်က ဒီကိစ္စမျိုးကို ဝါသနာပါတဲ့လူပါ၊

ညကျရင် ကျွန်တော်နဲ့အတူ သတ္တိရှိပြီး သရဲမကြောက်တဲ့လူ၊ သင်္ချိုင်းထဲ လိုက်နိုင်မလား"

"သင်္ချိုင်းက ... ဘယ်သင်္ချိုင်းလဲ"

"ဒီရွာက သင်္ချိုင်းကို သွားကြမှာ၊

ကျွန်တော်က ဆရာမဟုတ်ဘူးနော်၊ နားလည်သလောက် အကူအညီပေးရုံ သက်သက်ပါ"

"နောင်ကြီး သွားမယ်ဆို ... ကျုပ်လိုက်ခဲ့မယ်"

"ကျွန်တော်လည်း လိုက်မယ်"

"နောက်ထပ်နတ်ဝင်သည်တစ်ယောက်လည်း ရှာပေးပါ။ သူ့လည်း ခေါ်သွားရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နောပိုကြီးဆန္ဒပြည့်ဝအောင် ရှာထားပေးပါ့မယ်၊ ဘာပဲဖြစ်ဖြစ် ဗိုလ်သံကြိုး ဒီရွာကို နောက်ထပ် မလာဖို့ဘဲ"

× × × × × × ×

ညရှစ်နာရီခန့် ရွာအနောက်ဘက် သုသာန်သို့ လေးယောက်သား ထွက်ခဲ့ကြသည်။

ညို့သည်လူစိမ်းက ဦးဆောင်ပြီး သွားသည်။

မကြာခင် သချိုင်းအစပ်သို့ ရောက်သွားသည်။ ထို့နောက် နတ်ကတော်ကို ရှေ့မှာထားပြီး ရပ်နိုင်းလိုက်သည်။

မျက်လုံးကို နတ်ကတော်အား မှိတ်ထားခိုင်းလိုက်သည်။

"ကဲ ... ပြီးပြီဆိုရင်၊ ကျွန်တော် မဖဲဝါကို ခေါ်လိုက်မယ်"

"ဤသချိုင်းနဲ့တကွ၊ သချိုင်းအပေါင်း အစိုးရပါတဲ့ အမေမဖဲဝါ၊ ရှိသေသမှုနဲ့ ခေတ္တခဏမျှ ပင့်ဖိတ်ပါရစေ ... အနီးအပါးမှာ ရှိတယ်ဆိုပါက အမေကိုယ်တိုင် ကြွရောက်လာစေချင်ပါတယ်"

ခဏမကြာခင်မှာပင် နတ်ဝင်သည်လည်း တုန်တုန်ရီရီဖြစ်ကာ ဝုန်းခံဆို နောက်သို့ လှည့်လိုက်သည်။

"ကဲ ... ငါ့ကို ခေါ်တာ ... ဘာကိစ္စရှိလို့လဲ"

"အခု ... ရွာကို၊ ဗိုလ်သံကြိုးလို့ အမည်တွင်နေတဲ့ သရဲတစ်ကောင် လာပြီး ... နှိပ်စက်နေပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူက ရှာကိုတော့ ... အန္တရာယ်မပြုတဲ့ ရှာသားတစ်ယောက်ကို တစ်လနှစ်ကြိမ်၊ သံကြိုးနဲ့ လာပြီး ရိုက်နေပါတယ်။ မေ့မြောကျန်ခဲ့မှ ပြန်သွားပါတယ်၊

အဲဒီလို မဖြစ်ရအောင်၊ အမေ့ကို အကူအညီလာတောင်းရခြင်းဖြစ်ပါတယ်"

"အေး ... နေစမ်း။ ငါ ... ဒီမိုလ်သံကြိုးဆိုတဲ့ကောင်ကို အကဲခတ် ကြည့်လိုက်ဦးမယ်"

ခဏမျှ စကားမပြောဘဲ နတ်ဝင်သည်က မျက်လုံးမှိတ်နေသည်။

"အင်း ... ဒီမိုလ်သံကြိုးနဲ့ မင်းတို့ရှာကလူ အတိတ်ရန်ကြွေးရှိခဲ့တာပဲ၊

အဲဒီရန်ကြွေးကြောင့် သူ့ကို မသေရုံလာနှိပ်စက်နေတာ"

"ပြီးခဲ့တဲ့ဘဝက၊ မိုလ်သံကြိုးနဲ့ မင်းတို့ရှာသား စီးပွားအတူရှာရင်း တစ်ဦးနဲ့တစ်ဦး အသာလိုချင်လို့ ကောက်ကျစ်တာကို မင်းတို့ရှာသားက သိသွားပြီး အနီးမှာရှိတဲ့ သံကြိုးနဲ့ ရိုက်၊ သစ်ပင်မှာ သံကြိုးနဲ့ချည်ထားခဲ့တယ်။ ညအိပ်ညနေ ချည်ထားခဲ့တာဆိုတော့ နောက်နေ့မှာ သစ်ပင်မှာ သံကြိုးချည်ရက်နဲ့ သေနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သံကြိုးနဲ့လည်းရိုက်၊ သစ်ပင်မှာ သံကြိုးနဲ့ ချည်ထား ခဲ့လို့ သေသွားရတဲ့အတွက် အခဲမကြေတဲ့စိတ်ကြောင့် ရောက်ရာ ဘဝမှာ သူ့ကို ရှာနေခဲ့တာ။

အခု ဝဋ်ကြွေးမကုန်လို့ တစ်ယောက်နဲ့တစ်ယောက် ပြန်တွေ့ ကြတာ။ တစ်ယောက်ကလူ၊ တစ်ယောက်ကတစ္ဆေဖြစ်နေတယ်။

ဖြစ်ချင်တော့ မင်းတို့ရှာသားက သူနေတဲ့ သစ်ပင်အောက် ရောက်သွားလို့၊ အတိတ်ကို ပြန်သတိရပြီး သူ့နောက် ကောက် ကောက်ပါအောင် လိုက်ခဲ့တာ။

အဲဒီသစ်ပင်ကြီးကနေပြီး သံကြိုးနဲ့လာရိုက်နေတာ၊ သူရိုက်လို့ ကျေနပ်သွားရင် သစ်ပင်ကြီးဆီခေါ်သွားပြီး သူသေခဲ့သလို သေအောင် လုပ်လိမ့်မယ်”

“အပြိုးက တယ်လည်း ကြီးတာပဲအမေ”

“အမေ အဲဒီသရဲ နောက်တစ်ကြိမ် လာမလုပ်နိုင်အောင် ... အမေရဲ့အာဏာနဲ့ နှိမ်နင်းပေးပါ။ သံကြိုးသရဲရန် အေးသွားရင် အမေ့ကို စားပွဲများ ပြင်ဆင်လာပြီး ပို့သပါ့မယ့်”

“စိတ်ချ ... ငါ့ရဲ့လက်စွဲတော် ခွေးနက်ကြီး၊ ဒီသရဲကောင် ကို သွားခေါ်ခိုင်းထားတယ်”

စကားဆုံးပြီး ခဏအတွင်းမှာပင် မည်းမည်းအကောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကောင် ရိပ်ခနဲ၊ ရိပ်ခနဲ နီးလာသည်ကို တွေ့နေရသည်။

အနီးသို့ရောက်တော့ ခွေးနက်ကြီးတစ်ကောင်နောက်က ခွေး အနက်တစ်ကောင် ပါလာသည်။

မဖဲဝါက ခွေးနက်ကြီးနောက်မှ ခွေးနက်အား လက်ညှိုး ထိုး၍ ...

"ဟဲ့ တစ္ဆေကောင်၊

ငါ့ကို သင့်တော်တဲ့သဏ္ဌာန် ဖန်ဆင်းပြီး စကားပြန်ပြောစမ်း"

ထိုသို့ပြောလိုက်သည်နှင့် ခွေးနက်တစ်ကောင်အဖြစ်မှ ခေါင်းက သရဲမျက်နှာမျိုးဖြင့် ခန္ဓာကိုယ်အား သံကြိုးက ရစ်ပတ်ထားပြီး အစတစ်ခုကို ပခုံးပေါ် စလွယ်သိုင်း တင်ထားသည်။

"ပြောပါသခင်မ"

"မင်းတို့ရန်ငြိုးကိုတော့ ငါ သိပြီးပြီ။ မင်းကြောင့်လည်း ဒီရွာသား မသေရုံတမယ် ခံရပြီးပြီ။ ဒါကြောင့် ငါ့ပိုင်နက်ထဲမှာ နေချင်သေးတယ်ဆိုရင် ...

ဒီရွာသားကို သံကြိုးနဲ့ သွားရိုက်တဲ့အကြောင်း၊ ငါထပ်မကြား ချင်တော့ဘူး ... သံကြိုးနဲ့ ရိုက်တယ်ကြားရင် ငါ့ပိုင်နက်ထဲက ... အဝေးဆုံးနေရာကို ဆိုင်ရာပိုင်ရာနဲ့ ပို့ခိုင်းပစ်မယ်"

"နောက်ကို မနှိပ်စက်တော့ပါဘူး ... အခုလောက် နှိပ်စက်



www.burmeseclassic.com

www.burmeseclassic.com



ရတာနဲ့ပဲ ... ကျေနပ်လိုက်ပါတော့မယ်"

"အေး ... သစ်ပင်မှာနေပြီး ... လမ်းသွားလမ်းလာတွေကိုလည်း မခြောက်မလှန့်နဲ့။ လူတွေနဲ့ တည့်အောင်နေ"

"အမေ့စကား နားထောင်ပါ့မယ်"

"အေး ကတိတော့ မပျက်စေနဲ့ ... ကဲ ပြန်လို့ရပြီ"

ထို့နောက် ခွေးနက်တစ်ကောင်အဖြစ် ပြန်ပြောင်းသွားပြီး အမှောင်ထဲ ဝင်ရောက်သွားသလို မဖဲဝါ၏ ခွေးနက်ကြီးက နောက်မှ လိုက်သွားသည်။

"ကဲ ... ကြားတဲ့အတိုင်းပဲ၊

ဂုတ္တဲ့ မင်းတို့ရဲ့ ရှာသားကို အမဲသားနဲ့ ထမင်းချက်ပြီး အဲဒီ သရဲရှိတဲ့ သစ်ပင်မှာ သွားကျွေးပြီး တောင်းပန်လိုက်ပါ။ ဒါဆို သူကျေနပ်သွားလိမ့်မယ်"

"ကျွန်တော်တို့ ရှာသားတွေကလည်း အမေ့အတွက် မနက်ဖြန်ညနေ စားပွဲလာပို့ပေးပါ့မယ်"

"ငါ့အတွက် မလိုပါဘူး"

"ကျေးဇူးတင်လို့ပါ ... မနက်ဖြန်ည လာခဲ့ပါ့မယ်၊ အမေ စောင့်နေပါ"

"အေး ... လာမယ်ဆိုတော့လည်း စားရဦးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုမျှသာပြောပြီး နတ်ဝင်သည်ခန္ဓာကိုယ်မှ ထွက်သွားပါ တော့သည်။

"ကဲ ... အားလုံးကြားတဲ့အတိုင်း၊ မြင်တဲ့အတိုင်းပဲ ... မနက်ဖြန်လုပ်စရာရှိတာလုပ်ဖို့ပဲ ... ရှိတော့တယ်၊ ဦးဘထွန်းကို လည်း ပြန်ပြောကြပါဦး"

သို့ဖြင့် နောက်နေ့ရောက်သည်နှင့် ဦးဘထွန်းလည်း ရွာသား နှစ်ယောက် အဖော်ခေါ်ပြီး လှည်းတစ်စီးနှင့် ရွာမှ တစ်မိုင်ခန့် ဝေးသော ကုက္ကိုပင်ကြီးရှိရာသို့ ညနေဇီးနာရီလောက်မှာ ထွက်ခဲ့ သည်။

မှောင်လုလုအချိန် ကုက္ကိုပင်ကြီးအောက် ရောက်သွားပြီး ပါလာသော စားစရာများချကာ ပါးစပ်မှ တောင်းပန်စကား ပြော ကြားလိုက်သည်။

ရွာသားသုံးယောက်နှင့် ညီ့သည်ဦးဝေသာလည်း ညနေ ခြောက်နာရီခန့် သချိုင်းသို့သွား၍ အမေမဖဲဝါအတွက် အမဲသား ချက်နှင့် ထမင်းတို့ကို သွားရောက်ပို့ဆောင် ကျွေးမွေးလိုက်သည်။

ထို့နောက်ပိုင်း ဦးဘထွန်းလည်း မကြာမကြာ ဟင်းကောင်း ချက်ပြီး မိုလ်သံကြိုးအား သွားရောက်ပို့ဆောင် ကျွေးမွေးလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရွာအတွင်း တစ်လနှစ်ကြိမ် ပုံမှန်ရောက်လာတတ်သော ဗိုလ်သံကြီး၏ သံကြိုးအသံကို မကြားရတော့။

ထိုသို့ဖြင့် ... ဗိုလ်သံကြီးသရဲကြီးနှင့် ရန်ဘက်ဖြစ်နေရာက အမေမဖဲဝါ၏ကျေးဇူးကြောင့် ရန်ကိုချေပနိုင်ခဲ့သလို ...

သရဲကြီးနှင့် ဦးဘထွန်းတို့ မိတ်ဆွေအဖြစ် တစ်ဦးနှင့်တစ်ဦး လူအချင်းချင်း စကားပြောသကဲ့သို့ ပြောကြသည်အထိ ရင်းနှီး ချစ်ခင်သွားတော့သည်။

သရဲကြီးနှင့် ဦးဘထွန်းတို့ ပြန်လည်ရင်းနှီးချစ်ခင်သွားသည်ကို မြင်ပြီး ရွာသားတို့ အံ့ဩမဆုံး ရှိနေကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# မဖဲဝါတို့ သုသာန်မြေ

ကိုတင်အုန်းတစ်ယောက် မြို့ပေါ်သို့ လှည်းတိုက်လိုက်ခဲ့ပြီး ရွာသို့ ပြန်လာခဲ့သည်။

ပြန်လာချိန်က ညနေလေးနာရီခွဲခန့်ရှိပြီ ဖြစ်သည်။ ဤကဲ့သို့ လှည်းဖြင့် မြို့ပေါ်သို့ မကြာမကြာ အငှားလိုက်ခဲ့သည်။

သူ့အသက်က (၃၀)ရှိပြီး အိမ်ထောင် မရှိသေး။ မိဘကို လုပ်ကျွေးနေသူဖြစ်သည်။

သူမှာ လယ်မရှိ၊ နွားနှင့်လှည်းကို ဝယ်ထားကာ မိုးအခါ နွားနှင့်လူ အငှားလိုက်သည်။

ကိုင်းစိုက်ချိန်မှာလည်း လူရော၊ နွားပါ နေ့စားလိုက်သည်။

ကိုင်းပေါ်ချိန်ရောက်တော့ အသီးနှံများ ရောင်းချရာတွင် လှည်းလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လှည်းရော၊ နွားရော၊ လူရော အချိန်ပြည့် အငှား လိုက်ရသည်။

စပါးကြိတ်ခွဲရာတွင်လည်း လှည်းအငှားလိုက်သည်။ ကိုင်း ထွက်သီးနှံများ ပွဲရုံများ၊ အဝယ်ဒိုင်များ တင်ပို့ရောင်းချရာတွင် လည်း ကိုတင်အုန်း၏ လှည်းမနားရဘဲ နေ့စဉ်အငှားရှိသည်။

ယနေ့လည်း ဂေါ်ဖီထုပ်များ ပွဲရုံသွားပို့ပေးခဲ့ပြီး ညနေ လေးနာရီခန့် ပြန်လာခဲ့သည်။

ပွဲရုံများ၊ ကုန်စိမ်းလှည်းများ များပြားစွာ ရောက်ရှိနေသည့် အတွက် ကိုတင်အုန်းတို့ လှည်းအုပ်စု၊ ဂေါ်ဖီထုပ်များ လှည်းပေါ်မှ ချပြီးသည့်အချိန် ညနေလေးနာရီခွဲကျော်ခဲ့ပြီ။

မြို့တွင်းမှ ပြန်ထွက်ခဲ့သည့်အချိန်ကတော့ ငါးနာရီခန့်ရှိနေပြီ ဖြစ်သည်။

မြို့မှ အထွက်တွင် မိန်းကလေးတစ်ယောက် အဝတ်အစား အသစ်၊ လက်ဝတ်လက်စားအပြည့်အစုံနှင့် မတ်တတ်ရပ်နေသည်ကို တွေ့လိုက်သည်။

ထိုအမျိုးသမီးက အသက်(၂၀)ကျော်ခန့်သာ ရှိဦးမည်ဟု ခန့်မှန်းလိုက်သည်။

ကိုတင်အုန်း၏လှည်း သူ့အနီးကို ရောက်သည်နှင့် လက်ပြပြီး



www.burmeseclassic.com

www.burmeseclassic.com



လှမ်းခေါ်လိုက်သည်။

"အစ်ကိုကြီး၊ အစ်ကိုကြီး ... အင်ကုန်းရွာကို သွားမလို့လား"

"ဟုတ်တယ်၊ အင်ကုန်းရွာကို ပြန်မလို့"

"ဒါဆို လမ်းသင့်လို့ ကျွန်မ လှည်းကြုံလိုက်ပါရစေ"

"ဖြစ်မယ် မထင်ပါဘူးဗျာ"

"ဘာလို့ မဖြစ်ရမှာလဲ၊ ကျွန်မ ဒီထက်နောက်ကျရင် ခရီးကြုံမရဘဲ၊ တစ်ယောက်တည်း ဒုက္ခရောက်ရမှာ"

"ခင်ဗျားမှာ ဆွဲကြိုးတွေ လက်ကောက်တွေနဲ့။ တစ်မိန်းယောက်ျားလေးနဲ့ မလိုက်သင့်သလို ရွှေငွေအပြည့်အစုံပါတဲ့ မိန်းကလေးကို ခရီးကြုံမခေါ်သင့်ဘူး"

"ဘာဆိုင်လို့လဲ"

"မဖြစ်လို့ပါဗျာ ... လူများများပါတဲ့ လှည်းကို စောင့်စီးပါ"

"အို ... မစောင့်နိုင်ဘူး၊ အစ်ကိုကြီးရဲ့လှည်းနဲ့ပဲ လိုက်ခဲ့မယ် ... ဘာမှ မစိုးရိမ်ပါနဲ့ ... အစ်ကို့အတွက် ဘာအန္တရာယ်မှ မကျရောက်စေရပါဘူး"

အမျိုးသမီးလည်း လှည်းအိမ်က လှည်းရုံတိုင်ကို ပေါင်းကိုင်ထားပြီး လှည်းပေါ်တက်ရန်ပင် ပြင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကဲ ... မလိုက်နဲ့လို့ပြောတာ မရမှတော့ လိုက်ခဲ့ပေတော့ ... ကျုပ်အတွက်တော့ စကားပြောဖော်ရတာ ပေါ့လေ ... လိုက်ခဲ့ပါ"

အမျိုးသမီးက လှည်းနောက်က ကျွမ်းကျင်စွာခိုပြီး လှည်းပေါ်သို့ တက်လိုက်သည်။

အမျိုးသမီး လှည်းပေါ်ရောက်သည်နှင့် လှည်းမောင်းပြီး ထွက်ခဲ့သည်။

လမ်းရောက်တော့ အမျိုးသမီးက စကားစလာသည်။

"အစ်ကိုကြီးက ... အင်ကုန်းရွာသားဆိုတော့ ရွာရဲ့ အရှေ့ပိုင်း ဘောဂဗလသစ်စက်ကို သိလား"

"ဟာ သိတာပေါ့ ... ကျုပ်တို့ တစ်ရွာလုံးမှာမှ ဦးထွန်းဇော်ရဲ့ ဘောဂဗလ သစ်စက်က တစ်လုံးတည်း ရှိတာမဟုတ်လား သိတာပေါ့ ... ဘာဖြစ်လို့လဲ"

"အဲဒီစက်သူဌေးရဲ့ တစ်ဦးတည်းသောသမီး မခင်ထားကို သိလား"

"သိတာပေါ့၊ မိဘက ချမ်းသာတယ် ... တစ်ဦးတည်း သမီး၊ ရွာရဲ့ကာလသားတွေကလည်း မနီးစပ်နိုင်မှန်း သိရလို့ ဝိုင်းပြီး စိတ်ဝင်စားခြင်းခံရတဲ့ ရွာကွမ်းတောင်ကိုင် ပန်းတောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပေါ့"

"အခု အဲဒီ မခင်ထားက ရွာမှာမရှိတော့ဘူးလေ။ ဝါးနက်ချောင်းရွာသားနဲ့ လိုက်ပြေးသွားပြီး ကလေးတစ်ယောက် အရမှာ ဆုံးသွားပြီလို့ ကြားလိုက်တယ်"

"ဟုတ်တယ် ... အဲဒီ မခင်ထားရဲ့အကြောင်းကို ရှင်မပျင်းအောင် လှည်းစီးရင်း ကျွန်မပြောပြမယ်"

"သူဌေးသမီးမခင်ထားက ဝါးနက်ချောင်းရွာသား သစ်စက်အလုပ်သမားတစ်ယောက်နဲ့ ကြိုက်နေကြတာ"

"သူတို့ရဲ့ သစ်စက်ကို သစ်လာပို့တဲ့ တောခေါင်ရဲ့သား အေးထွန်းဆိုတဲ့ လူငယ်နဲ့ပဲ၊

ကြာတော့ လူကြီးတွေက ရိပ်မိသွားတယ်၊ သဘောမတူနိုင်လို့ ... မကြိုက်ကြဖို့၊ ချက်ချင်းဖြတ်ဖို့ ပြောတယ်။ ပြောမရရင် ... မြို့ပေါ်က ကုန်သည်သားနဲ့ ပေးစားမယ်လို့ ခြိမ်းခြောက်တယ်၊

အဲဒီ မခင်ထားက မိဘစကား နားမထောင်ဘဲ အေးထွန်းနဲ့ ဆက်သွယ်တာကို လူကြီးတွေ မိသွားတာနဲ့ အိမ်ထဲမှာ တံခါးပိတ်ပြီးထားတယ်၊

အိမ်ပြင်မှာ အလုပ်သမားတွေကို စောင့်ခိုင်းထားတယ်။ ဒီပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ခင်ထားတို့လည်း လူကြီးတွေက တားဆီးလေ အချစ်က ပိုခိုင်မြဲလေပဲ၊

တစ်ရက်တော့ သစ်စက်ကို သစ်တွေ လာပို့ရင်း ခင်ထား အိမ်ပေါ်မှာ ပိတ်လှောင်ခံထားရတဲ့အကြောင်း အေးထွန်းက အလုပ်သမားတစ်ယောက် ပြောပြလို့ သိသွားတယ်”

သူလည်း သစ်လာပို့တဲ့လူတွေနဲ့ ပြန်မလိုက်သွားဘဲ ညဘက်ရောက်တော့ ခင်ထားနေတဲ့အခန်းပြတင်းတံခါးမှာ လှေကားလာထောင်ပေးတာနဲ့ ...

ခင်ထားတစ်ယောက် ချစ်သူခေါ်ရာနောက် ကောက်ကောက်ပါအောင် လိုက်ခဲ့တယ်။

အေးထွန်းက တောခေါင်သားပီပီ သစ်တောထဲမှာပဲ အနေများသည်။ ဆင်များနှင့် သစ်လုံးများကြားမှာပင် အချိန်ကုန်ခဲ့သူဖြစ်သည်။

ခင်ထားလည်း လင့်တစ်ပျက်နှာ တစ်ရွာထပ်ပြီး လိုက်ခဲ့ရာက တောခေါင်ခေါင်မှာ လာနေရင်းက ကိုယ်ဝန်ရခဲ့သည်။

ကိုယ်ဝန်ကို လွယ်ထားစဉ်မှာပင် ငှက်ဖျားမိခဲ့သည်။ ငှက်ဖျားရောဂါ မကြာမကြာ ခံစားရင်း ကိုယ်ဝန်ရင့်လာသည်။ လူက ငှက်ဖျားရောဂါကြောင့် အစားပျက်ကာ လူက ပိန်လှီလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်နေ့စေ့၍ ကလေးမီးဖွားခဲ့ပေမင့် ကလေးက အသက်မတင်ခဲ့။

ခင်ထားလည်း မီးတွင်းထဲမှာပင် ငှက်ဖျားဝင်လာပြီး ပြန်၍ ပျောက်ကင်းခြင်း မရှိတော့ဘဲ လူ့လောကကြီးက အပြီးအပိုင် ထွက်ခဲ့ရလေသည်။

မိန်းမပျိုက ကိုတင်အုန်းအား အင်ကုန်းရွာသူ မခင်ထား အကြောင်း ပြောလာခဲ့ရာ အင်ကုန်းရွာကိုပင် ခပ်လှမ်းလှမ်းမှာ မြင်နေရပြီဖြစ်သည်။

ရွာမရောက်ခင် အင်ကုန်းရွာ သချိုင်းကို ဖြတ်ရဦးမည်။ ထိုအချိန် လှည်းပေါ်မှာ ပုပ်ဟောင်သောအနံ့ကို ကိုတင်အုန်းရသဖြင့် မှောင်ရိပ်ဖိုးတဝါး လှည်းလမ်းဘေးဝဲယာကို လှည့်ပတ်ကြည့်နေမိသည်။

"အစ်ကို ဘာကို ကြည့်နေတာလဲ"

"အပုပ်နံ့ရလို့ ခွေးသေကောင်ပုပ်တွေများ လှည်းလမ်းဘေးမှာ ရှိနေလား ... လိုက်ရှာကြည့်နေတာပါ"

"အဲဒီအပုပ်နံ့က ဘယ်ကလာတာမှ မဟုတ်ဘူး။ ကျွန်မဆီက ထွက်တဲ့အနံ့ပါ"

"ဟင် ... ခင် ... ခင်ဗျားက ဘာဖြစ်လို့ အပုပ်နံ့ နံရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ”

“စောစောက မခင်ထားဆိုတဲ့ မိန်းကလေးက ကျွန်မပဲ”

“ဗျာ ... ခင် ... ခင်ဗျားက သေပြီးတဲ့သူ ... မ ... မခင်ထား ဟုတ် ... ဟုတ်လား၊

ဒါ ... ဒါဆိုရင် ... ခင် ... ခင်ဗျားက လူမဟုတ်ပဲ ... သ ... သရဲပေါ့”

“ဟုတ်တယ်လေ၊ ခင်ထားသေပြီး အခုလို လှည်းပေါ်ပါလာမှတော့ လူ ဘယ်ဟုတ်တော့မလဲ သရဲ ... ပဲပေါ့”

ထိုစကားကြားလိုက်သည်နှင့် ကိုတင်အုန်းလည်း လှည်းပေါ်ကပဲ ခုန်ချပြေးရမည်လား၊ လှည်းမောင်းပြေးရမည်လား မသိ။ နောက်လှည့် နောက်လှည့်နှင့် ဖင်တကြွကြွ ဖြစ်နေသည်။

“ကျုပ်ရဲ့လှည်းပေါ် မလိုက်ပါနဲ့၊ ဆင်းနေခဲ့ပါတော့ဗျာ။ ကျုပ်ကြောက်တယ်”

“ဘာမှ ကြောက်စရာမလိုဘူး ... ကျွန်မက အစ်ကိုတို့ကို လူမဟုတ်တဲ့အကြောင်း သိစေချင်လို့ပါ။ ဒါကြောင့် အပုပ်နဲ့ပေးလိုက်တာပါ”

“အပုပ်နံ့က မကြာခင် ပျောက်သွားမှာပါ၊ မကြောက်ပါနဲ့။ အစ်ကို့ကို မခြောက်လှန့်ပါဘူး။ အစ်ကို့ပုံစံက ကျွန်မကို ကြောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး လှည်းပေါ်က ခုန်ချပြေးချင်နေတဲ့ပုံ ပေါက်နေတယ်”

“ကြောက် … ကြောက်တာပေါ့ဗျာ”

“ခင်ဗျားက ဘာကိစ္စနဲ့ ကျုပ်လှည်းပေါ် လိုက်လာခဲ့တာလဲ”

“သချိုင်းတို့ရဲ့ အရှင်မ မဖဲဝါက ဒီသချိုင်းမှာ လာနေဖို့ ဆင့်ခေါ်လိုက်တာနဲ့ လာခဲ့ရတာပါ”

“ကျွန်မရောက်လာရင် အမေမဖဲဝါတို့က သချိုင်းအဝက စောင့်နေကြမယ်တဲ့”

“ဘာ … သချိုင်းဝက စောင့်နေမယ်ဟုတ်လား”

“ဟုတ်တယ် … သူတို့ စောင့်နေမယ်တဲ့”

“ကျုပ် … ကျုပ်တို့ သချိုင်းနားရောက်ရင် သရဲမ မဖဲဝါကို တွေ့ရဦးမှာလား”

“ဒါကတော့ မြင်အောင်ပြရင်တော့ မြင်ရမှာပေါ့”

“ဟာဗျာ … ဘယ်သူမှ ရှိမနေပါစေနဲ့လို့ ဆုတောင်းနေပါတယ်”

“အစ်ကိုကလည်း ယောကျ်ားတစ်ယောက်ဖြစ်ပြီး အကြောက်ကလည်း ကြီးလိုက်တာ။ နွားတွေကို ကြောက်ပြီး အရမ်းရိုက်မောင်းမနေပါနဲ့”

“ကြောက်တာကတော့ ကြောက်တာပါပဲ”



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောနေစဉ် အပုပ်နံ့က ပျောက်သွားပြီး၊ အမွှေးနံ့က လှည်းပေါ်မှာ ပျံ့လွင့်လာသည်။

"တော်ပါသေးရဲ့၊ အပုပ်နံ့ပျောက်သွားလို့ ... အခုလို မွှေးနေတာက ... နေလို့ထိုင်လို့ ကောင်းသေးတယ်"

"ကျွန်မအကြောင်းသိအောင် လုပ်ပြလိုက်တာပါ"

မကြာခင်မှာပင် အင်ကုန်းရွာသချိုင်းသို့ နီးကပ်လာခဲ့ပြီ။

မြေပုံများ၊ အုတ်ဂူများကိုပင် လှမ်းမြင်နေရပြီး ထိုအချိန် နေလုံးက အနောက်ဘက်ရှိ တောင်တန်းထိပ် မေးတင်နေပြီ။

လှည်းကို သချိုင်းနားအမြန်ရောက်ရန် နွားများကို ကြိမ်တို့မောင်းလိုက်သည်။

"ဟဲ့ နွား ... သွားစမ်း မြန်မြန်"

ဖြည်းဖြည်းမောင်းပါ၊ နောက်က ကျွန်မ လှည်းပေါ်က ပြုတ်ကျ ကျန်ခဲ့ပါဦးမယ်"

မကြာခင်မှာပင် သချိုင်းရှေ့သို့ ရောက်လာသည်။ ထိုစဉ် သချိုင်းအတွင်းမှ ...

အဝါရောင်အဝတ်အစားဝတ်ထားပြီး ဆံပင်ဖားလျားချထားသော အမျိုးသမီးတစ်ယောက်၏နောက်မှာ ကုန်းကုန်းကွကွ သရဲများ၊ လက်တွဲလဲကြီးများ၊ ခြေကျိုးလက်ကျိုးသဏ္ဍာန်ရှိသည့် သရဲပေါင်းစုံ



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းတွင်းက တလှမ်းချင်း တလှမ်းချင်း အားယူလျှောက်လှမ်းရင်း ထွက်လာနေကြသည်။

"ဟင် ... သရဲတွေ ... အများကြီး ... ကြီးပါလား၊

ဆင်း ... ဆင်းတော့ဗျာ ... ဆင်းတော့ ... ကျုပ်သွား ... သွားတော့မယ်"

မခင်ထားက အောက်မဆင်းသေးဘဲ ...

"အဲဒီရှေ့ကလာနေတဲ့ အစ်မကြီးက သချိုင်းအားလုံးအစိုးရတဲ့ ... သချိုင်းရှင်မ မဖဲဝါပဲ။ ကျွန်မကို ဒီသချိုင်းမှာ ကျွန်မအတွက် နေရာရှိတယ် ... လာခဲ့ ခေါ်လို့ လာခဲ့တာ"

"တဲ ... ကျွန်မ ဆင်းပြီ၊ အခုလို လှည်းကြုံခေါ်ခဲ့ပေးတဲ့ အတွက် ကျေးဇူးပါပဲ"

ထိုအချိန် ကိုတင်အုန်း၏ နွားများကို မောင်းလို့မရအောင် လုပ်ထားသည်လား မသိ။ မောင်း၍ မလှုပ်၊ ကြိမ်လုံးနှင့် ရိုက်လည်း မသွား။

ကိုတင်အုန်းအား သူတို့ကို မြင်စေချင်၍ လှည်းကို မောင်း မရအောင် လုပ်ထားသည်လားမသိ။

ကိုတင်အုန်းမှာ ကြောက်လန့်ပြီး အသားများပင် တဆတ်ဆတ် တုန်နေသည်။ လှည်းနှင့်နွားကိုထားပြီး မပြေးဝံ့၊ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း တစ်ဖက်သို့ လွှဲမထားဝံ့၊ ထိုသရဲအစုအဝေးကိုသာ စိုက်ကြည့်နေမိသည်။

မခင်ထားဆိုသော သရဲမက မဖဲဝါရှေ့ ရောက်သွားသည်။

မဖဲဝါက မခင်ထား၏လက်ကိုဆွဲပြီး သချိုင်းအတွင်းသို့ ဝင်သွားသည်။

စုတ်ပြတ်သတ်သော အဝတ်အစားများ၊ ရိရွဲနေသောအသားအရေများ မျက်တွင်းဟောက်ပက်နှင့် အရိုးပြိုင်းပြိုင်းသရဲများ၊ မဖဲဝါတို့နောက်က လိုက်သွားကြပြီး တချို့က ကိုတင်အုန်းလှည်းရှိရာသို့ ထော့နဲ့ထော့နဲ့နှင့် လျှောက်လာနေကြသည်။

မဖဲဝါနှင့် မခင်ထားတို့က သချိုင်းအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

သရဲသုံးလေးကောင်က ကိုတင်အုန်း၏လှည်းနားသို့ ရောက်လာပြီး လှည်းရဲတိုင်ကိုပင် ကိုင်ရန် လက်များကို လှမ်းလာကြသည်။

ထိုအခါ ကိုတင်အုန်းလည်း ထိတ်လန့်ကြောက်ရွံ့ပြီး နွားများကို ရိုက်လိုက်ရာ ...

"ဝုန်း"

နွားနှစ်ကောင်လည်း လေညှို့မှ မြားလွတ်လိုက်သလို ခေါင်းဆောင့်ရုန်းပြီး ပြေးထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝုန်း ... ဝုန်း ... ဝုန်း

ဂျိန်း ... ဂျိန်း ... ဂျိန်း

လှည်းလမ်းနှင့် လှည်းဘီးဆောင့်သံက အဝေးကပင် ကြားနိုင်လောက်သည်။

တစ္ဆေတစ်ကောင်၏ လက်တစ်ဖက်က လှည်းနံရံမှာ မြှုတ်ပြီး ပါလာသဖြင့် လှည်းမောင်းရင်းက ကြိမ်လုံးနှင့် ကော်ထုတ်ချလိုက်ရသေးသည်။

"ဟူး ... တော်ပါသေးရဲ့၊ ဘယ်သရဲမှ ပါမလာတော့ဘူး"

သချိုင်းရှေ့မှ လှည်းကို ဒုန်းဆိုင်းပြီး မောင်းလာရာ နွားများကလည်း ကဆုန်ဆိုင်းပြီး ပြေးတော့သည်။

ရွာဝင်တော့ ရွာသားအချို့က လှည်းကို ရှေ့က လှမ်းတားတော့မှ အသိဝင်လာပြီး ကြိုးနှစ်ချောင်းကို တင်းနေအောင် ဆွဲလိုက်သည်။

ဒုန်းဆိုင်းပြေးနေရာမှ အရှိန်သေသွားသည်။

နွားနှစ်ကောင်လည်း ပြေးအားချပြီး ဖြည်းဖြည်းမှန်မှန် သွားတော့သည်။

နွားနှစ်ကောင်က အားကုန်ပြေးလာရ၍ တရှူးရှူးနှင့် နှာမှုတ်ကာ မောပန်းနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုတင်အုန်းက လှည်းအရှိန်သေသွားမှ ရပ်လိုက်တော့သည်။

"ဘယ်လိုဖြစ်လာတာလဲ ကိုတင်အုန်း"

"သရဲ ... သရဲ ... မ ... တ တစ်ကောင် ကျုပ်ရဲ့ လှည်းပေါ်ပါလာပြီး ရွာထိပ်က သချိုင်းမှာ ဆင်းနေခဲ့တာဗျ၊

လှည်းပေါ် ခရီးကြုံလိုက်လာတုန်းကတော့ သရဲမှန်း မသိပါဘူး။ သချိုင်းနားရောက်မှ သရဲမှန်းသိတာ။ တကယ်မတွေးဝံ့စရာပါပဲဗျာ၊

ပြီး ... တော့၊ သချိုင်းထဲက မဖဲဝါဆိုတဲ့ သရဲမနဲ့အတူ သချိုင်းထဲက သရဲတွေ ထွက်လာတာ မည်းမည်းကို လှုပ်ရော"

"ခင်ဗျား ... မဟုတ်ကဟုတ်ကတွေ လျှောက်ပြောနေတာပဲ"

"ကျုပ်ပြောရင် ဘယ်သူ့မှ ယုံမယ်မထင်ဘူး ... ဒါပေမဲ့ မယုံနိုင်ဖွယ် သရဲတွေအများကြီး ကျုပ်မြင်ခဲ့ရတယ်"

"ခင်ဗျားကို သရဲတွေ ဝိုင်းခြောက်လှန့်လိုက်တာပေါ့ ဟုတ်လား"

"လှည်းပေါ်ပါလာတဲ့ သရဲမက ခြောက်စရာမလိုဘူး၊ သူ့ကို လာခေါ်တာလို့ ပြောလို့ ကျုပ် အကြောက်လျော့သွားတာ။ တကယ် မခြောက်ဘဲ သချိုင်းထဲ ပြန်ဝင်သွားကြတယ်"

"တကယ် ထူးဆန်းတဲ့ သတင်းပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါ ... ရှေ့က မဖဲဝါက ဦးဆောင်ထွက်လာတာ ကျုပ်ရဲ့ လှည်းပေါ်က သရဲမ ပြောတဲ့အတိုင်း သူ့လှည်းပေါ်က ဆင်းသွားရော သချိုင်းထဲ သူတို့အားလုံး ပြန်သွားကြတယ်၊

သရဲ သုံးလေးကောင် ကျုပ်လှည်းဘက် လျှောက်လာလို့ နွားကို ဒုန်းဆိုင်း မောင်းပြေးခဲ့တာ"

"ပြီးတော့ ထူးဆန်းတာတစ်ခု ရှိသေးတယ်"

"ဘာထူးဆန်းတာလဲဗျ"

"သချိုင်းရှေ့လည်းရောက်ရော နွားနှစ်ကောင်က လုံးဝ မောင်းလို့ မသွားတော့ဘူး။ လူပ်ကို မလှုပ်တာ ... ကျုပ်လည်း ကြောက်လန့်လွန်းတာနဲ့ ကြိမ်လုံးနဲ့ တဖျန်းဖျန်းနဲ့ ရိုက်မောင်းတာ

နွားတွေကို ဘယ်လောက်ရိုက်ရိုက် သွားမှာ မဟုတ်သလို အစ်ကိုကိုလည်း ဘယ်သရဲမှ မခြောက်ပါဘူး ... ကျွန်မတို့ လာခေါ်ကြတာပါတဲ့၊

သူဆင်းသွားပြီးတာနဲ့ နွားနှစ်ကောင်ကို ကြိမ်နဲ့ရိုက်လိုက်ရော ဒုန်းဆိုင်းပြေးထွက်လာတော့တာပဲ"

"ဒီသရဲတွေကို ကျုပ်မျက်စိထဲ မျောက်ဖျက်လို့ ရတော့မယ် မထင်ဘူး"

"နောက်ကိုလည်း လမ်းမှာ လှည်းကြုံလိုက်မယ်ဆို မသိဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ ခေါ်မတင်ဝံ့တော့ဘူး”

“ကဲ သွား ... သွား၊ အိမ်ရောက်ရင် ရေအဝသောက်လိုက်ဦး၊ မှောင်နေပြီ သရဲနဲ့ ထပ်တိုးနေဦးမယ်”

ကိုတင်အုန်း အိမ်ကို ည ခုနစ်နာရီထိုးကာနီးတော့ ပြန်ရောက်လာသည်။

ထိုကိစ္စဖြစ်ပြီးနောက် မြို့ဘက်သို့ လှည်းကို အငှားမလိုက်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com

# ခိုကိုးရာမဲ့သရဲ

ဂုန်း

ဂလုန်း ... ဒိုင်း

"*အမလေးတော့*"

"အမေ ... အမေ ... ကြောက်တယ် ကြောက်တယ်"

အသံမျိုးစုံကြားပြီးနောက် အိမ်ကြီးကို ဆွဲကိုင်လှုပ်သကဲ့သို့ လှုပ်ရှားနေသည်။

ဂုန်း ... ဂုန်း

ဂလုန်း ... ဒိုင်း

"ကိုကြီးဘစိန် ... ကိုကြီးဘစိန် ... ဘာဖြစ်နေတာလဲ လျှော်လှုပ်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အပေါ်ထပ်က ဘာတွေ ပြုတ်ကျတာလဲ"

"ထွေးညွန့်ရေ ... ဘာဖြစ်မှန်း ငါလည်း မသိတော့ဘူး"

"ခေါင်မိုးပေါ်ကလည်း အသံတွေကြားတယ်၊ နင်တို့ အောက်ထပ် နောက်ဘက်ကလည်း အသံစုံ ကြားလိုက်တယ်"

"လျှောင်လှုပ်တာထင်လို့ လှမ်းအော်လိုက်တာ၊ အောက်မှာလည်း မီးဖိုခန်းထဲက ပစ္စည်းတွေ ပြုတ်ကျနေတယ်"

ထိုအချိန် အပေါ်ထပ်မှ ကိုဘစိန်က အောက်ထပ်သို့ ဆင်းလာပြီး ...

"ငါ့အထင် မမြင်ရတဲ့အကောင်တစ်ကောင် တို့အိမ်ကို လာတိုက်ခိုက်နေတာလို့ ထင်တာပဲ၊ ငါတို့အပေါ်ထပ်မှာ အကောင်အထည် မမြင်ရဘဲ၊ အကောင်တစ်ကောင်ကောင် ခုန်ပေါက်နေသလိုပဲ"

ဝုန်း --- ဝုန်း

"ဟော ... ဟော အပေါ်ထပ်မှာ သောင်းကျန်းနေပြန်ပြီ"

ကိုဘစိန်က လှေကားမှာရပ်ပြီး ညီမဖြစ်သူ မထွေးညွန့်အား စကားပြောစဉ် အပေါ်ထပ်မှ ကြားလိုက်ရသော အသံကြောင့် စကားပြတ်ပြီး အပေါ်ထပ်သို့ ပြန်ပြေးတက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးအနေ့ပါထပ်နှင့် အောက်ထပ်မှာ နေထိုင်သူများက အိမ်ပိုင်ရှင်ဒေါ်ဖွားရှင်၏ တူမိသားစုနှင့် တူမမိသားစုတို့ဖြစ်သည်။

ခြံထဲမှလည်း လမ်းလျှောက်သံများ ကြားနေရသည်။ ထိုကဲ့သို့ နည်းမျိုးစုံဖြင့် လှုပ်ရှားအသံ ပေးလာသော်လည်း အကောင်အထည်ကို မည်သူမှ မမြင်ကြရ။

ညရှစ်နာရီခန့်မှစ၍ နည်းမျိုးစုံ နှောင့်ယှက်မှုက ညဆယ့်တစ်နာရီခန့်မှာ မကြားရတော့ဘဲ တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။

ဒုတိယနေ့ ကုန်ဆုံး၍ ညသို့ရောက်ခဲ့သည်။ ပထမညကဲ့သို့ ပင်၊ ဒုတိယညမှာလည်း မှောင်လာသည်နှင့် တစ်အိမ်လုံး ပြောင်းဆန် အောင် လှုပ်ရှားနေသည်။

အိမ်ကြီးကိုပစ်ခတ်သံများ၊ ထုရိုက်သံများ၊ အမိုးပေါ်မှ လမ်းလျှောက်သံများ၊ အဆက်မပြတ် ပေါ်လာသည်။ အိမ်ပေါ်မှ အသံ မကြားရသည့်အခါ ခြံအတွင်းမှာ လမ်းလျှောက်သံများ ကြားရသည်။

ဒေါ်ဖွားရှင်ခြံက ခြံကျယ်ကြီးဖြစ်သည်။ မျက်နှာစာက ပေ ငါးဆယ်မျှကျယ်ပြီး အလျားက ပေရှစ်ဆယ်ခန့်ကျယ်သည်။

မထွေးညွန့်တို့ ပြောင်းလာစဉ်က မွေးထားသော ကြက် ဆယ်ကောင်ပါလာသဖြင့် ဝါးလုံးဝယ်ကာ ဝါးကပ်ရက်ပြီး ကြက်ခြံ အသေးလေး လုပ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြက်အော်သံများလည်း ကြားရသည်။

အကောင်အထည် မမြင်ရသော အမှောင်ထဲမှ အကောင်ကြီး အား ကြောက်လန့်ပြီး မည်သူမှ အိမ်အောက် မဆင်းဝံ့ကြ။

ညဆယ့်တစ်နာရီ၊ ဆယ့်နှစ်နာရီခန့်မှာ မမြင်ရသောအရာ၏ လှုပ်ရှားမှုက ငြိမ်သက်သွားသည်။

ထို့နောက် တစ်ညလုံး မည်သည့်အသံမှ မကြားရတော့ဘဲ အရာရာ တိတ်ဆိတ်ငြိမ်သက်သွားသည်။

တတိယမြောက်ညရောက်တော့လည်း ထုံးစံမပျက်။

ညရောက်၍ ခုနစ်နာရီကျော်သည်နှင့် အပေါ်ထပ်ရော အောက် ထပ်ပါ အသံမျိုးစုံ ကြားလာရသည်။

မီးဖိုအတွင်းမှ အိုးခွက်ပန်းကန် လှုပ်လှောရှာဖွေနေသည့် အသံမျိုးလည်း ကြားရသည်။ ခဏကြာတော့ အိမ်ပေါ်မှ အသံ မကြားရတော့ဘဲ ခြံအတွင်း ပတ်လျှောက်နေသည့်အသံမျိုး ကြားနေ ရသည်။

အသံက ပျောက်သွားလိုက် ပေါ်လာလိုက်နှင့် ညဦးပိုင်းမှ စပြီး ညဆယ်နာရီ၊ ဆယ့်တစ်နာရီအထိ ကြားနေကြ အသံမျိုးစုံ ကြားရသည်။

အိမ်ကို လှုပ်လိုက်၊ အတွင်းပစ္စည်းများ လှုပ်ရှားလိုက် နေရာ



www.burmeseclassic.com

www.burmeseclassic.com



ရွေ့လိုက်နှင့် နည်းမျိုးစုံ ခြောက်လှန့်ပြီး မောသွားပုံရသည်။

ထုံးစံအတိုင်း ဆယ့်တစ်နာရီကျော်သည်နှင့် အသံလည်း မကြားရ။ လမ်းလျှောက်သံလည်း မကြားရ၊ အားလုံးပြန်လည် ငြိမ်သက်သွားသည်။

မနက်မိုးလင်းတော့ မီးဖိုအတွင်းရှိ ထမင်းကျန် ဟင်းကျန်များ မရှိတော့သလို ကြက်ခြံအတွင်းက ကြက်တစ်ကောင်က ပျောက် နေပြန်ပါသည်။

ထိုကဲ့သို့ ရက်ဆက် အခြောက်ခံလာရသည့်အတွက် အပေါ် ထပ်မှာနေသော ကိုဘစိန်လည်း အဒေါ်ဖြစ်သူ ဒေါ်ဖွားရှင်ထံ ပြေးရ တော့သည်။

ဒေါ်ဖွားရှင်က ကံဘဲ့မှာ နေသည်။

ကိုဘစိန်လည်း ကံဘဲ့ရှိ ဒေါ်ဖွားရှင်အိမ်သို့ ရောက်လာသည်။ အိမ်အပေါ်ထပ်မှာ ဒေါ်ဖွားရှင်ကို အဆင်သင့် တွေ့လိုက်သည်။

"ဟဲ့ ဘစိန် ရေးကြီးသုတ်ပြာနဲ့ ဘာဖြစ်လာတာလဲ"

ဒေါ်ဖွားရှင်က အသက်ခြောက်ဆယ်ကျော်ပြီ၊

ဒေါ်ဖွားရှင်ညီမ ဒေါ်မြခင်မှ မွေးထားသော တူနှင့်တူမတို့ မိသားစုအား မိမိပိုင်မြောက်ဥက္ကလာပရှိ အိမ်တွင် အပေါ်ထပ် အောက်ထပ် ပေးတင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောရမှာတော့ အများကြီးပဲ၊ ဘယ်ကစပြီး ပြောရမယ်၊ မသိတော့ပါဘူး ဒေါ်လေးရယ်"

"အိမ်ပြောင်းတာမှ ငါးရက်ပဲ ရှိသေးတယ်။ ပထမရောက်စ နှစ်ရက်ကတော့ ဘာမှမဖြစ်ဘူး၊ နောက်ပိုင်းသုံးရက်မှာ သုံးညလုံး ညဦးပိုင်းက စပြီး၊ သန်းခေါင်လောက်အထိ အိမ်အပေါ်ထပ်၊ အောက်ထပ်၊ အမိုးပေါ်မကျန် ဝုန်းဒိုင်းကြဲနေတာပဲ"

"ဘာကောင်က ဝုန်းဒိုင်းကြဲနေတာလဲ၊ ငါ့ကို ရှင်းအောင် ပြောစမ်း"

"ဘာကောင်မှန်းလည်း မသိဘူး"

"မီးဖိုထဲက ထမင်းကျန် ဟင်းကျန်တွေလည်း စားသွားတယ်၊ ခြံထဲက ကြက်တွေ၊ တစ်ညတစ်ကောင်လည်း ပျောက်သွားတယ်"

"ပုဏ္ဏကတိုက်တာများလား"

"ပုဏ္ဏကတိုက်တာ မဖြစ်နိုင်ဘူး"

"ဒေါ်လေးရဲ့ နတ်ကတော်က လူနေလို့ မရအောင်များ၊ အိမ်မှာ တစ်ခုခု စီရင်ခဲ့တာလားမသိဘူး"

"အဲဒီလိုတော့ `လုပ်မယ် မထင်ပါဘူးကွယ်"

"ဒေါ်လေးက လူကို အယုံလွယ်ခဲ့တာပဲ၊ ဒါကြောင့် ကံ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလို့ အိမ် မဆိုးရှုံးခဲ့တာ"

"ဟဲ့ ... အကောင်၊ နင်က ငါ့ကို ဆရာလာလုပ်နေတယ်"

"ကဲ ... ငါ ဘာလုပ်ရမလဲ စုံစမ်းဦးမယ်၊ အခုဖြစ်နေတဲ့ ကိစ္စတွေကို ရိုးရိုးလူကတော့ ဖြေရှင်းနိုင်မှာ မဟုတ်ဘူး"

"နားလည်တဲ့ ဆရာတစ်ယောက်ယောက်ကို ရှာပါဦးမယ်"

"ဒေါ်လေးရှာမယ်ဆိုရင်လည်း မြန်မြန်ရှာပါ ... ကလေးတွေ လန့်နေပြီ"

"ဒေါ်လေး ... အိမ်ကိစ္စသွားခဲ့တဲ့ ... သုံးဆယ်မြို့က ဆရာကြီးဆီ နောက်တစ်ခေါက် သွားကြည့်ပါလား"

"နေပါဦး ... ငါ သုံးဆယ်အထိ မသွားဘဲ ဒီအနီးနားမှာပဲ စုံစမ်းကြည့်ပါဦးမယ်"

ကိုဘစိန် အိမ်ပြန်သွားတော့ ဒေါ်ဖွားရှင်လည်း ထိုအိမ်ကြီး၏ ရာဇဝင်ကို ပြန်စဉ်းစားမိလိုက်သည်။

မိမိတို့မိသားစု မိရိုးဖလာလုပ်ငန်းက ဒန်အိုးဒန်ခွက်ရုံထောင်ပြီး အသက်မွေးကြသူများဖြစ်သည်။

မိမိပိုင်ဆိုင်သော မြောက်ဥက္ကလာမှ အိမ်ကြီးကို နတ်ကတော် စိုးမြင့်ထံမှ ပြန်ရအောင် မနည်းလုပ်ယူထားရသည်။

သုံးဆယ်မြို့က ယောဂီယာဂကုဆရာကြီးထံ စုံစမ်းပြီး အရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားတာ အိမ်ကြီးပြန်ရရေး ကြိုးစားခဲ့ရသည်။

တကယ်တော့ မိမိ၏သဘောကောင်းမှုကို ခုတုံးလုပ်၍ အပိုင်စီးမည့်အကြံအား ဆရာကြီး၏ အစီအမံကောင်းမှုကြောင့် သူ့အကြံပျက်သွားပြီး မိမိအိမ်ကြီးကို ပြန်ရခဲ့ခြင်းဖြစ်သည်။

× × × × × × ×

ကံဘဲ့ရပ်ကွက်မှာ နတ်ကနားပွဲ စည်ကားစွာ ကျင်းပနေသည်။

ကန္နားစီးက ကံဘဲ့၊ မြောက်ဥက္ကလာပ၊ မရမ်းကုန်းတဝိုက်မှာ နာမည်ကြီးနေသည့် နတ်ကတော်စိုးမြင့်၏ ကန္နားပွဲဖြစ်သည်။

ထိုပွဲကို တာဝန်ယူကျင်းပသည်က အန်အိုးစက်ပိုင်ရှင် ဦးကျော်၊ ဒေါ်ခင်လေးနှင့် ဦးဘရှိန်၊ ဒေါ်ဖွားရှင်တို့က မတည်ကျင်းပကြခြင်းဖြစ်သည်။

ကန္နားပွဲ သုံးရက်အတွင်း၊ ကန္နားပွဲ လာကြသူများကို ခုန်းထမင်းနှင့် ကြက်သားဟင်းကျွေးမွေး ဧည့်ခံသည်။

ကန္နားစီးစိုးမြင့်ကြောင့် အန်အိုးစက်ပိုင်ရှင်များက စီးပွားတိုးတက်လာသည်ဟု အစွဲဝင်နေကြသည်။

ပထမဆုံး ကန္နားစီးစိုးမြင့် နတ်ကနေသော ကန္နားပွဲသို့ ရောက်ခဲ့သော ဒေါ်ဖွားရှင်နှင့် ဒေါ်ခင်လေးတို့အား တစ်ပတ်အတွင်း စီးပွားရေး မထင်မှတ်အောင် တိုးတက်မည်။ အစိုးရ၏ အထောက်

www.burmeseclassic.com

www.burmeseclassic.com



အပုံ့ရမည်ဟု ပြောခဲ့သည်။

တိုက်ခိုင်မှုလား၊ ကန္တာရစီးစိုးမြင့်၏ မစမှုလားမသိ၊ တစ်ပတ်အတွင်းမှာပင် သတ္တုတွင်းဝန်ကြီးဌာနက ဒန်အိုးစက်ပိုင်ရှင်များအတွက် ဒန်အရိုင်းတုံးများ အစိုးရဈေးနှင့် ချပေးလိုက်သည်။

ထိုကဲ့သို့ ဒန်တုံးများ သက်သာသောဈေးနှင့် ရရှိလိုက်ခြင်းအတွက် နတ်ကတော်စိုးမြင့်၏ ပြောချက်၊ ဒက်ထိမှန်သည်ဟု သတင်းပျံ့သွားသည်။

ထို့နောက်တော့ ဒန်အိုးစက်ပိုင်ရှင်များ၊ လုပ်ငန်းရှင်များ နတ်ကတော်စိုးမြင့်၏ တပည့်ကြီးများ ဖြစ်လာကြသည်။

မကြာမကြာ နတ်ကန္တာရကျင်းပဖြစ်သည်။ ထိုအချိန်က ဒန်အိုးစက်ပိုင်ရှင်များနှင့် ကန္တာရစီးစိုးမြင့်တို့ ကံလိုက်ပုံရသည်။

သူပြောပြောလိုက်တိုင်း ဖြစ်လာသည့်အတွက် စိုးမြင့်ကန္တာရစီးနေချိန်မှာ ပါးစပ်ဟလိုက်လျှင် အားလုံးဖြစ်ပြီးသားပင်။

ကန္တာရပွဲရက် တစ်ရက်မှာ ကိုကြီးကျော်နတ်က ကန္တာရစီးစိုးမြင့်အား ဝင်စီးပြီး ကြက်တိုက်အရက်သောက်၊ ကြက်ကြော်စားနေသည်။

ထိုအချိန် ကန္တာရရုံအတွင်းမှာ ကိုဘစိန်လည်း ဖော်လားဒေါ်ဖွားရှင်နှင့်အတူ ပါလာပြီး ထိုင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဘစိန်လည်ပင်းမှာ တစ်ကျပ်သားရှိ ဆွဲကြိုးကြီးမှာ ရွှေရောင်တဝင်းဝင်း အထင်သား ပေါ်နေရာ စိုးမြင့်က ကိုကြီးကျော်ဝင်ပူး၍ ကခုန်နေရင်း ကိုဘစိန်၏လည်ပင်းမှ ဆွဲကြိုးကို တောင်းသည်။

ကိုကြီးကျော်က ခါတ်ကျ၍ တောင်းသည်ဟု ဆိုပါသည်။

ပွဲကစဉ်တောင်းသဖြင့် ဒေါ်ဖွားရှင်က တူဖြစ်သော ကိုဘစိန်အား ဆွဲကြိုးကို ချွတ်ပြီး ကိုကြီးကျော်ကို ဆက်သရန် ပြောသဖြင့် လည်ပင်းမှ ချွတ်ပေးလိုက်သည်။

ကန္တားစီးစိုးမြင့်ကလည်း ဆွဲကြိုးကြီးကို လည်ပင်းမှာဆွဲပြီး ကြက်တိုက်သည့် တီးလုံးကို တီးခိုင်းပြီး အားပါးတရ ကတော့သည်။

ကန္တားပွဲသိမ်းသည်နှင့် ကိုဘစိန်က ဆွဲကြိုးကို ပြန်တောင်းတော့သည်။

"ဟာ အဖေကျော်က သူ့သားအတွက် ဆုအဖြစ် လက်ဆောင်တောင်းပေးခဲ့တာ၊ ဘယ်ပြန်ပေးလို့ ဖြစ်မလဲ"

ထိုစကားတစ်ခွန်းနှင့်ပင် ကိုဘစိန်လည်း ဒေါ်လေးဖြစ်သူအား မကြေမချမ်းပြောပြီး . လှည့်ပြန်ခဲ့ရသည်။

ထို့နောက် ရှိသေးသည်။ သူ့မိသားစုမှာ ညောင်တုန်းမြို့တွင်



www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့ပြီး သူက ကန္တာရပွဲတွေကြောင့် ရန်ကုန်မှာ လာနေရသည်။

သို့ကြောင့် ဒေါ်ဖွားရှင်ပိုင် မြောက်ဥက္ကလာတွင် အိမ်တစ်လုံး အပိုရှိနေသဖြင့် ထိုအိမ်ကို သူ့အား နေထိုင်ခွင့်ပြုပါရန် ကန္တာရပွဲကသောရက်မှာ အကူအညီ တောင်းခဲ့သည်။

ဒေါ်ဖွားရှင်လည်း တစ်နှစ်ပြီးတစ်နှစ် စီးပွားတက်နေသည့် အကြောင်းတရားမှာ ကန္တာရစီးစိုးမြင့်၏ ကူညီမစခဲ့ခြင်းကြောင့်တုသဘောပိုက်ထားသည့်အတွက်

"ဆရာ့တစ်သက် မြောက်ဥက္ကလာပက အိမ်ကြီးမှာ သွားနေပါ"

ထိုစကားတစ်ခွန်းနှင့်ပင် ကန္တာရစီးစိုးမြင့်မိသားစုလည်း ဒေါ်ဖွားရှင်၏အိမ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

ဒေါ်ဖွားရှင်အိမ်သို့ ပြောင်းရွှေ့နေထိုင်ပြီး ကန္တာရစီးသည့်အလုပ်ကို ဆက်လက်လုပ်ကိုင်နေသည်။"

ကိုကြီးကျော် ကြက်ရေသောက်ရန် အသုံးပြုနေသော ငွေဖလားအစား၊ ဒန်အိုးစက်ပိုင်ရှင့်များ စုပေါင်းပြီး ရွှေအစစ်နှင့် ငါးကျပ်သားအလေးချိန်ရှိ ရွှေဖလားတစ်လုံး လုပ်ပေးခဲ့သည်။

နောက်ပိုင်းကန္တာရပွဲများတွင် ကိုကြီးကျော် ကြက်တိုက်ရာ ရွှေဖလားကြီးနှင့် ထည်ထည်ဝါဝါ ရှိခဲ့သည်။

ထိုကဲ့သို့ ကန္တာရစီးစိုးမြင့်နှင့် ဒန်အိုးစက်မိသားစုများ လက်တွဲ



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ကြသည်မှာ သုံးနှစ်ကျော် လေးနှစ်နီးပါး ကြာလာခဲ့သည်။ ထိုကာလအတွင်း ဟောချက်များကလည်းမှန်၊ စီးပွားများလည်း တိုးတက်ခဲ့ကြပါသည်။

ထို့နောက်ပိုင်းမှာတော့ ဟောပြောချက်များ ကွဲလွဲလာသလို ဟောပြောချက်များ အားကိုးပြီး လုပ်ကိုင်ကြသူတို့ လုပ်ငန်းများ လွဲချော်ကာ စီးပွားများ ကျလာသည့်အတွက် ကန္တာရစီးစိုးမြင့်နှင့် လက်တွဲဖြုတ်သွားကြသည်။

ဒေါ်ဖွားရှင်တို့က လက်တွဲဖြုတ်၍ မရသေး၊ သူ၏အိမ်ပေါ်မှာ ရောက်နေသည် မဟုတ်ပါလား။

နောက်ပိုင်းပွဲများတွင် ကန္တာရစီးစိုးမြင့်၏ ပွဲခွင်အတွင်း ဝင်ကကြရင်း ရွှေဖလားခွက်ကို ကိုင်ကြည့်မိသူတစ်ယောက်က ဒေါ်ဖွားရှင်အား ရွှေခွက်အလေးချိန် လျော့နေပုံ သတိပြုမိကြောင်း တိုးတိုးတိတ်တိတ် ပြောပြသည်။

ကန္တာရစီးစိုးမြင့်က ကိုကြီးကျော်အား မည်သူ့ကိုမှ အပူးအကပ်မခံ။ ရွှေဖလားကိုလည်း သူသာကိုင်ပြီး ကြက်ရေတိုက်ရာမှာ သုံးခဲ့သည်။

သို့ကြောင့် စိုးမြင့်အလစ်မှာ ရွှေခွက်ကို ယူပြီး ချိန်ကြည့်ရာ ငါးကျပ်သားရှိ ရွှေဖလားခွက်က တစ်ကျပ်သားကျော်ကျော်သာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတော့သည်ကို တွေ့လိုက်ကြသည်။

သူ၏မိန်းမတွင် ရွှေဘီး၊ ရွှေဆွဲကြိုး၊ ရွှေလက်ကောက်များ တိုးပွားနေသည်ကို တွေ့ကြရသည်။

ပွဲဆက်ကျဲသွားသဖြင့် ကန္တားစီးစိုးမြင့်လည်း စီးပွားရေး ကျဆင်းလာသည်။

ဖေါ်ဖွားရှင်လည်း ဒန်အိုးစက်လုပ်ငန်းများ ယခင်ကကဲ့သို့ စီးပွားမဖြစ်ထွန်းဘဲ လုပ်သမျှ အလွဲလွဲ အချော်ချော် ဖြစ်ခဲ့သည်။

အစိုးရကလည်း ဒန်တုံးများ ချမပေးတော့။ သို့ဖြင့် ဒန်အိုး စက်လုပ်ငန်းကို ရပ်ပစ်လိုက်ရသည်။

ထိုအခါ မြောက်ဥက္ကလာမှ အိမ်ကြီးကို ရောင်းရန် စိတ်ကူး ရသဖြင့် ကန္တားစီးစိုးမြင့်ထံမှ ပြန်တောင်းသည်။

သူကို အပိုင်ပေးပြီးဖြစ်၍ ပြန်မပေးနိုင်ဟု ဆိုလာသည်။

အိမ်ဂရန်က မိမိလက်ထဲမှာ ရှိသော်လည်း သူ့အား ဒန်အိုးစက် လုပ်ငန်းရှင်များရှေ့မှာ သူသိရုံကြား ပေးပြီးဖြစ်၍ ဆင်းမပေးနိုင်ဟု ဆိုလာသည်။

ဖေါ်ဖွားရှင်၏ စကားတစ်ခွန်းကို အကြောင်းပြုပြီး အကြောက် အကန် ငြင်းနေသဖြင့် အခက်တွေ့နေစဉ် မိတ်ဆွေတစ်ဦးက အကြံဉာဏ်ပေးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးဆယ်မြို့မှာရှိသော ဆရာကြီးက ဒီလိုကိစ္စများကို ကူညီဖြေရှင်း ပေးနိုင်ကြောင်း ပြောလာပါသည်။

ထို့ကြောင့် ဒေါ်ဖွားရှင်လည်း သတင်းကြားလျှင် ကြားချင်း၊ သုံးဆယ်မြို့သို့ ထွက်လာခဲ့သည်။

ထိုသတင်းပေးသူ၏ လမ်းညွှန်မှုနှင့် သုံးဆယ်မြို့ရှိ ဆရာကြီး ဦးစိန်လှိုင်ထံသို့ ရောက်ခဲ့သည်။

ဒေါ်ဖွားရှင်လည်း ဆရာကြီးကို အိမ်မှာပင် အဆင်သင့် တွေ့ရှိလိုက်ပါသည်။

ဘုရားခန်းမှာ ဆရာကြီးက ထိုင်နေသဖြင့် ဒေါ်ဖွားရှင်လည်း ဘုရားကို ဦးချလိုက်ပြီး ဆရာကြီးကိုပါ ဦးချလိုက်သည်။

ဆရာကြီးအား လာခဲ့ရခြင်းအကြောင်း ရှင်းပြလိုက်သည်။ ပြီးနောက် ရန်ကုန်သို့ လိုက်ပါပြီး၊ အခက်အခဲများကို ကူညီဖြေရှင်းပေးပါရန် တောင်းပန်လိုက်သည်။

ဆရာကြီးက ဒေါ်ဖွားရှင်အား

"ရန်ကုန်လိုက်ရမှာ ပြဿနာ မရှိပါဘူး၊ ဒါပေမဲ့ လိုက်ဖို့လိုမယ် မထင်ဘူး"

"ဒီကိစ္စကို ဒီမှာ တစ်ထိုင်တည်း ဖြေရှင်းပေးနိုင်ပါတယ်"

"အားကိုးပါတယ် ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး ဆရာကြီး၊ ဒေါ်ဖွားရှင်ရဲ့ ကိစ္စကို အရင်အာရုံ ပြု ကြည့်လိုက်ဦးမယ်"

ဆရာကြီးက မျက်လုံးမှိတ်ပြီး ထိုင်နေပါသည်။

မျက်လုံးမှိတ်ထားရာက ခေါင်းညိတ် ခေါင်းခါလုပ်နေသည်ကို တွေ့ရသည်။

၁၀မိနစ်ခန့်ကြာတော့ ဆရာကြီးမျက်လုံး ပွင့်လာပြီး ဒေါ်ဖွားရှင် အား ...

"ကဲ ... ဒေါ်ဖွားရှင်၊ နတ်ကတော်က ပြောနေပါလား"

"ဟုတ်ကဲ့ ပြောပါဆရာကြီး"

"သူ့ကို ဒေါ်ဖွားရှင်က မောင်စိုးမြင့် ဒီတစ်သက် သေသည် အထိ နေထိုင်ခွင့်ပြုခဲ့လို့၊ နေထိုင်တာလို့ ပြောနေပါလား"

"ကျွန်မလည်း သူ့ကို ဘယ်အချိန်က ဘာစကားပြောခဲ့တယ် ဆိုတာ မမှတ်မိတော့ပါဘူး ဆရာကြီး"

"ဖြစ်နိုင်တာကို ပြောရရင် ဒေါ်ဖွားရှင်က ခွင့်ပြုချက် မပေးဘဲ နဲ့တော့ သူလာနေမှာ မဟုတ်ဘူး"

"အခု သူ့သဘောထားကို ဆရာကြီးကို ပြောနေတယ် သူသေမှ ဖယ်ပေးမယ်တဲ့"

"ပိုင်ရှင်မထားချင်တော့တဲ့ နေရာမှာ၊ ဆက်မနေကော အားလုံး

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာလိမ့်မယ်လို့ ဆရာပြောခဲ့ပေမယ့်"

"သူက ဆင်းမပေးနိုင်ဘူးလို့ ပြန်ပြောတယ်"

"အဲဒီလိုတော့ အကြပ်မကိုင်ပါစေနဲ့ ဆရာကြီး၊ ကျွန်မကို အဲဒီနတ်ကတော် အိမ်ပေါ်က ဆင်းသွားအောင် ကူညီပေးပါ"

"အကျိုးအကြောင်း ကိစ္စကလည်း သိပြီးပြီ၊ ကိုယ့်ပစ္စည်း ဖြစ်ပေမယ့် နှုတ်ကလွှန်ထားပြီးပြီ"

"ဆရာကြီးကလည်း ဆိုင်ရာပိုင်ရာတွေနဲ့ နိုင်လိုမင်းထက် မောင်းချပေးလို့ မဖြစ်ဘူး"

"ဒီတော့ ဆရာကြီး အင်းတစ်ချပ် စီရင်ပေးလိုက်မယ်"

"အိမ်ပြန်ရောက်ရင် အင်းကို ပြာချလိုက်၊ သူတို့အိမ်က သောက်ရေအိုးထဲ ရောက်အောင်ထည့်၊ ပြီးမှ စကားသွားပြော၊ လင်ရောမယားရော၊ ကိုယ့်စကားကို ပြဿနာ မရှာဘဲ အေးအေး ချမ်းချမ်း လိုက်လျောလိမ့်မယ်"

"လိုချင်စိတ်နဲ့ ချက်ချင်းမသွားနဲ့၊ ရေအိုးထဲ ပြာထည့်ပြီး နောက်နေ့မှသွား၊ အန္တရာယ်ပေးတဲ့ အင်းမဟုတ်ဘူး၊ ပြောစကား ဆိုစကား အောင်အောင် လုပ်ပေးတာ"

"သူတို့အတွက် အိမ်ငှားနေနိုင်အောင် တစ်လနှစ်လ စားနိုင် သောက်နိုင်အောင် အရင်းအနှီးသဘောမျိုး ပေးလိုက်၊ သူတို့

www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်သားလုံး ကျေကျေနပ်နပ်နဲ့ ဆင်းပေးလိမ့်မယ်"

"အင်းရေသောက်ပြီးပြီဆိုပြီး အထက်စီးနဲ့ မသွားနဲ့၊ သူတို့ကို အလျော်အစား မပေးဘဲ သွားမနှင်နဲ့၊ ပြဿနာဖြစ်လာရင် ဆရာ့ဆီ ပြန်မလာခဲ့နဲ့"

သို့ဖြင့် ဆရာကြီး မှာကြားသည့်စကားများကို သေချာမှတ်သားပြီး ဆရာကြီးကို ကန်တော့ကာ ရန်ကုန်သို့ ပြန်လာခဲ့သည်။

× × × × × × ×

ရန်ကုန်သို့ ပြန်ရောက်ပြီးနောက် ဆရာကြီးမှာသည့်အတိုင်း အင်းကိုပြာချ၍ ကိုဘစိန်အား အလည်သဘောမျိုးနှင့် သွားစေပြီး၊ နတ်ကတော်မိသားစုသောက်ရေအိုးအတွင်း ထည့်ခိုင်းလိုက်သည်။

နောက်နေ့ရောက်တော့ ဒေါ်ဖွားရှင် နတ်ကတော်စိုးမြင့်၏ မိသားစုထံ သွား၍ စကားသွားပြောသည်။

နှစ်ဦးနှစ်ဘက်၊ ညှိနှိုင်းဆွေးနွေးပြီး နတ်ကတော်စိုးမြင့် မိသားစုလည်း အိမ်မှ အသာတကြည်ပြောင်းရန် သဘောတူခဲ့သည်။

ကန္တားစီးစိုးမြင့်တို့မိသားစု ပြောင်းရွှေ့ပြီးနောက်၊ အိမ်ကို မရောင်းသေးဘဲ အိမ်ငှားရန် စီစဉ်နေသော တူနှင့်တူမမိသားစုအား အငယ်မမိသားစုကို အောက်ထပ်၊ အဖြူးကိုဘစိန်မိသားစုကို



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်မှာ ထားလိုက်သည်။

ဒေါ်ဖွားရှင်လည်း ကန္တာရစီးစိုးမြင့်နှင့်ပင် အမှတ်တရ ဖြစ်သွား သည်။

ဆွေမျိုးသားချင်းပင်ဖြစ်စေ အယုံအကြည် မရှိတော့။ အိမ် မရောင်းမချင်း နေထိုင်ခွင့်ပြုသည်ဆိုပြီး စပေါ်နှင့် အိမ်လခမယူ သော်လည်း အိမ်ရှင်အိမ်ငှားစာချုပ် ချုပ်ထားလိုက်သည်။

တူနှင့် တူမကလည်း အခကြေးငွေ မပေးရပေမင့် အဒေါ် ဖြစ်သူအား စကားနာထိုးပြီး ရပ်ကွက်လူကြီးရှေ့တွင် စာချုပ်ပေါ်မှာ လက်မှတ်ထိုးပေးခဲ့သည်။

ယခု ကိုဘစိန်တို့ အိမ်ပေါ်ရောက်ပြီး သုံးရက်အကြာမှာပင် အိမ်ကြီးမှာ မမြင်ရသော အကောင်တစ်ကောင် ရှိနေကြောင်း သိလိုက်ရသည်။

ကြက်ခြံမှ ကြက်များလည်း ပျောက်သည်။ ထမင်းကျန် ဟင်းကျန်များလည်း ပျောက်သည်။ မည်သည့်အကောင်မှန်းတော့ မသိရသေး။

ညညဆိုလျှင် အသံတွေ ဝုန်းဒိုင်းကြဲပြီး အားရလောက်မှ စားစရာရှိတာစားပြီး၊ အသံများ တိတ်ဆိတ်ငြိမ်သက်သွားလေ့ရှိသည်။

အိမ်မှာရှိသော ကလေးများရော၊ လူကြီးများပါ ထိတ်လန့်



www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။ ဒေါ်လေးဆီကလည်း သတင်းထူးမလာ၊ ဆရာ ရှာမတွေ့သေးဘူးထင်သည်။

ဒေါ်ဖွားရှင်က ကိုဘစိန်ရောက်သွားပြီး သုံးရက်နေမှ အိမ်သို့ ရောက်လာခဲ့သည်။

"ဒေါ်လေးကလည်း ချက်ချင်း မလာဘူး"

"နောက်ထပ် ဘာတွေ ထူးခြားလို့လဲ"

"ဟာ ... ညတိုင်း ဝုန်းဒိုင်းကြဲနေတာ၊ စားစရာ လက်ကျန်တွေလည်း ညတိုင်း ရှင်းပေးနေတာ ဒေါ်လေးရ"

"မင်းစကားက ဘာလဲ"

"ထမင်းကျန် ဟင်းကျန်တွေ စားသွားတာကို ပြောတာ၊ ကြက်လည်း ကုန်တော့မယ်"

"ကဲ ... အဲဒါတွေ ခေါင်းထဲက ထုတ်ထားလိုက်၊ အခု ငါနဲ့ ပုရွက်ဆိတ်ကုန်းဘူတာနားကို သွားရအောင်"

"ဘာကိစ္စလည်း ဒေါ်လေး"

"လိုက်ခဲ့ လမ်းကျမှ ငါပြောမယ်"

ကိုဘစိန်လည်း တံတားလေးဘူတာမှ မြို့ပတ်ရထားနှင့် ပုရွက်ဆိတ်ကုန်းသို့ လာခဲ့ကြသည်။

မကြာခင် ပုရွက်ဆိတ်ကုန်းဘူတာသို့ ရောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘူတာမှ ဆင်းပြီး ကုန်းပေါ်သို့ တက်ခဲ့ကြသည်။

အိမ်တစ်အိမ်သို့ ဒေါ်ဖွားရှင် ဦးဆောင်ပြီး ဝင်သွားကြသည်။

အိမ်က တစ်ထပ်ခြေတံရှည် အိမ်တစ်အိမ်ဖြစ်သည်။

"ဆရာမ ရှိလား"

"ဪ၊ အဖွား ... ဆရာမရှိပါတယ်" ရေချိုးနေလို့ ခဏထိုင်စောင့်ပါ။

အိမ်ပေါ်မှာ အသက်နှစ်ဆယ်ခန့် အမျိုးသမီးတစ်ယောက်က ဖျာခင်းပေးသဖြင့် တူဝရီးနှစ်ယောက် ထိုင်လိုက်ကြသည်။

ဆယ့်ငါးမိနစ်ခန့်ကြာတော့ အသက်ငါးဆယ်ခန့် ဆရာမကြီး ဆိုသူ ထွက်လာသည်။

ဆရာမကြီးက ဘုရားခန်းမှာ ထိုင်လိုက်သည်။

"ရေနွေးတွေ သောက်ကြပါ"

"ဟုတ်ကဲ့၊ သောက်ပါတယ် ဆရာမ"

"ကိစ္စ အထူးရှိပါသလား"

ဒေါ်ဖွားရှင်လည်း လာရခြင်းအကြောင်းအရင်းကို ရှင်းပြလိုက်သည်။

ဒေါ်ဖွားရှင်၏ စကားဆုံးသည်နှင့် ဆရာမက ဘုရားစင်ဘက်သို့ လှည့်လိုက်ပြီး ဘုရားရှိခိုးနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် မျက်လုံးကို မှိတ်ထားပြီး အာရုံခံသလို လုပ်နေပုံ ရသည်။

ဆရာမ ဘာပြောမည်လဲဟု အားလုံး စိတ်ဝင်စားနေကြသည်။

ခဏကြာတော့ ဆရာမနှုတ်က မထင်မှတ်သော စကားတွေ ပြောလာပါသည်။

"အင်း ... အစ်မကြီးတို့ ခြံထဲမှာ သရဲမွေးထားတာပါလား"

"ဟင်"

"အို"

"ဟုတ်တယ်၊ အိမ်ရှေ့ခြံထောင့်မှာ မအူပင်ကြီးရှိတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာမ ... သက်ကြီး မအူပင်တစ်ပင် ရှိပါတယ်"

"အဲဒီ အပင်မှာ ... သရဲတစ်ကောင်ရှိတယ်"

"အရင်နေခဲ့တဲ့လူက မွေးထားခဲ့တာ ... ပြောင်းသွားပြီး သူ့ရှိစဉ်က အစာကျွေးပြီး ခိုင်းချင်တာ ခိုင်းစားခဲ့တာ"

"သရဲက သူ့စကား နားမထောင်တာကြာပြီ ဖြစ်မယ်၊ သူစီးပွားကျသွားပေမယ့် ... သရဲကို မနှင်ဝံ့ဘဲ အစာတော့ ဆက်ကျွေးထားတယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အခု ... အဲဒီ မွေးထားတဲ့လူ ပြောင်းသွားတော့ ... သရဲက ကျန်ခဲ့တယ်"

"ကျန်ခဲ့တဲ့ သရဲက အစာမစားရလို့ သောင်းကျန်းတာ"

"သူ့သခင်အစစ် မဟုတ်လို့၊ ရောက်ရောက်ခြင်း ဘာမှ မလုပ်တာ၊ ကြာရင်တော့ သူစားနေကျအတိုင်း မစားရရင် အိမ်မှာ ရှိတဲ့ လူတွေကို အန္တရာယ်ပေးလိမ့်မယ်"

"အခုတော့ ... ကျွန်မတူမရဲ့ ကြက်တွေ ... တစ်ည တစ်ကောင်ယူပြီး စားပစ်နေပြီ"

ကြက်တွေ ကုန်သွားရင် အစာကျွေးရင်ကျွေး၊ မကျွေးရင် အန္တရာယ် ပေးလိမ့်မယ်"

"အဲဒီသရဲကို နှင်ပေးလို့ မရဘူးလား၊ ဆရာမ ကူညီနိုင်ရင် ကူညီပေးပါ"

"ကူညီနိုင်ပါတယ်"

"ဒီည ... မှောင်တဲ့အချိန်၊ အဲဒီ မအူပင်ကြီးပင်စည်ရင်းမှာ ဆေးဖယောင်းတိုင် သွားထွန်းရမယ်"

"ဖယောင်းတိုင် ကုန်တာနဲ့ ... အပင်ကြီးမှာနေတဲ့ သရဲကြီး ... အဲဒီ အပင်ကြီးက ထွက်သွားလိမ့်မယ်"

"ဖယောင်းတိုင် မီးမသေအောင်တော့ သတိရှိရှိနဲ့ စောင့်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



ရမယ်။ ညရှစ်နာရီတိတိစထွန်း”

“လေတိုက်လို့ မီးသေသွားရင် အန္တရာယ်ပြုမှာလား”

“အတတ်နိုင်ဆုံး မီးမညှိမ်းအောင်တော့ ဂရုစိုက်ပေးရမှာပေါ့။ လေတအားတိုက်ပြီး မီးညှိမ်းသွားရင်လည်း မီးဇာမှာ အငွေ့မကုန်ခင် ချက်ချင်းပြန်ထွန်း၊ မီးခြစ်ဆောင်ထား။ အဲဒီလို လုပ်နိုင်ရင် ဖြစ်ပါတယ်”

ဆရာမကြီးက ခြောက်လက်မခန့်ရှိ ဖယောင်းတိုင်ကြီးကြီး တစ်တိုင်မှာ အင်းများ စာများကို ရေးနေပါသည်။

“ကဲ ... ဒီဖယောင်းတိုင်ကို ပေါဒီသပိတ်အကွဲပေါ်မှာ တင်ပြီးထွန်း ... ဆရာမမှာတဲ့အတိုင်း ဖယောင်းတိုင်ကုန်အောင် ထွန်း”

ဒေါ်ဖွားရှင်က တူဖြစ်သူအား

“ဘစိန် ... ညဘက် မင်းထွန်းရဲလား”

“ဟာ ကျွန်တော် သရဲကြောက်တာ ဒေါ်လေးသိရဲ့နဲ့”

“အံမယ်၊ ကလေးပဲ လေးယောက်ရနေပြီ၊ အခုထိ သရဲ ကြောက်တုန်းလား”

“သရဲကိုတော့ ကြောက်တာပေါ့ ... ကျွန်တော်ဝစ်အောက် တည်း ... အမှောင်ထဲမှာ မနေဝံ့ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒါဆို၊ ဒီလိုလုပ် ... ဆရာမရဲ့မောင် ညနေ အလုပ်ကနေ ပြန်လာလိမ့်မယ် ... သူက ဒီလိုကိစ္စတွေ အကူအညီ ပေးနိုင်တယ်၊ သတ္တိလည်း ရှိတယ်"

"လိပ်စာပေးသွား၊ သူ့ကို ညနေ လွှတ်လိုက်မယ်၊ သူ စက်ဘီးနဲ့ လာလိမ့်မယ်"

"လွှတ်လိုက်ပါ ဆရာမရယ်၊ မယ်လမှုဘုရားရှေ့က ရပ်ကွက် မှာ နေပါတယ်"

ကိုဘစိန်လည်း လိပ်စာရေးပေးလိုက်သည်။

"ဆရာမကြီးရဲ့မောင်နာမည် ဘယ်သူပါလဲ"

"ကိုကျော်တင့် ... မင်းအရွယ်လောက်ပဲ ရှိမယ်"

"ညခုနစ်နာရီလောက် ရောက်လိမ့်မယ် ... သူ့အားလုံး လုပ်ပေးလိမ့်မယ်" မင်းကတော့ မောင်ကျော်တင့်နဲ့ အဖော်နေပေး လိုက်ပေါ့"

"ဟုတ်ကဲ့ ... ကျွန်တော်က တစ်ယောက်တည်းသာ မစွမ်းတာ၊ အဖော်ပါရင် သချိုင်းထဲတောင် သွားဝံ့ပါတယ်"

ထို့နောက် ဆရာမကြီးကို တူဝရီးနှစ်ယောက် နှုတ်ဆက်ပြီး ပြန်ခဲ့ကြသည်။

× × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



ညခုနစ်နာရီခွဲခန့် မောင်ကျော်တင့် စက်ဘီးနှင့် ရောက်လာသည်။

"လာ ... လာ ... အိမ်ပေါ်တက်ဦး"

"လမ်းက လူရှင်း ကားရှင်းဆိုတော့ ဆယ့်ငါးမိနစ်လောက်ပဲ နင်းလိုက်ရတယ်။ ကဲ ... အားလုံး အဆင်သင့်ပဲ မဟုတ်လား"

"ဆရာမကြီးက ညရှစ်နာရီ စထွန်းရမယ်လို့ မှာလိုက်တယ်။ ကျွန်တော်ကတော့ အဆင်သင့်ပါပဲ"

"ဒါဆို ... ရှစ်နာရီအထိ စောင့်လိုက်တာပေါ့"

သို့ဖြင့် ကိုကျော်တင့်နှင့် ကိုဘစိန်တို့ ညရှစ်နာရီခန့် ခြံထောင့်ရှိ မအူပင်ကြီးသို့ လာခဲ့သည်။

အိမ်မျက်နှာစာနှင့် မအူပင်ကြီးက ပေလေးဆယ်ခန့် ကွာဝေးသည်။

ကိုကျော်တင့်လည်း အစ်မကြီးမှာလိုက်သည့်အတိုင်း အစီစဉ်တကျ ပြုလုပ်ပေးသည်။

သပိတ်ကွဲကို အောက်ကခံလိုက်ပြီး အပေါ်က ဖယောင်းတိုင်ကို ထွန်းလိုက်သည်။ လေက ငြိမ်နေသည်။

ဝှန်း ... ဝှန်း



www.burmeseclassic.com

www.burmeseclassic.com



ဖရော ... ဝေါ

သစ်ကိုင်းလှုပ်ရှားသံနှင့်အတူ မအူရှုတ်များ ကျလာသည်။

"တင် ကိုကျော်တင့် ... သစ်ပင်ပေါ်က သရဲကြီး လှုပ်လှုပ်ရှားရှား ဖြစ်နေပြီ၊ ကျွန်တော်တို့ကိုများ ရန်ပြုနေဦးမလား မသိဘူး"

"မစိုးရိမ်ပါနဲ့၊ အစ်မက သရဲကြီးပြန်ပြီး မတိုက်ခိုက်နိုင်အောင် အထိမ်းအချုပ် အင်းပါ စီရင်ပေးထားတယ်တဲ့"

"မီးမည်းမိမ်းအောင်ဘဲ ဂရုစိုက်ကြတာပေါ့"

ဖယောင်းတိုင် တစ်ဝက်ခန့်အရောက် သစ်ပင်ပေါ်မှ သစ်ကိုင်းလှုပ်ရှားသံများ ဆူညံစွာ ကြားလိုက်ရသည်။

ဝုန်း ... ဝုန်း ... ဝေါ

ဖရော ... ဝုန်း

သစ်ပင်ပေါ်က သရဲကြီး အငြိမ်မနေ

သစ်ပင်ကြီးလည်း လှုပ်ယမ်းနေသည်။

ဖယောင်းတိုင် သုံးပုံနှစ်ပုံခန့် ကျော်သည်နှင့်

ဝုန်း

ဟူသော ကျယ်လောင်သည့်အသံကြီး ပေါ်လာပြီး ကိုကျော်တင့် တစ်ယောက် တောင့်တောင့်ကြီးဖြစ်ကာ ပက်လက် လဲကျသွား



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"ဟာ ကိုကျော်တင့်၊ ကိုကျော်တင့် ဘယ်လိုဖြစ်သွားတာလဲ မသိဘူး"

ကိုဘစိန်လည်း အိမ်သို့ ပြန်ပြေးလာသည်။

"ဒေါ်လေး ... ဒေါ်လေး"

"ဟဲ့ ဘစိန် ဘာထူးလဲ"

"ထူးဆို သစ်ပင်ပေါ်က သရဲခုန်ချပြီး ကိုကျော်တင့်လည်း ပက်လက် လဲကျသွားတယ်၊ အခု ခေါ်လို့ မရတော့ဘဲ တောင့်တောင့်ကြီး ဖြစ်နေပြီ"

"အသက်မှ ရှိသေးရဲ့လား"

"မသိဘူး၊ ကျွန်တော်လည်း ကြောက်ပြီး ပြန်ပြေးလာခဲ့တာ"

"ဒါဆို မဖြစ်ဘူး၊ မင်းမောင်ကျော်တင့်ရဲ့စက်ဘီးကိုယူသွား၊ သူ့အစ်မကို အကျိုးအကြောင်းပြောပြီး အမြန်ခေါ်လာခဲ့"

"အပြန်ဆရာမ ပါလာရင်၊ ဂရုစိုက်ပြီး နင်းခဲ့ဦး"

"စိတ်ချပါ၊ လူတစ်ယောက်လောက်တော့ အသာလေးတင်ပြီး နင်းနိုင်ပါတယ်"

ကိုဘစိန်လည်း ဆရာမကိုခေါ်ရန် စက်ဘီးနှင့် ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်အောက်မှာ ကိုကျော်တင့်တစ်ယောက် စန့်စန့်ကြီး လဲနေသည်။

တစ်လက်မခန့်သာ ကျန်သည့် ဖယောင်းတိုင် အလင်းရောင်လေးက မညိမ်းဘဲ ရှိနေသေးသည်။

နာရီဝက်နီးပါးကြာတော့၊ ဆရာမနှင့် ကိုဘစိန်တို့ စက်ဘီးတစ်စီးနှင့် ရောက်လာကြသည်။

ဆရာမလည်း ရောက်ရောက်ခြင်း ဒေါ်ဖွားရှင်အား

"အစ်မကြီးမောင်ကျော်တင့်ကို သရဲဝင်စီးနေတာ ... သူ့ကို သင့်တော်မယ့်နေရာ၊ သွားပို့ရမယ်။ ဒါကြောင့် ဆိုက်ကားတစ်စီး အသင့်ခေါ်ခဲ့တယ်"

"သောက်ရေအိုးထဲကရေကို ... ပုလင်းတစ်လုံးထဲ ထည့်ပြီး ဆရာမဆီ ယူလာပေးပါ"

ကိုဘစိန်က ရေထည့်ထားသော ပုလင်းအား ဆရာမကြီးကို ပေးလိုက်သည်။

ဆိုက်ကားပေါ်သို့ တောင့်တောင့်ကြီးလဲနေသော ကိုကျော်တင့်အား မတင်လိုက်ကြသည်။

"ကဲ ... ဗိုးရိပ်ချောင်းဘက်ကို ဘယ်လမ်းက ပေါက်လဲ၊ ဗိုးရိပ်ချောင်းစပ်ကို သွားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီး ညွှန်ကြားသည့်အတိုင်း ငမိုးရိပ်ချောင်းဘက်သို့ ဆိုက်ကားတစ်စီးနှင့် ထွက်လာသည်။

ကိုတစ်နိုက ဆရာမကြီးအား တင်ပြီး ဆိုက်ကားနှင့် နောက်မှ လိုက်ခဲ့သည်။

မကြာခင် ငမိုးရိပ်ချောင်းစပ်သို့ ရောက်လာသည်။

"ရှေ့က သစ်ပင်ကြီးအောက်မှာ ရပ်လိုက်"

"ဒီအပင်မှာလည်း အစောင့်တစ်ကောင် ရှိတယ်။ သဘော ကောင်းပုံရပါတယ်"

"ဆရာမ ခွင့်တောင်းလိုက်ဦးမယ်"

ဆရာမကြီးလည်း စက်ဘီးပေါ်ကဆင်း၍ သစ်ပင်ကြီးအောက် သွားရပ်ပြီး၊ အပေါ်သို့ မော့ကြည့်ကာ ပါးစပ်မှ တတွတ်တွတ် ပြောဆိုနေသည်။

"ကဲ ... ဒီသစ်ပင်မှာ သူနဲ့အတူနေဖို့ ခွင့်ပြုချက်တော့ ရခဲ့ပြီ"

ဆရာမကြီးလည်း အသင့်ယူလာသော ရေပုလင်းကို ပါးစပ်မှ ဂါထာတိုးတိုးလေး ရွတ်လိုက်သည်။

ထိုရေနှင့် ကိုကျော်တင့်မျက်နှာကို တောက်လိုက်သည်။ ငါးစာ အတွင်းမှာပင် တောင့်တောင့်ကြီး ဖြစ်နေသော ကိုကျော်တင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ခွေကျသွားပြီးနောက် သတိပြန်ရလာသည်။

"ကျွန်တော် ဘာဖြစ်သွားတာလဲ၊ အခု ရောက်နေတာ ဘယ်နေရာလဲ"

အမြင်ပြောင်းလဲသွားသလို အစ်မဖြစ်သူအား မြင်လိုက်သည့်ကိုကျော်တင့်မှာ သိလိုစိတ်ကြောင့် မေးမြန်းလိုက်သည်။

"မအူပင်ပေါ်က သရဲက ငှဲမောင့်ခန္ဓာကိုယ်မှာဝင်စီးပြီး သစ်ပင်အောက်မှာ လဲနေလို့ အစ်မလိုက်လာပြီး သရဲကို ဖိုးရိပ်ချောင်းဘေးက သစ်ပင်မှာ လာနေခိုင်းတာ"

"ကဲ ... ကဲ ... အားလုံးကိစ္စပြီးပြီ။ နတ်ကတော်စွန်ပစ်ခဲ့တဲ့ သရဲကြီး စားရမဲ့ သောက်ရမဲ့ ခိုကိုးရာမဲ့နေတဲ့ သရဲဒီမှာကစပြီး ဒီသစ်ပင်ကြီးမှာ အေးအေးချမ်းချမ်းနေလို့ ရသွားပါပြီ"

ဆရာမကြီး၏ စကားဆုံးသည်နှင့် ဖိုးရိပ်ချောင်းစပ်ရှိ သရဲကြီးနေခဲ့သော အပင်ကြီးအား ကျောခိုင်းကာ ပြန်လာကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ရှင်ပြုခိုင်းတဲ့ဝိညာဉ်

မိုးက သည်းသည်းမည်းမည်း ရွာနေသည်။ ရေပြင်ကျယ်က မျက်စိတဆုံးဖြစ်နေသည်။

ချောင်းအတွင်း လေဆန် ရေဆန်ကို အံတုလှော်ခတ်နေသော လှေတစ်စင်းက တရွေ့ရွေ့၊

ထိုးထိုးထောင်ထောင် ကိုင်းပင်၊ ချုံပင်များ အနားသတ်ထား ခြင်းကြောင့်သာ ဤနေရာ ချောင်းဖြစ်သည်ဟု သိရသည်။

မိုးရွာလွန်းသဖြင့် လယ်ကွက်များ ရေလွှမ်းကာ အချို့နေရာ များတွင် လယ်ကန်သင်းရိုးပင် မမြင်ရတော့။

ချောင်းရေမျက်နှာပြင်နှင့် လယ်ကွင်းများ တဆက်တည်း ဖြစ်နေသည်။ ဝါဆို၊ ဝါခေါင်မိုးက ကောင်းလွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းခင်နှင့် မမြအေးတို့လင်မယား လှေတစ်စီးနှင့် လှည်းဆိပ်ရွာမှ ဆီးဖြူသောင်ရွာသို့ ပြန်လာကြသည်။ နေ့ခင်းကကိစ္စရှိသဖြင့် လှေနှင့် လှည်းဆိပ်ရွာသို့ လာခဲ့ကြသည်။

ထွက်ခဲ့စဉ်က ရာသီဥတု သာသာယာယာ ရှိသည်။ ပြန်တော့မည့်အချိန်ရောက်မှ အနောက်တောင်မှ မိုးသားမိုးရိပ်တို့ အလိပ်လိုက်တက်လာသည်။

ဝေါ ... ဝေါ

လေက မျက်နှာချင်းဆိုင်မှ အရှိန်ပြင်းစွာ တိုက်နေသည်။ လင်မယားနှစ်ယောက်အား ကုန်းလှော်နေပေမယ့် လေကို ဆန်တက်၍ ငြင်းကြောင့် ခရီးမတွင်နိုင် ဖြစ်နေသည်။

တစ်ချက်တစ်ချက် လှေ့ကို မထိန်းနိုင်ဘဲ လည်ထွက်သွားသည်မှာ နှစ်ကြိမ်သုံးကြိမ်မျှ ရှိနေသည်။

လေတိုက်အားက လျော့မသွားသလို မိုးကလည်း အားကုန်ရွာချနေသည်။

လှေဝင်းထဲမှာ မိုးရေတို့ကလည်း ပုံးနှင့်လောင်းထည့်နေသလို ချက်ချင်း များး၍ များ၍ လာနေသည်။

လှည်းဆိပ်ရွာနှင့် ဆီးဖြူသောင်ရွာက နှစ်မိုင်သာသာနှင့်သာ ကွာဝေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု လေကိုဆန်၊ ရေကိုဆန်၍ လျှော်ခတ်နေရသဖြင့် တစ်နာရီနီးပါးရှိသော်လည်း ခရီးတစ်ဝက်ခန့်သာ ရောက်သေးသည်။

ဝေါ် … ဝေါ် … ဝှန်း

လေပြင်းကျနေသည်။ သစ်ပင်ကြီးများ မရှိ။ အကွာအကွယ်မဲ့ ရေပြင်အလယ်မှာ လှေက အလူးလူး အလိမ့်လိမ့် ခေါင်းမှာ ဆောင်းထားသည့် ခမောက်များကလည်း ပထမဆုံးလေပြင်း တိုက်ကတည်းက လေနှင့်ပါသွားသဖြင့် …

မိုးထဲရေထဲ ဆောင်းစရာ၊ မြဲစရာမရှိ အပေါ်သွား အောက်သွား တဆက်ဆက် ရိုက်ခတ်သည်အထိ ခိုက်ခိုက်တုန်အောင် ချမ်းနေသည်။

ဝေါ် …

အား … အား … "ဝှန်း"

လေပြင်းတစ်ချက်အရိုက်မှာ လှေတစ်ဖက်စောင်းပြီး နစ်သွားတော့သည်။

လင်မယားနှစ်ယောက်စလုံး လှေတခြား လူတခြား ဖြစ်သွားရသည်။

ရေစီးအားကြောင့်လည်း တစ်ယောက်နှင့်တစ်ယောက် ကွဲ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

မမြအေးက ရေနစ် နစ်ခြင်း အကြောက်လွန်ကာ ယက်ကန်ယက်ကန်ဖြစ်ပြီး ရေအောက်သို့ ရေစီးနှင့်အတူ နစ်လျက် ပါသွားတော့သည်။

ကိုထွန်းခင်က ရေကို ကျွမ်းကျွမ်းကျင်ကျင် မကူးတတ်။ ရေပေါ် ပေါ်နေသော လှေကို ဖက်တွယ်မိသော်လည်း မမြအေးကို ရှာမတွေ့သဖြင့် လှေကိုလွှတ်ပြီး မမြအေးမြုပ်သွားသည့်နေရာသို့ ကူးအလာ၊ ရေကူးကျွမ်းကျင်မှု မရှိခြင်းကြောင့် ရေစီးအားနှင့် လည်ထွက်ကာ ရေထဲနစ်သွားပါတော့သည်။

ကိုထွန်းခင်နှင့် မမြအေးတို့ လင်မယားနှစ်ယောက်လုံး ရေ၊ လေ၊ မိုးကို အံမတုနိုင်ဘဲ လက်မြှောက်အရှုံးပေးပြီး လူ့လောကထဲက ထွက်သွားရပါတော့သည်။

× × × × × × ×

ကိုထွန်းခင်နှင့် မမြအေးတို့လင်မယားနှစ်ယောက်စလုံး လှေမှောက်ပြီး ရေနစ်သေဆုံးသွားကြသည့်အတွက် အလောင်းပြန်ရတော့ နှစ်ရက်ပင် ရှိနေပြီ။ သို့ကြောင့် အလောင်းကို ရေထဲမှ ဆယ်ယူပြီး သင်္ချိုင်းမှာ တစ်ခါတည်း မြှုပ်လိုက်ကြရသည်။

ထိုအချိန် ကိုထွန်းခင်အသက်က (၃၅)နှစ်၊ မမြအေးက



www.burmeseclassic.com

www.burmeseclassic.com



အသက်(၃၃)နှစ်သာ ရှိသေးသည်။

သူတို့တွင် (၁၃)နှစ်အရွယ် အကြီးဆုံးသား၊ (၁၀)နှစ်အရွယ် သား၊ (၈)နှစ်အရွယ် သမီး၊ (၆)နှစ်အရွယ် အငယ်ဆုံးသား အားလုံး သားသမီးလေးယောက် ကျန်ခဲ့သည်။

သူတို့လင်မယား အိမ်ထောင်မကျခင်ကတည်းက နှစ်ဖက်သော မိဘများ လူ့လောကတွင် မရှိတော့။

မမြအေးမိခင်၏ညီမဖြစ်သူ ဒေါ်လေးဒေါ်ထွေးစိန်၏ အုပ်ထိန်းမှု အောက်မှာနေရင်း အိမ်ထောင်ကျခဲ့သည်။

သို့အတွက်ကြောင့် အိမ်ထောင်ကျ၍ အိုးအိမ်ခွဲ နေထိုင်ကြ သည့်အခါ ဒေါ်ထွေးစိန်၏ ခြံဝင်းအတွင်းမှာပင် အိမ်တစ်လုံးဆောက်၍ နေထိုင်ခဲ့ကြပါသည်။

ယခု မိဘနှစ်ဦးလုံး သေဆုံးသွားသည့်အတွက် မိဘမဲ့သွား သော ကလေး လေးယောက်ကို ဒေါ်ထွေးစိန်အိမ်ပေါ် ခေါ်တင် ထားရတော့သည်။

ဒေါ်ထွေးစိန်က မုဆိုးမဖြစ်ပေမယ့်၊ သားနှင့်သမီးအသက် သုံးဆယ်ကျော် အပျိုကြီး၊ လူပျိုကြီး မောင်နှမက လယ်ယာ အလုပ်ကို ဦးစီးလုပ်ကိုင်ပေးနေခြင်းကြောင့် စားဝတ်နေရေး ပြေပြေ လည်လည် ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အပျိုကြီးနှင့် လူပျိုကြီးတို့က မိဘမဲ့ တူလေး၊ တူမလေးတို့အား မိဘများရှိစဉ်ကကဲ့သို့ အငယ်နှစ်ယောက်ကို ကျောင်းဆက်ထားပေးခဲ့သည်။

အကြီးဆုံးနှင့် အလတ်ကောင်တို့လည်း စတုတ္ထတန်းအောင်ပြီးကတည်းက ကျောင်းမှထွက်ပြီး မိဘအလုပ်များကို နိုင်သမျှဝင်လုပ်ပေးကြသည်။

(၈)နှစ်အရွယ် သမီးလေးက စတုတ္ထတန်းမှာ တက်နေသည်။ အငယ်ဆုံးသားကတော့ ပထမတန်းမှာပင် ရှိသေးသည်။ စတုတ္ထတန်း အောင်ပြီး ပဥ္စမတန်းတက်မည်ဆိုလျှင် ရွာနှင့်ဝေးမိုင်မျှ ဝေးသောတာဆုံရွာကြီးမှာ သွားတက်ရပေမည်။

အလယ်တန်းကျောင်းက ရွာနှင့်မနီးသဖြင့် လေးတန်းအောင်ပြီးသည်နှင့် အလယ်တန်းသို့ တက်သူ ရှားပါးလှသည်။

ကိုထွန်းခင်နှင့် မပြုအေးတို့ ဆုံးပါးသွားခဲ့သည်မှာ တစ်လပြည့်သွားခဲ့ပြီ။

သို့ကြောင့် လပတ်ဆွမ်းကို ဘုန်းတော်ကြီးကျောင်းသို့ သွားပို့ရန် ဒေါ်ထွေးစိန်တို့သားအမိ ဆွမ်းဟင်း သုံးမျိုးခန့် ချက်ပြုတ်နေကြသည်။ အချိန်က နံနက်လေးနာရီကျော်ပြီ။

၃၄၈



www.burmeseclassic.com

www.burmeseclassic.com



ဝရော

ဒေါက် ... ဒေါက်

"ဟဲ့ ... ဟဲ့၊ ခဲလုံးတွေ အိမ်ထဲဝင်လာပါလား"

"ဘယ်ကများ ပေါက်ပေါက်ရှာရှာ၊ ခဲလုံးတွေနဲ့ လာပေါက်နေရတာလဲ"

လူပျိုကြီး ကိုမျိုးဇော်လည်း အနီးသို့ ကျလာသော ခဲတစ်လုံးကို ကောက်ယူပြီး ကြည့်လိုက်သည်။

"ဟင် အမေနဲ့နုတင်၊ ဒီခဲလုံးတွေကို ကြည့်ပါဦး၊ တစ်ရှာလုံးရေတွေဖုံးနေတာ ခဲလုံးတွေက အခြောက်တွေ၊ ခြောက်သမှုလက်နဲ့ချေလိုက်ရင် သဲတွေလို ကြေသွားတယ်"

ဒေါက် ... ဒေါက်

"ဟော ကျလာပြန်ပြီ၊ ဖိနပ်ချွတ်၊ အမိုးနဲ့အိမ်မကြီး တံစက်မြိတ်ကြား လွတ်နေတဲ့နေရာက ခဲတွေ ဝင်လာတာ"

"ဘယ်သူကများ ရှာရှာဖွေဖွေ ခဲတွေ ရှာလာပြီး ပေါက်နေတာလဲ မသိဘူး"

ဒေါက် ... ဒေါက်

ခဲလုံးများက ကျမြဲကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မျိုးဇော် အိမ်ထဲကပဲ ဝေဖန်မနေနဲ့။ တံခါးဖွင့်ပြီး အိမ်ရှေ့သွားကြည့်ပါဦး"

ကိုမျိုးဇော်လည်း တံခါးဖွင့်၍ အပြင်သို့ကြည့်ရာ မနက်လေးနာရီခွဲခန့်လည်းဖြစ်၊ မိုးသားမိုးရိပ်တို့ ရှိနေခြင်းကြောင့် မှောင်မှောင်မည်းမည်းသာ မြင်ရသည်။

"အပြင်မှာ မှောင်နေသေးတယ် အမေရဲ့။ တကယ်ပစ်တဲ့လူဟာ လှေစီးပြီး လာပစ်မှရမယ်။ သရဲခြောက်နေတာပဲဖြစ်မယ်"

"နင့်စကားကလည်း မဟုတ်သေးပါဘူး။ ဘယ်က သရဲလာပေါက်ရမှာလဲ"

ကိုမျိုးဇော်က တံခါးကို ပြန်စေ့ခဲ့ပြီး မီးဖိုအတွင်းသို့ ဝင်လာသည်။

"အမေပဲ စဉ်းစားကြည့်လေ၊ ဘယ်သူက တံစက်မြိတ်ကြားက အိမ်ထဲဝင်အောင် ပေါက်နိုင်မှာလဲ"

"အခု တော်သလင်းလဆန်း မိုးကောင်းတုန်း တစ်ရွာလုံး ရေလွှမ်းနေတာ၊ ဒီလို ခဲမျိုးနဲ့ ပေါက်ချင်ရင် အညာ မိုးခေါင်ဒေသက ခဲတွေကို လှေနဲ့သယ်လာပြီး ပေါက်မှရမယ်"

"ဟို ခဲလုံးတွေ ကြည့်ပါလား၊ ကြမ်းပြင်နဲ့ ထိတာနဲ့ ကြေမွသွားတာ၊ ရွှံ့ကိုလုံးပြီး အခြောက်ခံထားတဲ့ခဲ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းလို့ သရဲခြောက်တာလို့ ပြောတာ”

ဒေါက် ... ဒေါက်

ခဲက ကျမြဲ ကျနေသည်။

လူကိုတော့ တစ်လုံးမှမထိ။

“ဒီဆို လှခင်နဲ့ မြအေးတို့နှစ်ယောက်၊ လပတ်ဆွမ်းအတွက် ဆွမ်းဟင်း၊ ထမင်းချက်နေတာ သိတဲ့အကြောင်း ခဲပေါက်ပြီး အသိပေးနေတာများလား”

“တို့ဆွမ်းချက်တာသိလို့ အချက်ပေးတာ ဆိုရင်လည်း ဆွမ်းပို့ပြီး တရားနာရင် ဝင်နာလို့ရလည်း ဝင်နာ၊ ဒီမှမတုတ်၊ သာဓုခေါ်ချင်လို့ဆိုရင်လည်း အမျှဝေတဲ့အခါ စောင့်ပြီး သာဓုခေါ်ပေါ့”

မနက်လင်းတော့ ခဲများ၊ ခဲအကြေများကို ကောက်သိမ်းရာ ဇကောတစ်ဝက်နီးပါး ရသည်။

“ကြံကြံဖန်ဖန်၊ ဒီလောက်ခဲတွေ ဘယ်ကများ ကောက်လာပြီး ပစ်နေတာလဲ မသိဘူး”

မနက် ရှစ်နာရီခန့် နေ့ဆွမ်းအတွက် ဆွမ်းချိုင့်နှစ်ချိုင့်ကို ဒေါ်ထွေးစိန်နှင့် မနုတင်တို့ တစ်ချိုင့်စီဆွဲပြီး ဘုန်းတော်ကြီးကျောင်းသို့ သွားပို့ကြသည်။

အငယ်လေးနှစ်ယောက်က ကျောင်းသွားရန် ပြင်ဆင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြီးဆုံးကောင်လေးက လှေဖြင့်ကျောင်းပို့ရန် လှေဝမ်းအတွင်းမှ ရေကိုခပ်ထုတ်ပြီး အသင့်စောင့်နေသည်။

ထိုကဲ့သို့ ဒေါ်ထွေးစိန်အိမ် ခဲပေါက်ခံရသော နေ့၏နောက်တစ်ရက်တွင် လက်ပံလှရွာ ဦးပု၊ ဒေါ်လှထွေးတို့အိမ်မှာလည်း တစ်ညလုံးနီးပါး ခဲလုံးအခြောက်တွေ အဆက်မပြတ် ကျခဲ့သည်။

တစ်ရွာနှင့်တစ်ရွာ ဆယ်မိုင်ခန့်ဝေးသည်။ ဒေါ်လှထွေးက သေသူမမြအေး၏အစ်မရင်းဖြစ်သည်။ ဦးပုနှင့် အိမ်ထောင်ကျပြီး၊ ဦးပုတို့ရွာ လက်ပံလှမှာ လိုက်နေခြင်းဖြစ်သည်။

အကြောင်းကိစ္စမရှိလျှင် ဆီးဖြူသောင်ရွာသို့ တစ်နှစ်တစ်ခေါက်ပင် မရောက်တတ်။

အသက်နှစ်ဆယ် သမီးတစ်ယောက်နှင့် အသက်(၁၈)နှစ်ရှိ သားတစ်ယောက်သာရှိပြီး လယ်ယာအလုပ်နှင့် အသက်မွေးမြူကြသည်။

ထိုကဲ့သို့ လက်ပံလှရွာမှာ ခဲကျသကဲ့သို့ ရွှေမြောင်ရွာ ဦးလှသန်း၊ ဒေါ်စောမေအိမ်မှာလည်း ခဲလုံးအခြောက်များ တစ်ညလုံးနီးပါး ကျရောက်ခဲ့သည်။

ဦးလှသန်းက ကိုထွန်းခင်၏အစ်ကိုအကြီးဆုံး ဖြစ်သည်။ အသုဘရက်မလည်ခင် အဝေးရွာများမှာ ရှိကြသော မိသားစု



www.burmeseclassic.com

www.burmeseclassic.com



များ၊ အသုဘအိမ်သို့ ညအိပ်ညနေ ရောက်လာကြသည်။ ရက်လည်ပြီးနောက် ကိုယ့်ရွာကိုယ် ပြန်ကုန်ကြသည်။

သေဆုံးသူဇနီးမောင်နှံ၏ ဆွေမျိုးသားချင်းများ၊ တစ်ရွာနှင့်တစ်ရွာ မနီးပါဘဲ ကိုလှခင်တို့လင်မယား သေဆုံး၍ တစ်လပြည့်ပြီးနောက်မှ ခဲများ ကျရသည့် အကြောင်းရင်းမှာ ဆွေမျိုးများအား လာနှုတ်ဆက်ခြင်းဟု အားလုံးမှတ်ယူကြသည်။

ခဲများဖြင့်ပေါက်ခြင်းက တစ်ရက်တည်းနှင့် ပြီးသွားမည်ထင်ပေမယ့် ပြီးမသွား၊ နှစ်ရက်ခြား ... သုံးရက်ခြား ခဲများဖြင့် အပေါက်ခံနေရသည်။

တစ်ရက် ... လက်ပံလှရွာမှာ ထူးခြားမှု ကြုံကြရသည်။ ထိုနေ့က အိမ်မှာ ဦးပုမရှိ။ လယ်ကွင်းထဲ ရောက်နေသည်။

ညဦးပိုင်းက ခဲကျသည့်အကြောင်းကို သားအမိနှစ်ယောက် ပြောဆိုနေကြသည်။ စကားပြောနေရင်းက သမီးဖြစ်သူ တင်တင်ရီ တုန်တုန်ရီရီ ဖြစ်လာကာ ထိုင်နေရင်းက ပစ်လဲသွားသည်။

"ဟဲ့ ဟဲ့ တင်တင်ရီ ဘာဖြစ်တာလဲ"

"အမေ ... အစ်မ ဘာဖြစ်သွားတာလဲ"

"မသိဘူး ... အမေနဲ့စကားပြောနေရင်းက ငိုက်ကျပြီး လဲသွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းရင်းအိမ်က ဒေါ်လေးတင်မြကို သွားခေါ်ခဲ့စမ်း"

"ဟုတ်ကဲ့ အမေ"

မကြာခင်း ဒေါ်တင်မလည်း မောဟ်လှဝင်းနှင့်အတူ ပါလာသည်။

"ဟဲ့ ... လှထွေး၊ ညည်းသမီး ဘာဖြစ်တာလဲ"

"လာကြည့်ပါဦး ... ဒေါ်လေးတူမ ဘာဖြစ်မှန်း မသိဘူး"

ဒေါ်တင်မြက လဲနေသော တင်တင်ရီ၏ ဘေးမှာ ဝင်ထိုင်လိုက်ပြီး အခြေအနေကို အကဲခတ်ကြည့်နေသည်။

"ဒါ ... ပုံမှန် မဟုတ်ဘူး၊ တစ်ခုခု ဝင်ပူးကပ်နေတာပဲ"

"ကဲ ... ကဲ၊ ကလေးမဆီမှာ ဝင်ပူးကပ်ထားတဲ့ ... သက်ဆိုင်သူ ဘာဖြစ်ချင်တာလဲ ... ဘာပြောချင်လို့လဲ ... ထပြီးပြောပြပါ"

ထိုသို့ မေးလိုက်မှ ... တုန်တုန်ရီရီ ဖြစ်နေသော တင်တင်ရီလည်း လဲနေရာမှ ထိုင်လိုက်သည်။

ထိုင်ပြီးသည်နှင့် တဟီးဟီး ဟီးတိုက် ငိုပါတော့သည်။

"ကဲ ငိုနေမယ့်အစား ပြောစရာရှိတာ ပြောပါ။ နင် ဘယ်သူဆိုတာလဲ သိပါရစေ"

"ကျွန်မ ဆီးဖြူသောင်ရွာက မြအေးပါ"

"ဟင် ... မြအေး ... နင့်အစ်မကို ဘာပြောစရာရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရဲ့ကလေးတွေကို စိတ်မချလို့"

ထိုအခါ အစ်မကြီးဖြစ်သော ဒေါ်လှထွေးက ဝင်ပြောသည်။

"ဘာဖြစ်လို့ စိတ်မချရတာလဲ … ဟိုမှာ ညီမရဲ့ဒေါ်လေး တစ်ယောက်လုံး ရှိနေတာပဲ … အပျိုကြီး၊ လူပျိုကြီး မောင်နှမ နှစ်ယောက်ကလည်း ကလေးတွေကို ချစ်ကြတာပဲ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်"

"ဒါဖြင့် ဘာကြောင့် စိတ်မချဖြစ်နေရတာလဲ"

"ကလေးတွေကို ရှင်ပြုမပေးရသေးလို့ပါ … ကိုကြီးပုနဲ့ အစ်မကြီးတို့က ကလေးတွေ ရှင်ပြုပေးနိုင်အောင် ပြောပေးဖို့ပါ"

"ပြောပေးပါ့မယ် … ဒီနှစ် ကိုင်းသိမ်းလို့ ရောင်းချပြီး ငွေပေါ်တာနဲ့ ရှင်ပြုပေးနိုင်အောင် ပြောပေးပါ့မယ်။ ငါ့ကလည်း နိုင်သမျှ ဝိုင်းဝန်း ထောက်ပံ့ပေးမှာပေါ့"

"နင်တို့ လင်မယားလည်း ကလေးတွေကို စိတ်စွဲမနေနဲ့။ တိုယ်သွားရမယ့်လမ်းကို ဖြောင့်ဖြောင့်သွား။ ကလေးတွေကိစ္စ မှန်သမျှ ငါတို့တာဝန်ထား"

"ကျွန်မတို့ကတော့ ကလေးတွေကို ရှင်ပြုမပေးမချင်း ပေါက်နေမှာပဲ။ ဘယ်မှလည်း သွားမှာ မဟုတ်ဘူး"

"အခုတော့ မဖြစ်နိုင်သေးဘူး။ လယ်သမားတွေက ကိုင်း



www.burmeseclassic.com

www.burmeseclassic.com



သိမ်းပြီးမှ ပိုက်ဆံပေါ်တာ၊ နင်တို့လည်း အသိသားပဲ"

"ကဲ ... ကဲ ... ဖိတို့ နွှေရောက်တာနဲ့ ... အသီးအနှံတွေ ရောင်းပြီးရင် ရှင်ပြုပေးမယ် ... စိတ်ချနေ ဟုတ်လား"

"ဂျို့မြောင်ရွာက အစ်ကိုကြီးတို့ လင်မယားကိုရော ကျွန်တော့် အမျိုးတွေပါ သတိပေးပါ"

"အေး ... အေး၊ အားလုံး ဆွေမျိုးစုံအောင် အသိပေးမယ်။ အိမ်ကို ခဲနဲ့ မပေါက်နဲ့တော့ ဟုတ်လား"

တင်တင်ရီကို ပူးကပ်နေသည့် မမြအေးစိညာဉ်လည်း သူပြော ချင်သည့် စကားများပြောပြီးသည်နှင့် ထွက်သွားတော့သည်။

"ကဲ ကြားတဲ့အတိုင်းပဲ ... လူကြုံရှိရင် နင်တို့ဒေါ်လေးဆီ သတင်းပို့။ ဂျို့မြောင်က လှခင်ရဲ့အစ်ကို လှသန်းတို့လင်မယားဆီ အကြောင်းကြားလိုက်"

မမြအေးစိညာဉ် ဝင်ပူးကပ်ပြီး ပြောခဲ့သည့် ရှင်ပြုပေးရန် ကိစ္စကို အကြောင်းကြားလိုက်သဖြင့် ညဘက်ခဲကျရခြင်းအကြောင်းကို အားလုံး သိကုန်တော့သည်။

ထိုသို့ အားလုံးသိခဲ့ကြပြီဆိုသော်လည်း ခဲက ရက်ခြား ကျမြဲကျနေသည်။

ကြာတော့ စိတ်မရှည်တော့သည့် မမြအေး၏ဒေါ်လေး ဒေါ်တွေးစိန်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြင်ထွက်၍ အော်တော့သည်။

"ဟဲ့ ... လှခင်နဲ့ မြအေးရေ ... ခဲနဲ့ ခဏခဏ ပစ်မနေနဲ့။ ငါတို့အားလုံး ပိုက်ဆံချမ်းသာကြတာ မဟုတ်ဘူး။ နွေရောက်လို့ ကိုင်းသိမ်းပြီးတာနဲ့ ရှင်ပြုပေးမယ်လို့ ဂတိပေးထားတယ်လေ ... စိတ်ဆိုးအောင် လာလုပ်မနေနဲ့"

"ဒေါ်ကြီ ... ဒေါ်ကြီ"

"ဒေါ်ကြီ"

ဒေါ်ထွေးစိန်ရှေ့ကပြော ခဲတွေ နောက်က ကျနေသည်။

"ပြောမနေနဲ့ အမေရေ ... ပြောတဲ့လူ မောရုံရှိမယ်"

လူပျိုကြီး ကိုမျိုးဇော်က လှမ်းအော်ပြောလိုက်သည်။

ခဲကတော့ ဖွဲကောင်းကောင်းနှင့် ရက်ခြားကျနေသည်။

ခဲကျတိုင်းလည်း ရှင်ပြုပေးမယ်၊ မပစ်နဲ့တော့ဟု ထွက်ပြောသည်။

တစ်ည ဒေါ်ထွေးစိန် အိပ်ပျော်နေစဉ် အိပ်မက်ထဲမှာ မမြအေးကို မြင်လိုက်သည်။

သူကတော့ သားတွေ ရှင်မပြုရသေးသရွေ့ အားလုံးကို အသိလိုက်ပေးနေမှာပဲဟု ပြောပြီး ပျောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး လက်လျှော့လိုက်တော့သည်။

ခဲကတော့ ကိုလှခင်၊ မမြအေးတို့၏ သွေးသားရင်းရှာတိုင်း အပေါက်မပျက်၊ ရက်ခြား ပုံမှန် ကျနေသည်။

ထို့နောက်တော့ ခဲကျသော ဆွေမျိုးသားချင်းအရင်းများပင် မပါတော့ဘဲ ဝမ်းကွဲဆွေမျိုးများကပါ သေဆုံးသူလင်မယား၏ ဆန္ဒ ပြင်းပြနေသော ကလေးတွေ ရှင်ပြုပွဲကို မဖြစ်ဖြစ်အောင် ဝိုင်းဝန်း ကူညီကြမည်ဟု နှုတ်ဂတိပေးလာကြသည်။

တန်ဆောင်မုန်းလမှာ စပါးများရိတ်သိမ်းပြီးသော်လည်း ပိုက်ဆံ ရအောင် မလုပ်နိုင်သေးပေ။

ရိတ်ပြီး ကောက်လှိုင်းများကို ခြောက်အောင်လှမ်း၍ တလင်း သို့ သယ်ပြီး ပုံထားသည်။

လယ်ကွင်းထံမှ ရိုးပြတ်များကို အားချင်းခုတ်၍ တစ်ရက် နေပြကာ နောက်နေ့ မီးရှို့ပြီး လယ်မြေများ အစိုဓာတ်မကုန်ခင် အမြန်ထွန်ယက်ကြသည်။

ပဲ၊ ပြောင်း၊ နှမ်း၊ ဆေးရွက်ကြီး၊ ဖရဲ၊ ဂျုတ်၊ မြေပဲတို့မှ မိမိတို့အကျိုးဖြစ်ထွန်းမည့် သီးနှံများကို ရွေးပြီး စိုက်ကြသည်။

နေ့ဘက်ထွန်ယက်ရင်း ညဘက်စပါးနယ် ကောက်သွင်း အလုပ်ကို အချိန်နဲ့အမျှ ဆက်တိုက်လုပ်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်းထမင်းစားနားချိန် လေရှူးလေးများ တိုက်သည်နှင့် ကြုံလျှင် ထမင်းပန်းကန်ကိုပင် ပစ်ချပြီး ဂေါ်ပြားနှင့်တိုး၍ စပါးလှေ့ရသည်။

အချို့ကတော့ လင့်စင်ထိုးပြီး စပါးလှေ့ကြသည်။

စပါးသန့်စင်ပြီး ရောင်းရပြန်သည်။ ထိုစပါး ရောင်းရငွေကို ကိုင်းလုပ်ငန်းမှာ အရင်းအနှီး ပြန်ထည့်ရသည်။

အသီးအနှံများ ဖြစ်ထွန်းရန် ရေသွင်းရန် လိုအပ်လျှင် ရေသွင်းသည်၊ ပေါင်းလိုက်သင်သည့်အကွက်များကို ပေါင်းလိုက်သည်။

တပို့တွဲ၊ တပေါင်းရောက်သည်နှင့် ကိုင်းသီးနှံများ စသိမ်းပြီ။

ထွက်သမျှ အသီးအနှံများကို ကုန်သည်ပွဲစားများရှိရာ ပွဲရုံသို့ သွားပို့သည်။

ကုန်သည်တို့ လိုအပ်ချက်များလျှင် ဈေးကောင်းရသည်။

ဒေါ်ထွေးစိန်တို့ ကိုင်းမှထွက်သော မတ်ပဲ၊ နှမ်း၊ ဇရဲတို့ နိုင်ငံခြားအဝယ်လိုက်နေသဖြင့် ဈေးကောင်းရလိုက်သည်။

ကိုင်းထွက်သမျှ အသီးအနှံများ ရောင်းချပြီးပြီ။ ထိုအချိန် လယ်သမား၊ ကိုင်းသမားတို့အားလုံးလည်း အသီးအနှံများ သိမ်းဆည်း ရောင်းချ၍ ငွေပေါ်နေကြပြီ။

ဒေါ်ထွေးစိန်တို့ ဆီးဖြူသောင်ရွာ တပေါင်းလပြည့် ဘုရားပွဲ



www.burmeseclassic.com

www.burmeseclassic.com



စည်ကားစွာ ကျင်းပနေသည်။

၈ ခုပါင်းပွဲကို အနီးနားရွာများမှ လှည်းများဖြင့် ပျော်ပျော်ပါးပါး ဘုရားပွဲလာကြသည်။

ဒေါ်ထွေးစိန့်အိမ်မှာ 'လက်ပံလှရွာက ဦးပု၊ ဒေါ်လှအေး လင်မယား ဂျို့မြောင်ရွာမှ ဦးလှသန်း၊ ဒေါ်စောမေ လင်မယား မမြအေး၏ညီမဝမ်းကွဲ ကိုလှခင်၏ညီမနှင့် ညီမိသားစုတို့ စုံညီစွာ ရောက်နေသည်။

ဘုရားပွဲလာခြင်းထက် သေဆုံးသွားပြီဖြစ်သည့် ကိုလှခင်တို့ လင်မယား၏ ကျန်ခဲ့သော သားသုံးယောက်ကို ရှင်ပြုပေးရန် ...ထား တိုင်ပင်ကြရန် ဖြစ်သည်။

ထို့အတူ မိမိတို့၏သားများကို ရဟန်းအဖြစ်လည်းကောင်း၊ သာမဏေအဖြစ်လည်းကောင်း၊ အတူထည့်ပြီး သာသနာ့ဘောင် သွင်းရန် အစီစဉ်လည်းပါသည်။

ဒေါ်ထွေးစိန်၏ မတည်ငွေ၊ ဆွေမျိုးသားချင်းများ၏ ထည့်ဝင်ငွေနှင့် အလှူလုပ်ရန် ရက်ကောင်းရွေး၍ သတ်မှတ်ကြသည်။

ထိုည စကားပြော မပြတ်၍ လူကြီးများ ဘုရားပွဲသို့ မသွားဖြစ်တော့ဘဲ ကလေးများကိုသာ တင်တင်ရီတို့ မောင်နှမ ဦးဆောင်ပြီး ခေါ်သွားရန် လွှတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ခန်းမှာ ရေနွေးသောက်ရင်း အလှူအကြောင်း တိုင်ပင်နေကြချိန် ည ရှစ်နာရီခန့် ရောက်လာသည်။

ဒေါက် ဒေါက်

ဒေါ်ထွေးစိန်က ထိုင်ရာမှ အိမ်ကပြင်သို့ ထသွားပြီး

"လှခင်နဲ့ မြအေးရေ ... နင်တို့ကလေးတွေကို ရှေ့လ တန်ခူးလဆန်း (၁၄)ရက်နေ့မှာ ရှင်လောင်းလှည့်မယ်၊ (၁၅)ရက်မှာ အလှူတရားနာမယ်၊ ရက်သတ်မှတ်ပြီးပြီ၊ သာဓုခေါ်ဖို့ စောင့်နေ၊ ခဲနဲ့ မပစ်ကြနဲ့တော့"

ဒေါ်ထွေးစိန်ပြောပြီး အိမ်ထဲ ပြန်ဝင်ခဲ့ပေမယ့်

ဒေါက် ... ဒေါက်

ဒေါက်

အိမ်ထဲသို့ ခဲ နှစ်လုံး သုံးလုံးမျှ ကျသေးသည်။

"တော်တော် ဇွဲကောင်းတဲ့ လင်မယားပဲ"

သို့ဖြင့် တစ်လတု ရက်သတ်မှတ်ခဲ့ပေမယ့် ဆယ့်ငါးရက်လောက်ကတည်းက အလှူကိစ္စကို စီစဉ်နေကြသည်။

အလှူပွဲနီးမှပင် ကိစ္စအားလုံး ပြီးစီးသွားသည်။

အလှူရက်သို့ ရောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ရဟန်းလောင်းသုံးပါး ရှင်သာမဏေလောင်း ရှစ်ပါး အားလုံး ဆယ့်တစ်ပါးဖြစ်သည်။

ဆီးဖြူသောင်၊ အင်ကုန်း၊ ငှက်ပျော်တောရွာ သုံးရွာပတ်၍ ရှင်လောင်းလှည့်ကြသည်။

မြင်းများဖြင့် စည်စည်ကားကား ဖြစ်ခဲ့သည်။

ညနေ သုံးနာရီမှာ ရှင်လောင်းသွင်းသည်။

ရှင်လောင်းဘိသိတ်ဆရာ၏ ရှင်လောင်းသွင်းရှိုးလိုက် အဆိုအပြောများက ကြည့်ရှုနားထောင်နေသူများ၏ မျက်ရည်ကို ချူထုတ်နေသည်။

ကိုရင်လောင်းလေးများ၏ မိဘများကို သနားစိတ်နှင့် မျက်ရည်ကျကြရသည်။

ရှင်လောင်းများ သင်္ကန်းစီးပြီးသွားပြီ။

ထိုအချိန် အလှူမှာ ဝိုင်းဝန်းကူညီနေသော မတင်ညွှန့်အား မမြအေး ဝင်ရောက်ပူးကပ်တော့သည်။

မမြအေးဝင်ပူးကပ်မှန်းသိသည့်အတွက် ဝိုင်းဝန်းမေးကြသည်။ အလှူအတွက် ဝမ်းသာရန် ပြောကြသည်။

သားကိုရင်လေးတွေ ခြေထောက်ကို ဦးခိုက်ပြီး ...

"သားလေးတွေကို ကိုရင်အဖြစ် မြင်တွေ့ရလို့ ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ"

"တပည့်တော်တို့ ဆန္ဒတွေ မပြည့်ဝပေမယ့် ဆွေမျိုးတွေက ကိုရင်ဝတ်ပေးကြလို့ ... ဆွေမျိုးတွေကိုလည်း ကျေးဇူးတင်ပါတယ်။

ကိုရင်လေးသုံးပါးကို ခြေထောက်ကိုဖက်ဖက်ပြီး ရှိုက်ကြီးတငင် ငိုနေပါသည်။

ဒေါ်ဖွားချစ်နှင့် ဒေါ်ထွေးစိန်တို့က

"ဟဲ ... မြအေး၊ နင့်သားတွေကို နင့်ဆန္ဒရှိတဲ့အတိုင်း ရှင်ပြုပေးပြီးပြီ၊ နင်တို့ဝမ်းသာရမှာ ဘာဖြစ်လို့ ငိုနေရတာလဲ"

"ကျွန်မ မလုပ်နိုင်ခဲ့တဲ့ ဒီအလှူကြီးကို ကျွန်မမိသားစုတွေက လုပ်ပေးတဲ့အတွက် ဝမ်းသာလွန်းလို့ပါ"

"အေး မနက်ဖြန် တရားပွဲပြီးလို့ အမျှဝေရင် သာဓုခေါ်ဖို့ လာခဲ့ ဟုတ်လား"

"ကျွန်မတို့ စောင့်ပြီး သာဓုခေါ်ပါ့မယ်၊ အခု အားရအောင် ရှိခိုးပါရစေ"

"ကဲ ... ရှိခိုးပြီးရင် သွားတော့ ကိုရင်လေးတွေ မျက်ရည်ကျကုန်ပြီ။ သွားကြတော့ ... သင့်တော်တဲ့ နေရာထိုင်နေပြီး အလှူတရားနာဖို့ စောင့်နေကြ"



www.burmeseclassic.com

www.burmeseclassic.com



မမြအေး ဝင်ပူးကပ်ခြင်း ခံနေရသော မတင်ညွန့်လည်း ကိုရင်သုံးပါးကို ရှိခိုးဦးချကာ ပြန်ထွက်သွားခဲ့တော့သည်။

အနီးမှာ ရပ်ကြည့်နေသူများရော၊ ကိုရင်သုံးပါးအားလုံး မျက်ရည်များဖြင့် ပြည့်နေတော့သည်။

ဝင်ပူးကပ်ခြင်း ခံလိုက်ရသော မတင်ညွန့်လည်း ပြန်သတိ ရလာ၏။

သူ့အား ဝိုင်းကြည့်နေကြသဖြင့်

"ကျွန်မကို ဝင်စီးသွားတာလား"

"ဟုတ်တယ် ... အခုပဲ၊ ပူးကပ်နေရာက ခွာသွားတာ"

× × × × × × ×

အလှူအကျွေးအမွေးရက် ရောက်ခဲ့ပြီ။ နေ့ခင်းရောက်တော့ အလှူတရားနာကြသည်။

လှူတန်းသမျှ ဒါနအစုစုတို့ကို ဝေနေယျသတ္တဝါတို့အား ရေစက်ချ အမျှအတန်းဝေကြသည်။

ကြားကြားသမျှ အပေါင်းတို့ကလည်း သာဓုခေါ်ကြသည်။

အလှူမှာ ရောက်ရှိနေသူအားလုံးကလည်း တမလွန်မှာ ရောက် နေကြပြီဖြစ်သော ကိုလှခင်၊ မမြအေးတို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်စေချင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးဆန္ဒရှိသည့်အတိုင်း အလှူမဏ္ဍပ်၏ အနီးအပါး ရောက်ရှိနေသော ဝိညာဉ်လင်မယားလည်း စောင့်ပြီး လှိုက်လှိုက်လှဲလှဲ သာဓုခေါ်ကြပါသည်။

သာဓုသုံးကြိမ်သုံးခါ ခေါ်ဆိုအပြီးမှာတော့ ကိုလှခင်နှင့် မမြအေး တို့ ဝိညာဉ်များလည်း စိတ်လက်ချမ်းသာစွာနှင့် အဝေးသို့ ထွက်ခွာ သွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# ကွမ်းတောင်ကိုင်မဖြစ်ရလို့

အိမ်ခြေလေးရာကျော်ရှိသော ကြခတ်မြို့ ရွာသားတို့ ရွာလုံးကျွတ် အလှူပွဲတစ်ပွဲ ရေ့လမှာ ကျင်းပမည့်သတင်းကြောင့် ပျော်ရွှင်မှုက အတိုင်းမသိ ဖြစ်နေကြသည်။

အလှူရှင်က ရွာလယ်ပိုင်းက မြေပိုင်ရှင် ဦးစံမြနှင့် ဒေါ်အေးလှတို့ဖြစ်သည်။ သူ၏သားသုံးယောက်နှင့် ဆွေမျိုးသားချင်းများ ထည့်ဝင်သော ရဟန်းလောင်း မောင်ရှင်လောင်းအားလုံး ဆယ့်ရှစ်ပါးတိတိအား သာသနာ့ဘောင်အတွင်း သွတ်သွင်းပေးမည် ဖြစ်ပါသည်။

ဦးစံမြက လယ်မြေဧကများစွာ ပိုင်ဆိုင်သူ ဖြစ်ပါသည်။ ငွေတိုးပေးသည်။ လယ်ပေါင်ခံသည်။ သို့ကြောင့် သူလုပ်ကိုင်ခွင့်ရသော လယ်ဧကမှာ သူပိုင်သည့်လယ်ထက် ပိုများသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် စပါးအထွက်ကောင်းသကဲ့သို့ ပဲနှင့်နှမ်းကလည်း အထွက်ကောင်းခဲ့သည့်အတွက် ဤနှစ် ကိုင်းသိမ်းပြီးသည်နှင့် သားများကို ရှင်ပြုအလှူကြီး ပြုလုပ်မည်ဖြစ်သည်။

သမီးအကြီးက အသက်ဆယ့်ရှစ်နှစ်ရှိပြီး ရွာ၏ကွမ်းတောင်ကိုင်အဖြစ် တင်စားခံရသလို ယခု အလှူပွဲမှာလည်း ကွမ်းတောင်ကိုင်အဖြစ်၊ အလှူပွဲရှင်လောင်းလှည့်ရာ ရှေ့ဆုံးမှ ထည်ဝါစွာ ရှိနေရတော့မည်။

ရွာ၏ကာလသား၊ ကာလသမီးတို့လည်း အလှူမှာ မည်သည့် အဝတ်အစားဝတ်မည်၊ မည်သည့်အရောင် ဝတ်မည်ဖြင့် စိတ်ကူး ယဉ်နေကြပြီဖြစ်သည်။

ရွာမှာ အပျိုချောလေးများ ... များစွာရှိသည်။ အလှူမှာ ကွမ်းတောင်ကိုင်နိုင်သော စားရင်းဝင်သူ ငါးယောက်မျှ ရှိပါသည်။

ရှင်ပြုပွဲတိုင်းတွင် ဖက်စိမ်းကွမ်းတောင်ကိုင်ခွင့်ရှိသည့် မိန်းကလေးသည် ချောတိုင်း လှတိုင်းလည်း ကိုင်ခွင့်မရှိ။

ဖက်စိမ်းကွမ်းတောင်ကိုင်ခွင့်ရရန် သတ်မှတ်ချက်၊ စည်းကမ်း ချက်တို့က ရှိသည်။

မိဘနှစ်ပါးက ယေလင် ယေမယားဖြစ်ရမည်။ မုဆိုးဖို ရှိ ရမည်။ ရုပ်ရည် ချောမောပြေပြစ်ရမည်။ မြို့ရွာမျက်နှာဖုံး မတုတ်



www.burmeseclassic.com

www.burmeseclassic.com



သည့်တိုင် လူကြားသူကြား ဝင်ဆန့်သည့် မိသားစုမှ ဖြစ်ရမည်။

အပျိုစစ်စစ်လည်း ဖြစ်ရမည်။ အများကလည်း သဘောတူ ကြည်ဖြူစွာ ခွင့်ပြုနိုင်ရမည်။ ထိုအချက်နှင့် ပြည့်စုံသော မိန်းကလေး သာ ဖက်စိမ်းကွမ်းတောင်ကိုင်ခွင့်ရသည်။

အလှူရှင်သမီးပဲဖြစ်ဖြစ်၊ ကျေးရွာဥက္ကဋ္ဌ သူကြီးသမီးပဲဖြစ်ဖြစ် ထိုအချက်များနှင့် မညီညွတ်ပါက ကွမ်းတောင်ကိုင် ဖြစ်ခွင့်မရှိပေ။ ခွင့်လည်း မပြု။

စည်းကမ်းကြီးစွာ ရှေးရိုးအစဉ်အလာ ထိန်းသိမ်းကြသော ထိုရွာများမှာ ကွမ်းတောင်ကိုင်ရသော မိန်းမလှလေးများသည် မျက်နှာ ပွင့်သည်။ ကံကောင်းသည်ဟု မှတ်ယူကြသည်။

ထိုရွာများမှ မိန်းမလှ မိန်းမချော အပျိုလေးများ မှန်သမျှ အိပ်မက်ပင် မက်ရလောက်သော ကွမ်းတောင်ကိုင် ဖြစ်ခွင့်မှာ အလွန်ပင် ခဲယဉ်းလှန်းလှသည်။

ယခု ကြခတ်ချုံရွာတွင် ကွမ်းတောင်ကိုင်ခွင့်ရမည်ဆိုလျှင် ကိုင်ခွင့်ရနိုင်သည့် မိန်းကလေးငါးယောက်မျှ ရှိနေပါသည်။

ထိုငါးယောက်လုံးလုံး အဖက်ဖက်က ပြည့်စုံသူများ ဖြစ်ကြ သည်။

ယခု အလှူရှင် မြနှင်းအေးကလည်း ထိုငါးယောက်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အပါအဝင် အပျိုချောလေး ဖြစ်နေသည်။ သို့ကြောင့် အလှူ့ရှင်သမီးလည်း ဖြစ်ပြန်၊ ကွမ်းတောင်ကိုင်ခွင့်ရှိသူလည်း ဖြစ်သည်။

သို့ကြောင့် ကျန်မိန်းကလေးများ ကွမ်းတောင်ကိုင်ခွင့်အား စိတ်ကူးယဉ်ရုံသာ ယဉ်နိုင်တော့မည်။ ဤအလှူပွဲမှာ ကွမ်းတောင် ကိုင်ရန် မဖြစ်နိုင်တော့။

ဖက်စိမ်းကွမ်းတောင်ကို ကျွမ်းကျွမ်းကျင်ကျင် ပြုလုပ်တတ်သော ဆင်ကူးရွာမှ ဦးပန်းအောင်အား အသေအချာမှာ၍ ကပ်ထား ပြီးပြီ။

ဦးပန်းအောင်လည်း အနီးနားရွာများမှ မှာသည့်ကွမ်းတောင် ကို လက်ရာသေသပ်၍ စေတနာပါစွာ လုပ်ကိုင်ပေးသဖြင့် နာမည် ကြီးလှသည်။

အလှူ့ရက်ကတစ်ရက်ပြီးတစ်ရက် နီးလာပြီ။

တစ်ရက် မြနှင်းအေးတစ်ယောက် ရေချိုးပြီး အိမ်ပေါ်တက် အလာ ရုတ်တရက် ထိုးအံ့ပါတော့သည်။

"ဝေါ့"

"ဟဲ့ ... မြနှင်း ... ဘယ်လို ဖြစ်ရတာလဲ ... ရေမိုး ချိုးနေလို့ အအေးပတ်ပြီး ... ရင်ပြည့်ငင်ကယ် ဖြစ်ချင်လို့ အံ



www.burmeseclassic.com

www.burmeseclassic.com



တာဖြစ်မယ်”

“နွေးနွေးထွေးထွေးဖြစ်အောင် အဝတ်အစား မြန်မြန်လဲလိုက်”

“ဝေါ့ ... ဝေါ့”

“ဟဲ့ အံပြန်ပြီ ... အစာတွေ ပျို့ကျဲကုန်ပြီ”

“ထွေးခံ ... ထွေးခံ၊ ဘယ်မှာလဲ”

“ထွေးခံရှာနေတုန်း ပြတင်းပေါက်ဆီသွားပြီး အံချလိုက်”

မြနှင်းဝေလည်း ထမီရင်လျားလျက် အအံမပျောက်သေး သဖြင့် ပြတင်းပေါက်နား သွားရပ်ပြီး ...

ဝေါ့ ... ဝေါ့

“ဟဲ့ အံပြန်ပြီ၊ အစာကုန်သွားပြီနဲ့ တူတယ်။ ရေတွေပါ အံကုန်ပြီ”

မိခင်ဖြစ်သူ ဒေါ်အေးလှက မြနှင်းအေး၏ ကျောကုန်းကို သာသာလေး ထုရင်း နှိပ်ပေးရင်းက အခြေအနေကို အကဲခတ် နေသည်။

ထိုအချိန် သမီးအငယ်က အိမ်ထဲမှ ထွေးခံကိုယူပြီး လာပေး သည်။

“သမီး ... သက်သာရဲ့လား၊ လာ ထွေးခံရပြီ။ အခန်းထဲ သွားမယ်။ အဝတ်အစား အမြန်လဲလိုက်ရအောင်”



www.burmeseclassic.com

www.burmeseclassic.com



"အငယ်မ ... မကြီး အံဖတ်တွေ ကျုံးလိုက်၊ ပြီးရင် ရေဖတ်နဲ့ ကြမ်းတွေကို သုတ်လိုက်"

"သမီး လုပ်လိုက်ပါ့မယ်"

"ရင်ထဲမှာ တမျိုးကြီးပဲ အမေ"

"လာ သမီး ... နောက်ထပ် မအံသေးခင် အဝတ်အစား အမြန်လဲလိုက်"

မြနှင်းအေးလည်း ဗိုက်ထဲက အောင့်သဖြင့် အဝတ်အစားကို ပင်ပန်းစွာ လဲလိုက်ရသည်။

"အအံရပ်သွားပြီနဲ့တူတယ်။ အိပ်ရာပေါ် တုံးလုံးလှဲလိုက်၊ အမေဗိုက်တွေ ကျောတွေကို ပရုတ်ဆီ လိမ်းပေးမယ်။

ဆေးမြီးတိုများဖြင့် တတ်စွမ်းသမျှ ပြုစုနေပါသည်။

အိပ်ခန်းတွင်းရောက်မှ အစာများလည်း အံသည်။ လေများ ရေများလည်း အံသည်။

"ဗိုက်ထဲမှာ အောင့်နေတယ်။ ရင်ထဲမှာလည်း အောင့်သလိုလို ဖြစ်နေတယ်"

"အထက်လန် အောက်လျော ဖြစ်ချင်လို့များလား"

ထိုကဲ့သို့ ထင်ပေမယ့်၊ အံရုံသာ အံသည်၊ ဝမ်းကတော့ မသွားချင်ဟုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ထဲမှသာ ထိုးထိုးအံ့နေသည်။

သို့ဖြင့် မိခင်နှင့် ဖခင်တို့ ပြုစုနေရာမှ သတင်းကြားပြီး ဦးလေး၊ အဒေါ်၊ ဆွေမျိုးများ ရောက်လာပြီး ဝိုင်းဝန်းပြုစုကြပေမင့် ခံစားရသော ဝေဒနာက မသက်သာခဲ့။

နောက်နေ့ရောက်တော့ အများ၏အကြံပေးချက်အရ တိုင်းရင်း ဆေးနှင့် ကုနေရာမှ ရပ်၍ မြို့သို့ လှည်းနှင့်ခေါ်သွားကာ ဆေးကု ပေးသည်။

ဆရာဝန်ပေးသော ဆေးများယူပြီး ရွာသို့ ပြန်လာခဲ့သည်။

မြနှင်းဝေ၏အခြေအနေက ဆေးထိုးဆေးသောက်လည်း ထိန်း မနိုင်၊ သိမ်းမရ ထုံး၍ အံ့ခြင်းက ပျောက်မသွား။

အစာကို လုံးဝမစား၊ စား၍လည်းမရ။

ရေလည်း သောက်မရ၊ ရေသောက်လိုက်ယည်နှင့် ချက်ချင်း အံ့ပစ်သည်။

အားပျက်မည်စိုး၍ ချော့မော့ကျွေး၍ စားပြန်သော်လည်း စားသမျှ အကုန်အစင် ပြန်အံ့ထုတ်တော့သည်။

တစ်ရက်လည်း မပျောက်၊ နှစ်ရက်လည်း မပျောက်၊ ကြာ တော့ အစာမဝင်သဖြင့် အားပြတ်လာတော့သည်။

ဝင်းဝါစိုပြည်သော အသားအရည်ရှိသည့် မိန်းမလှလေးအဖြစ်မှ



www.burmeseclassic.com

www.burmeseclassic.com



ပိန်ကပ်သော ရောဂါသည်ပုံစံအဖြစ် ပြောင်းသွားတော့သည်။

"ဒုက္ခပါပဲ အစ်မရယ်၊ တူမလေးက ဒီအလှူမှာ ကွမ်းတောင်ကိုင်ဖို့ အားခဲထားတာ၊ အခုဆို အလှူပွဲက ဆယ်ရက်ကျော်ကျော်ပဲ ရှိတော့တယ်"

"ဘာရောဂါမှန်းလည်း မသိဘူး။ သက်လည်း မသက်သာလာဘူး"

"အိုမယ်ခကလည်း အစာဝင်ရင် ပျောက်မှာပါ။ အစာဝင်ဖို့ပဲ အရေးကြီးတယ်၊ ညည်းချော့မော့ပြီး ကျွေးကြည့်ပါဦး"

"အစ်မကလည်း အစာဝင်ဖို့ မပြောနဲ့၊ ရေတစ်ငုံလောက်သောက်တာတောင် ရေတစ်ငုံစာ ပြန်ထွက်နေတာ။ ဘယ်ဒိုရောဂါ သက်သာပါ့မလဲ"

"ကျွန်မလည်း တူမလေးကိုကြည့်ပြီး စိတ်မချမ်းသာဘူး"

ထိုအချိန် ရွာ၏တောင်ဘက်ပိုင်းက အရီးလေးမြတစ်ယောက် လူမမာလာကြည့်သည်။

ဦးစံမြ၏ အဒေါ်အရင်းဖြစ်သည်။ အသက်က ခြောက်ဆယ်ကျော်ပြီ။ နာမည်က ဒေါ်ခင်မြဖြစ်သည်။

"လာ အိမ်ပေါ်တက် ရီးလေး ... အရီးလေးမြကြားတဲ့အတိုင်းပဲ။ အရီးလေးပဲ့မကတော့ ဒီအလှူပွဲမှာ ခဲထားသမျှ လွှဲပြီနဲ့

www.burmeseclassic.com



တူပါတယ်"

"တဲ့ သဦးမချွတ် လျှောက်ပြောနေကြတယ်"

"နေစမ်း ... ငါ့ကြည့်စမ်းမယ်"

အရီးလေးမြကြ မြနှင်းအေးကို အသေအချာကြည့်သည်။ ဒေါ်အေးလှကလည်း ဖြစ်သမျှကို ရှင်းပြသည်။

"အင်း ... ငါ့မြေးမကြီးရောဂါက လူတွေ ဖြစ်သင့်ဖြစ်ထိုက် တဲ့ ရောဂါမဟုတ်ဖူးနဲ့တူတယ်"

"မိန်းမရောဂါလည်း မဟုတ်ဘူး"

အရီးမြ၏စကားကို မယ်ခစိတ်ဝင်စားသွားသည်။

"ဘယ်လိုလဲ အရီးမြရဲ့ ကျွန်မတို့ကို ရှင်းအောင် ပြောပြ စမ်းပါဦး"

"ဒီလိုလေ ... ကံစိတ်ဥတုကြောင့်ဖြစ်တဲ့ရောဂါ (၉၆)ပါး ရောဂါဆိုပါတော့ကွယ် ... ဓာတ်ကြီးလေးပါး ဖောက်ပြန်ရင် ..လူမှာ ... ရောဂါတစ်မျိုးမျိုး ကပ်ငြိတော့တာပေါ့"

"အခု မြေးမမှာဖြစ်နေတာ ... မသိရင် ဓါတ်လေးပါး ဖောက်ပြန်ပြီး အခုလို ဖြစ်တာလို့ အားလုံးထင်ကြမှာပဲ"

"ဒါပေမဲ့ ... ငါ့အမြင်အရတော့ ရွာထဲက တစ်ယောက် ယောက်က ပြုစားထားတာပဲ ဖြစ်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရောဂါက ဆိုးဝါးသယောင်နဲ့ ရှေ့လည်း မတိုးသလို သက်လည်း မသက်သာဘူး၊ အစာလည်း မဝင်၊ ရေလည်း သောက်မရဘူး။ ငါ့စိတ်ထင်တော့ ပယောဂဆရာတစ်ယောက် ရှာပြီး ကုသင့်တယ်"

"ကိုယ့်ရွာထဲမှာ ပြုစားတတ်တဲ့ စုန်း၊ ကဝေ ရှာသူတစ်ယောက်တော့ ရှိမှာပဲ၊ ကြားမိလား"

"ကျွန်မတော့ ရှိတာ မကြားမိဘူး"

"သမီးလေးက ရွာသားတွေနဲ့လည်း ဘာပြဿနာမှ ဖြစ်ထားတယ်လို့ မကြားမိပါဘူး။ အားလုံးနဲ့ ချစ်ချစ်ခင်ခင် ရှိနေတာပဲ။ ဘယ်သူက ပြုစားမှာလဲ"

"သမီးက ရွာထဲလည်း အသွားအလာ သိပ်ရှိတာမှ မဟုတ်တဲ့"

"ဒါတော့ ငါမသိဘူး၊ ငါ့အတွေ့အကြုံအရ ဖြစ်နိုင်တာကို ပြောတာ"

"ဒီဆို စုန်းတွေ ကဝေတွေကို နိုင်တဲ့၊ ဆရာကို ရှာပင့်ရတော့မှာပေါ့။ အရိုးမြကရော ဒီရောဂါကို မကုနိုင်ဘူးလား"

"ဇီက ဘာပညာတတ်လို့ ကုသနိုင်ရမှာလဲ၊ ငါ ငွေချိုကုန်းကို သွားလည်တုန်းက အဲဒီရွာမှာ ဆရာကြီးတစ်ယောက် ဆေးကုနေတာ တွေ့ဖူးလို့ အခုလို ပြောရတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီရွာက လူနာမိန်းကလေးနဲ့ ဇွဲမြေးရောဂါ ခပ်ဆင်ဆင်ပဲ"

"ဒီ့ဆိုရင် အဲဒီလူမမာ မိန်းကလေးကို ကုခဲ့တဲ့ ဆရာကြီး နေတဲ့ရွာကို အရီးမြသိလား"

"သိတယ်၊ ဒါပေမဲ့ ငါမပြောတတ်ဘူး။ နင်တို့ အဲဒီသရွာကို သွားပင့်မယ်လို့ ဆုံးဖြတ်ပြီးရင် မနက်စောစော ဝွေးချိုကုန်းကိုသွား၊

ဝွေးချိုကုန်းက တင်မောင်လေးကိုမေးပြီး ဝင်ခေါ်၊ ပယောဂ ကုတဲ့ ဆရာကြီးဆီ လိုက်ပို့ခိုင်း၊ ကြခတ်ချုံရွာက ဒေါ်ခင်မြ လွှတ်လိုက်တာလို့ပြော၊ တင်မောင်က နှစ်ယောက်ရှိလို့ တင်မောင် ကြီးနဲ့ တင်မောင်လေး ခွဲထားတာ၊

တင်မောင်လေးလို့ မေးလိုက်၊ ရွာအဝင်နားမှာပဲရှိတယ်။ ဒီက စောစောလှည်းနဲ့သွားရင်၊ ဆရာကြီးဆီရောက်တဲ့အချိန်၊ ပြန်လာတဲ့ အချိန်ဆို၊ တို့ရွာကို ညနေ အချိန်မီ ပြန်ရောက်နိုင်တယ်"

"ဒါဆို အရီးမြတူနဲ့ ကျွန်မ မနက်စောစော သွားလိုက်မယ်"

"အေး ... အချိန်မဆွဲတာ ကောင်းတယ်၊ ဇွဲမြေးမကြီးလည်း အရိုးပေါ် အရည်တင်နေပြီ။ ဘယ်အမျိုးယုတ်က အခုလို ပြုစား ထားတာလည်း မသိဘူး"

"အရီးမြ ဆဲတဲ့စကားကို စုန်းမကြားလို့ ဟုတ်ပေ့ ဖြစ်နေ ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြားကြားအော"

× × × × × × ×

နောက်နေ့ မိုးလင်းသည်နှင့် ဆရာပင့်ရန် ဦးစံမြနှင့် လှည်းမောင်းသူ ကိုမိုးကုတ်တို့ ငွေးရိုးရွှေနံးရွာသို့ သွားကြသည်။

ဒေါ်အေးလှကို သမီးအား စောင့်ကြည့်ထားရန် ခေါ်မသွားဘဲ ထားခဲ့သည်။

ညနေလေးနာရီခန့်တွင် ဦးစံမြတို့ လှည်းနှင့်အတူ ပယောဂကုပေးမည့် ဆရာကြီး ပါလာသည်။

ဆရာကြီးက လှည်းရပ်လိုက်သည်နှင့် လှည်းပေါ်မှဆင်းကာ ဆေးလွယ်အိတ်ကို လွယ်၍ အိမ်ပေါ်သို့ တက်လာခဲ့သည်။

အိမ်အပေါ်က လူတစ်ချို့ ဝရံတာမှနေ၍ ဆရာကြီးကို စိတ်ဝင်တစား ရပ်ကြည့်နေကြသည်။

ဆရာကြီးအသက်က (၆၅)နှစ်ခန့် ရှိမည်ဟု ခန့်မှန်းရသည်။

ဆရာကြီးလည်း လွယ်ထားသော အိတ်ကိုချ၍ အိမ်ဦးခန်းမှာ ထိုင်လိုက်သည်။

ထိုအချိန် လှမယာမြနှင်းအေးက ခြေရင်းခန်းမှာ ပက်လက်အိပ်နေသည်။ ခန်းလုံးပြည့် ကာထားသော လိုက်ကာကိုလွှဲဖယ်ထားသဖြင့် လှမယာကို မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက လူမမာမိန်းကလေးကို တစ်ချက်အကဲခတ် ကြည့်လိုက်သည်။ လူမမာက အသားအရည်စိုပြည်မှု မရှိ၊ အားအင် ကုန်ခမ်းနေသည်ကိုလည်း မှန်းဆမိသည်။

"အင်း ... အသက်မသေတောင်မှ အိပ်ရာထဲက မထနိုင် အောင် လုပ်ထားတာပဲကွယ့်"

ဆရာကြီးက ကြည့်လိုက်သည်နှင့် ရွာသူပြုစားထားသည်ကို အတတ်သိလိုက်သည်။

အကြောင်းကိစ္စတစ်ခုခုကြောင့် ယခုကဲ့သို့ ပြုလုပ်ထားခြင်း ဖြစ်မည်ဟု ဆရာကြီးတွေးထင်မိလိုက်သည်။

မိန်းကလေးကို မုန်း၍လား၊ မိဘများကို မကျေနပ်၍လား၊ ချစ်သူရည်းစားကိစ္စကြောင့်လား ဖော်ထုတ်ရန် ဆရာကြီးဆုံးဖြတ် လိုက်သည်။

ဆရာကြီးက ရောဂါသည်မိန်းကလေးကို ရှေ့သို့ လာထိုင်ရန် ခေါ်လိုက်သည်။

ဆရာကြီး အမိန့်သံပါပါ ခေါ်လိုက်ပေမယ့်၊ အိပ်ရာပေါ်လှဲ နေသည့် လူမမာမိန်းကလေးက လုံးဝမထ။

"ကလေးမကို ပညာနဲ့ပြုစားထားတဲ့ ရွာသူ၊ အခုချက်ချင်း မိန်းကလေးကို ဝင်ပူးစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"တဲ့ အောက်လမ်းပညာသယ်မ ငါ့ဆရာက အမိန့်ပေးနေတယ်၊ နင်အခု ... မိန်းကလေးမှာ ဝင်ပူးစမ်း"

ဆရာကြီး ... မည်သို့ပင် အမိန့်ပေးသော်လည်း လှမယာ မိန်းကလေးက တစ်ချက်လေးမှ မလှုပ်၊ ဘယ်သို့မှ ဖြစ်မလာ။

ထိုအခါ ဆရာကြီးက ဘေးမှာချထားသော ဆေးလွယ်အိတ်အတွင်းမှ နှစ်ပေခန့်ရှည်သော ဆေးကြိမ်လုံးကို ကောက်ကိုင်လိုက်သည်။

"ကဲ ... ပညာသယ်မ၊ ဆေးကြိမ်လုံးနဲ့ အရိုက်မခံရခင်၊ မင်းပြုစားထားတဲ့ မိန်းကလေးမှာ ဝင်ပူးကပ်စမ်း"

ဆရာကြီးက ဆေးကြိမ်လုံးကိုင်ပြီး ထမည်ပြုလိုက်မှ မျက်လုံးမှိတ်အိပ်နေသော လှမယာမိန်းကလေးလည်း ရုတ်တရက် မျက်လုံးပွင့်ကာ ...

ဖေါက်ခနဲ ထထိုင်လိုက်တော့သည်။

"ဘာလုပ်ချင်လို့လည်း ဆရာက ဘယ်လောက် စွမ်းလို့လဲ" ပြောရင်း ရှေ့သို့ ထိုင်လျက် ထွက်လာသည်။

"ငါကို အံတုချင်လို့လား၊ နင့်လို အောက်လမ်းပညာသယ်ရှန်းက ငါဘယ်သူဆိုတာ မသိလို့လား"

"ဟား ... ဟား ... ဟား ... နင် ဘယ်သူဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဆရာကောင် ... အခု အိမ်ပေါ်က ဆင်းသွား"

"နင်ကများ ငါ့ကို ရာရာစစ"

ဆရာကြီးက ကိုင်ထားသော ဆေးကြိမ်လုံးကို ပယောဂဝင်ပူးကပ်နေသည့် မိန်းကလေးအား ရိုက်ရန် လက်ကို လွှဲလိုက်သည်။

ဆရာကြီးနှင့် ပယောဂဝင်ပူးနေသည့် မိန်းကလေးတို့ ငါးပေခန့်အကွာမှာ ရှိနေကြသည်။

"ရှေ့ကို တိုးစမ်း"

"မတိုးဘူး၊ နင့်ကို မကြောက်ဘူး"

"ဒီလိုလား ... ငါက ... အသာတကြည် နာခံမလားလို့ ကြိမ်လုံးနဲ့ အယောင်ပြနေတာ၊ နင်က အာခံနေတယ်ပေါ့၊ တွေ့ကြပြီပေါ့ စုန်းမရယ်"

ဆရာကြီးက ထိုင်ရာမှ ထမည်ပြုလိုက်စဉ် စုန်းမပူးကပ်ခြင်းခံရသော မိန်းကလေးမျက်နှာ တင်းနေရာမှ ရုတ်တရက် မျက်နှာသေသွားကာ နောက်သို့ အနည်းငယ် ရှိသွားသည်ကို တွေ့လိုက်သည်။

"နင် ရှေ့တိုးမလား၊ ငါလာခဲ့ရမလား"

ထိုအခါ စကား ပြန်မပြောဘဲ နှစ်ပေခန့် ရှေ့သို့တိုးလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"တိုးဦး နည်းနည်း"

တိုးသည်ဆိုရုံမျှ တိုးလိုက်သည်။ ဆရာကြီးက မတိုးခိုင်းတော့။

"နင့်ရဲ့ပညာလေးနဲ့များ ငါ့ကို အာခံနေရသေးတယ်၊ ငါ့ဆေးကြိမ်လုံးနဲ့ နင့်အသားကိုထိရင် နင်ဘာဖြစ်သွားမလဲ သိလား"

ဆရာကြီးက ဆေးကြိမ်လုံး တဝင့်ဝင့်နှင့် ပြောနေပေမယ့် စုန်းမက ဘာမှ ခွန်းတုန့်မပြန်၊ ငြိမ်နေသည်။

"ကဲ ... ပြောစမ်း၊ ဘာကြောင့် ဒီကလေးမကို ဖြုစားထားတာလဲ"

မပြောဘဲ မျက်နှာတင်းတင်းနှင့် စိုက်ကြည့်နေပြန်သည်။

"ဪ စိတ်မရှည်တော့ဘူး၊ နင်ကပဲ နှုတ်ပိတ်နေနိုင်မလား၊ ငါကပဲ နင့်ပါးစပ်ကို ပြောအောင် လုပ်နိုင်မလား၊ ကြည့်သေးတာပေါ့"

ဆရာကြီးက လွယ်အိတ်အတွင်းမှ အင်းချပ်တစ်ချပ်၊ ဘူးလေးတစ်ဘူးကို ဖွင့်၍ ထုတ်ယူလိုက်သည်။

"ကဲ ... အိမ်သားတွေ ရေတစ်ခွက်လောက် ခပ်ပေးပါ"

ရေခွက်ရောက်ပြီးနော် ရေခွက်အတွင်း အင်းချပ်ကို ထည့်-



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"အင်းရေကို သောက်ရမယ်၊ မသောက်ရင် ခေါင်းကနေ ခြေဖျားအထိ လောင်းချလိုက်မယ်"

"အင်းရေထိလိုက်ရင် နင့်ရဲ့ပညာစက်တွေလည်းပျက်၊ နင်လည်း ဘဝမလှ ဖြစ်သွားမယ်ဆိုတာ ကောင်းကောင်းသိစေရမယ်"

ဆရာကြီးက ရေထဲစိမ်ထားသော အင်းကို မထုတ်ယူသေးဘဲ၊ စုန်းမပူးကပ်ခြင်းခံရနေရသော မိန်းကလေးအား အင်းရေတိုက်မည် အပြု ..

"မ ... မ ... လုပ်ပါနဲ့၊ မသောက်ပါရစေနဲ့"

"နင် ... မသောက်ချင်ဘူးလား"

"မသောက်ချင်ဘူး"

"ဒါဆို ငါ့စကား နားထောင်တော့မလား"

"ဘာပြောမှာလဲ"

"မိန်းကလေးကို ဘာကြောင့် အခုလို လုပ်ရတာလဲ"

"ကွမ်းတောင်ကိုင် မလုပ်ဖြစ်အောင်လို့"

"ဘာကြောင့် မလုပ်ရမှာလဲ၊ နင်က ကွမ်းတောင်ကိုင်ချင်လို့လား"

"မဟုတ်ဘူး၊ သူ့ကို မလုပ်စေချင်လို့ ပြုစားနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို မလုပ်စေချင်ရင်၊ ဘယ်သူ့ကို လုပ်စေချင်တာလဲ"

"မပြောဘူး"

"အေး ဘယ်သူပဲ ဖြစ်ချင်၊ ဖြစ်ချင် အကြောင်းမတုတ်ဘူး။ ကွမ်းတောင်ကိုင်ဖြစ်သင့်တဲ့သူဆိုရင် ဘယ်သူတားတား ဖြစ်မှာပဲ"

ဆရာကြီးက ကြခတ်မြို့ရွာကို လိုက်လာရင်း လပြည့်နေ့မှာ ရှင်ပြုတရားနာလာရန် ဦးစံမြက ကြိုဖိတ်ထားပြီးဖြစ်သဖြင့် မကြာခင် ဤအိမ်မှာ ရှင်ပြုအလှူပွဲလုပ်မည်ကို သိထားသည်။

"ဒီမိန်းကလေးကို ကွမ်းတောင်ကိုင် မဖြစ်အောင် မကောင်းတဲ့ နည်းလမ်းတွေနဲ့ လုပ်ထားတာကတော့ ခွင့်မလွှတ်နိုင်ဘူး။ ဒီ မိန်းကလေးကို ပြုစားထားတဲ့ ပညာစက်တွေ၊ ပြန်နုတ်ယူရမယ်"

အားအင်ကုန်ခမ်းနေသော လူမမာမိန်းကလေးမှာ လူမမာ တစ်ယောက်နှင့် မတူဘဲ၊ လူကောင်းတစ်ယောက် ရန်လိုနေသော အပြုအမူပုံစံအတိုင်း ဆရာကြီးအား အာခံနိုင်သမျှ အာခံနေသည်။

"အင်း စိမ်ထားတဲ့ရေ မထိသမျှ ငါ့ကို အာခံနေမယ့်ပုံပဲ၊ ဒီတော့ ငါ့ပါးစပ်က ပြောမနေတော့ဘူး"

ဆရာကြီးက အင်းရွေ့ကွက်ထဲကို လက်လေးချောင်းနှစ်လိုက် ပြီး မိန်းကလေးအား တောက်လိုက်သည်။

"အား ... အား ... ပူတယ် ... ပူတယ် ... မလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့."

"အဲဒီ ... စတိပဲ"

"ဒီရေတစ်ခွက်လုံး သောင်းချလိုက်ရင် ဘာဖြစ်သွားမလဲ။ ငါမပြောတော့ဘူး ... မင်း ... ပညာတွေ ပြန်နှုတ်ပေးမလား၊ အခုပြောစမ်း"

"ပြန်နှုတ်ပေးပါ့မယ်"

"ဒီမိန်းကလေးကို ပြုစားထားတဲ့ နင်ရဲ့ ပညာတွေအားလုံး ကျွန်အောင်၊ ပြန်နှုတ်ပစ်ရမယ်၊ ငါပြောတာ ကြားလား"

"ကြားတယ်"

"ငါ့ကို ကလိန်ကကျစ်နဲ့ မာယာမများနဲ့နော်၊ ငါသည်းခံနိုင်တဲ့ အတိုင်းအတာ ကုန်နေပြီ"

"ပညာတွေ ပြန်နှုတ်ပေးပါတော့မယ်"

"ဘာပညာ၊ ဘာစက်မှ မကျန်အောင် ပြန်နှုတ်ပေး၊ တစ်ခုခု ကျန်ခဲ့လို့ကတော့ ရေခွက်ထဲက အင်းရေနဲ့သောင်းပြီလို့ မှတ်လိုက်"

ထိုစဉ်လူနာမိန်းကလေးက ပျို့ပျို့ပြီး အံချလိုက်ချင်သည့် အရိပ်သဏ္ဍာန် ပြလာသဖြင့် ...

"လင်ဗန်းတစ်ချပ် အမြန်ယူလို့ရမလား ... ဒါမှမဟုတ် သံပန်းကန်ပြားတစ်ချပ်လည်း ရတယ်၊ အမြန်လေးလုပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးစကားကြောင့် အမျိုးသမီးတစ်ယောက်လည်း လင်ဗန်းတစ်ချပ်ယူပြီး လှမ်းပေးလိုက်သည်။

လင်ဗန်းကို မိန်းကလေးမျက်နှာအောက်၊ ထိုးခံလိုက်ပြီး မကြာခင် မိန်းကလေးပါးစပ်အတွင်းမှ ဆံပင်အထွေးလိုက် ထွက်ကျလာသည်ကို အားလုံး တွေ့လိုက်ကြသည်။

အစာမပါသော အရည်များ ဝေါခနဲ ထိုးအံချလိုက်ပြန်သည်။

"အားလုံးကို နှုတ်ပေးပြီးပါပြီ၊ ကျွန်ုပ်ကို သွားခွင့်ပြုပါတော့"

"အေး ... နောက်ကို ဘယ်သူ့ကိုမှ ထိခိုက်အောင် မလုပ်ပါဘူးလို့ ကတိပေးနိုင်မလား"

"ကတိပေးပါတယ်"

"သစ္စာဆိုပြီးမှ သွားရမယ်"

"သစ္စာဖောက်ရင် မဟာအဝီစိငရဲမှာ ခံရပါစေလို့ သစ္စာဆိုရမယ်"

ပူးကပ်နေသော စုန်းမလည်း ဆရာကြီးတိုင်ပေးသည့် အတိုင်း လိုက်ဆိုပြီးနောက် ဆရာကြီးကို ကန်တော့၍ ပူးကပ်နေသော မိန်းကလေးထံမှ ထွက်သွားလေတော့သည်။

စုန်းပယောဂ ပူးကပ်သွားရာမှ ထွက်သွားပြီးနောက် လူမမာ မိန်းကလေးမျက်နှာက ရွှင်ရွှင်ပြပြ ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်းမှ လူများကို ကြည့်ပြီး အံ့သြနေပုံ ပြသဖြင့် မိခင်ဖြစ်သူက ရှင်းပြလိုက်သည်။

ထိုအခါ မြနှင်းအေးလည်း ဆရာကြီးအား ကန်တော့လိုက်သည်။

"အိပ်မ်း ... အခုအချိန်ကစပြီး ဘာအန္တရာယ်မှ မရှိတော့ပါဘူး၊ အားရှိမယ့်အစားအသောက်တွေလည်း စားလို့ရပါပြီ"

အချိန်မရှိတော့သဖြင့် ဆရာကြီးကို အိမ်မှာပင် အိပ်စေပါသည်။ နောက်နေ့ရောက်မှ ဆရာကြီးနေသောရွာသို့ လှည်းနှင့်လိုက်ပို့စေပါသည်။

မြနှင်းအေးလည်း သုံးလေးရက်အတွင်း အားရှိသော အစားအစာများစားခြင်း၊ ဆေးဝါးသုံးစွဲခြင်းတို့ကြောင့် ထူထူထောင်ထောင် ပြန်ဖြစ်လာသည်။

ယခင်ကကဲ့သို့ အလှအပများလည်း ပြန်လည်ပိုင်ဆိုင်လာခဲ့သည်။

ထိုကဲ့သို့ လူသိရှင်ကြား ကွမ်းတောင်ကိုင် မဖြစ်ရေးအတွက် စုန်းကဝေပညာဖြင့်ပင် တိုက်ခိုက်နှောင့်ယှက်လာသည့်အကြောင်း တစ်ရွာလုံးသို့ သတင်းပျံ့သွားခဲ့သည်။

တစ်ရွာလုံး၏ ကရုဏာစေတနာဆန္ဒဖြင့် မြနှင်းအေး ကွမ်း



www.burmeseclassic.com

www.burmeseclassic.com



တောင်ကိုင်ခွင့် ရရှိခဲ့ပါသည်။

မကြာခင် ရှင်လောင်းလှည့်သည့်နေ့သို့ ရောက်လာသည်။ ရွာစဉ်တစ်လျှောက် ရှင်လောင်းလှည့်ပွဲကလည်း မြိုင်ဆိုင်လှသည်။

ကွမ်းတောင် ပန်းတောင်ကိုင်ကြသော ရွာကာလသမီးပျိုလေးများကလည်း ချမ်းသာသမျှ ထုတ်ဆင်ကာ အလှပြိုင်ပွဲ ကျင်းပနေသည့်အလား၊ လှချင်တိုင်း လှပနေကြသည်။

ထိုအထဲတွင် ထိပ်ဆုံးမှ ဖက်ဝိုင်းကွမ်းတောင်ကိုင်သူ ဖက်ငွေရောင် ထိုင်မသိမ်းနှင့် မြနှင်းအေးက အားလုံးထဲမှာ အလှဆုံးပင် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

# ဈေးသည်ရဲ့ ကြောက်စရာပင့်ကြွေး

ကျွန်မအသက် ယခု လေးဆယ့်ရှစ်နှစ် ရှိပါပြီ။

ကျွန်မအသက် ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ် အပျိုဖော်ဝင်ကတည်းက ရောဂါနှင့်လူ တွဲရက်ဖြစ်နေခဲ့တာ၊ ယခုအချိန်ထိဆိုပါတော့။

ဆေးခန်း၊ ဆေးရုံ၊ ပရဲဆေးဆိုင် အတော်များများ ကျွန်မမရောက်သော ဆေးခန်း၊ ဆေးဆိုင် မရှိသလောက်ပင်။

ကျွန်မရှာ--သည့်ရှင်ငွေက စားစရာ၊ ဝတ်စရာက နည်းနည်း၊ ဆေးဖိုးက များများ ကုန်ကျခဲ့ရသည်။

ကျွန်မငယ်စဉ်ကတည်းက အလုပ်နှင့်လက် မပြတ်အောင် လုပ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်ဆယ့်ရှစ်နှစ်မှာ အိမ်ထောင်ကျခဲ့သော်လည်း စားဝတ်နေရေးအတွက် ဈေးရောင်းခဲ့ရသည်။ အိမ်ထောင်ရေး ကံမကောင်းခဲ့။ ယောက်ျားဖြစ်သူ၏ အရက်ဖိုး၊ လောင်းကစားရန်အတွက် ကျွန်မရဲ့ ဈေးဖိုးထဲမှ ပေးခဲ့ရသေးသည်။

ကျွန်မတို့ အိမ်ထောင်သက်အတွင်း သားသမီးသုံးယောက်၊ ထွန်းကားခဲ့ပေမယ့် တစ်ယောက်မှ အဖတ်မတင်ခဲ့။

ဤသို့ အဖြစ်ဆိုးများ ဖြစ်ခဲ့ရခြင်းမှာ ယခုဘဝမှာပင် ကျွန်မ၏ မဆင်မခြင် ပြုမူခဲ့သော ဖြစ်ရပ်တစ်ခုကြောင့် နှစ်များစွာမကြာခင်မှာ ထိုဝဋ်ကြွေးအတိုင်း ပြန်လည်ခံစားလိုက်ရခြင်းပင်။

ကျွန်မရဲ့ ပြင်မရသော ဝဋ်ကြွေးများ ကျေပါစေတော့ ဆုတောင်းရင်း၊ ကျန်ရှိတော့သည့် သက်တမ်းလေးမှာ ဘုရားရိပ်၊ တရားရိပ်အောက် ခိုဝင်၍ အသေဖြောင့်ရန် ကြိုးစားနေလိုက်သည်။

× × × × × × ×

ကျွန်မဘဝက ငယ်စဉ်ကတည်းက အ[illegible]နှင့်စခဲ့ရပါသည်။

အဖေနဲ့အမေက ကျွန်မ ဆယ့်နှစ်နှစ်သမီးအရွယ်မှာပင် လူကြီးရောဂါနှင့် ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားရသည်။

မိဘနှစ်ပါး မရှိတော့သည်နှင့် ကျွန်မဘဝ တစ်ဆင့်ချိုး ပြောင်းလဲသွားရပြီဖြစ်သည်။

www.burmeseclassic.com



မိဘများရှိစဉ်က ကျွန်မ ကျောင်းနေခဲ့ရသည်။ မိဘများ သေဆုံးပြီး နောက်ပိုင်းမှာတော့ ကျွန်မ ကျောင်းကထွက်ခဲ့ရပါတော့သည်။

ကျွန်မမှာ အသက်(၂၀)အရွယ် တစ်အူတုံဆင်း အစ်မ တစ်ယောက် ရှိခဲ့ပါသည်။ ကျွန်မနှင့် အစ်မကြီးကြားမှာ အစ်ကို တစ်ယောက်၊ အစ်မတစ်ယောက်ရှိသည်ဟုသာ ကြားပြီး၊ ကျွန်မ မမွေးခင်မှာပင် လူ့လောကမှ ထွက်သွားပြီဟုသာ သိခဲ့သည်။

ကျွန်မ၏အောက်မှာ အငယ်တစ်ယောက်မှ မမွေးတော့။

ကျွန်မ၏အစ်မက အိမ်ထောင်ရှိသည်။ သူက ကျွန်မရဲ့ အုပ်ထိန်းသူဖြစ်သည့်အတွက် သူတို့စားဝတ်နေရေးကြောင့် ကျွန်မကို ကျောင်းက ထုတ်လိုက်ပါတော့သည်။

သူ၏ကလေးများကို ထိန်းပေးရန် ကျောင်းထုတ်ရခြင်းဟု ဆို၏။ ကျွန်မဘဝက ဆယ့်နှစ်နှစ်အရွယ်ကပင်စပြီး မုန်တိုင်း ...န်ခဲ့သည် မဟုတ်ပါလား။

× × × × × × ×

"တဲ့ ... မိနွယ် ... မိနွယ် ... ဘယ်သွားနေလဲ"

"အိမ်ထဲမှာ အစ်မ ... ကလေး အိပ်နေလို့ ... ပုဆိုး လျှော်ပေးရင်း စပါးလုံး ရွေးနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင် ရေမခပ်ထားဘူးလား။ အပြင်က ပြန်ရောက်လို့ ထမင်းချက်မယ်လည်းလုပ်ရော ... ရေအိုးတွေထဲမှာ ရေတစ်စက်မှ မရှိဘူး"

"ကလေးအကြောင်းပြုပြီး ဘာမှ ... လုပ်ချင်ကိုင်ချင်စိတ် မရှိဘူး ... သွား ... ရေသွားခပ်"

ကျွန်မလည်း ဆန်ရွေးနေသော ဇကောကို ဘေးမှာချပြီး၊ ကလေးပုခက်ကို သွက်သွက်လေး လွှဲလိုက်သည်။ ပြီးမှ ရေကပြင်သို့ ထွက်ခဲ့ကာ ရေပုံးဆွဲ၍ ရေပြေးခပ်ရပါသည်။

ရေကို နှစ်ခေါက်၊ သုံးခေါက် ဆွဲလိုက်သည်။

"ကဲ ... ရေခပ်တာ တော်လောက်ပြီ၊ နောက်မှ ထပ်ပြီး ခပ်။ အခု ဟင်းချက်ရအောင် ချဉ်ပေါင်ရွက်တွေ လာသင်ပေးဦး"

ကျွန်မလည်း အချဉ်ဟင်းအတွက် ချဉ်ပေါင်ရွက်များကို အရွက် သင်နေလိုက်သည်။

"မိန္ဒယ်၊ အဲဒီ ခဏချ၊ ဆန်ရွေးထားတာ သွားယူခဲ့။ ထမင်းချက်တော့မယ်"

ကျွန်မ စပါးလုံးရွေးထားသော ဇကောကို ယူပေးလိုက်သည်။

"နောက်ကို ထမင်းချက်နည်း သေချာကြည့်ထား၊ ငါအပြင် သွားလို့ အချိန်မီ ပြန်မရောက်သေးရင်၊ ထမင်းချက်ထားနိုင်အောင်

www.burmeseclassic.com



အခုကတည်းက ကြည့်ထား"

ကျွန်မ ၁၈ ခစ်မက ကျွန်မကို မျက်နှာသာ တစ်ချက်လေးမှ မပေးသလို၊ အလုပ်တစ်ခုနှင့်တစ်ခု မထပ်အောင်လည်း ခိုင်းသည်။

ပါးစပ်ကလည်း တဗျစ်တောက်တောက်နှင့် တုတ်အနီးမှာ ရှိလျှင် တုတ်နဲ့ ရိုက်တတ်သည်။ အစ်မအိမ်မှာရှိလျှင် ကျွန်မ အမြဲစိတ်ညစ်နေရပါသည်။

"ကဲ စဉ်းစားခန်းတွေ ဘာတွေ လုပ်မနေနဲ့။ ချဉ်ပေါင် သင်ပြီးပြီဆိုရင် ပုခက်သွားလွှဲလိုက်ဦး။"

"ပြီးရင် ... မီးဖိုထဲကို ထင်းခြောက်နည်းနည်း သယ်ထည့် ထားဦး"

ဟုတ်ကဲ့"

"ကဲ ... သွား၊ ပြောရင် ဟုတ်ကဲ့ ... လုပ်တော့ မလုပ်ချင်သလို လုပ်ချင်ဘာလို လေးတိလေးကန်နဲ့"

ကျွန်မလည်း နောက်မှ ဆူသံကို လျစ်လျူရှု၍ ကလေးပုခက် ...ပေးလိုက်ပြီး ထင်းသယ်ရန် ထွက်ခဲ့ပါတော့သည်။

ကျွန်မအရွယ်ကလေးများ၊ ကျောင်းတက်သွားကြသည်၊ ကျောင်းမှအပြန် ကစားကြသည်။

ကျွန်မ ကစားခွင့်ရရန် အိပ်မက်ပင် မမက်ဝံ့။

www.burmeseclassic.com



တစ်ခါက အစ်မအာလစ်မှာ ခေါင်းရင်းခြံက ညွန့်ညွန့်တို့၊ တင်မေတို့နှင့် သွားကစားစဉ် အစ်မကြီးလယ်ကွင်းထဲက ပြန်အလာ ကျွန်မ ကစားနေသည်ကို တွေ့ပြီး၊ တုတ်ကျိုးသည်အထိ အရိုက်ခံလိုက်ရသည်။

ထိုအချိန်မှစပြီးတော့ ကျွန်မကစားရန် စိတ်မကူးမိတော့။ အလုပ်အားလျှင် အိမ်ထဲမှာသာ တစ်ယောက်တည်း ဖြစ်သလို ကစားနေလိုက်သည်။

ကျွန်မအစ်မရဲ့ အကူအပြောအဆိုကို နေ့စဉ်ခံရသလို ည ဘက်ရောက်တော့၊ ခဲအို လယ်ကွင်းက ပြန်ရောက်လာသည်။ ခဲအိုရောက်လာပြန်တော့လည်း မျက်နှာကောင်းမရ။ အဆူအဆဲ အဟောက် မလွတ်ခဲ့။

ကျွန်မ အန္တရာယ်လွတ်အောင် ကြိုးစားရှောင်ပေမယ့် တစ်ယောက်ရန်ကလွတ်၊ တစ်ယောက်ရန်က မလွတ် ဖြစ်နေသည်။

သို့ကြောင့် ကျွန်မအလုပ် လုပ်နေရသော်လည်း စိတ်တွေ အလွန် ရှုပ်ထွေးနေပါသည်။

ကျွန်မလက်ထဲမှာ တုတ်ရှိလျှင် တုတ်နှင့်ထရိုက်ချင်စိတ် ပေါက် လာသည်။ ခဲလုံးကိုင်ထားပါက ခဲလုံးဖြင့် ပေါက်ချင်စိတ်၊ သတ်ချင် စိတ်တွေ မကြာခဏ ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ကျွန်မဘဝရဲ့ အဆိုးဆုံးအဖြစ်တစ်ခု ဖြစ်သောနေ့ဟု ပြောရမည် ဖြစ်ပါသည်။

ကျွန်မတို့ အိမ်မှာ မွေးထားသော ညိုမဆိုသည့် ခွေးမက ဗိုက်ကြီးနေသည်။ ဗိုက်ကမွေးဖွားရန်ပင် နီးသလို ဖောင်းကားနေသည်။

ကျွန်မတို့ခြံအတွင်းမှာ ငါးမွေးရန် တူးထားသော အနံပေ (၄၀)၊ အလျားပေ(၅၀)အရှည်ရှိသော ရေကန်တစ်ကန်ရှိပါသည်။

ထိုကန်မှရေကို ခပ်ပြီး ချိုးသည်။ အဝတ်လျှော်သည်။ အိုးခွက် ပန်းကန်ဆေးသည်။ သောက်သုံးရေကိုတော့ အိမ်ရှေ့ခြံထောင့်တွင် ရေတွင်းတူးထားသည်။

ဆေးကြောရန်အတွက် ရေကန်ကိုသာ ခပ်သုံးသည်။ ထိုနေ့က ကျွန်မကို အစ်မက အဝတ်လျှော်ရန် ရေအင်တုံထဲ ရေဖြည့်ခိုင်းထားသဖြင့် ရေပုံးဆွဲကာ ကန်သို့လာခဲ့သည်။

ရေကန်မှရေကို အလွယ်တကူ ခပ်ယူနိုင်ရန် တစ်ပေအကျယ် ဆယ်ပေခန့်အရှည်ရှိသော ကျွန်းပျဉ်ချပ်ကို ရေကန်အတွင်း ကုန်းဘောင် ထိုးထားသည်။

ကျွန်မကုန်းဘောင်ပေါ်အတက်၊ ညိုမက အလယ်မှာ အိပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ညိုမကို မောင်းသည်၊ ညိုမက မထ။

ကျွန်မကိုပင် သူ အိပ်ရေးပျက်တယ်၊ လာမနှောင့်ယှက်နှင့် ဆိုသည့်သဘောဖြင့် ခေါင်းထောင်ကြည့်ပြီး ပြန်အိပ်နေသည်။

ကျွန်မ၏ မရှည်နိုင်တော့သည့် စိတ်ကို ညိုမက နှိုးဆွနေသကဲ့သို့ ဖြစ်တာကြောင့် အိပ်နေသော ညိုမကို ရေကန်ထဲ ကန်ချလိုက်ရာ၊ ညိုမလည်း ရေကန်ထဲ ကျသွားတော့သည်။

ညိုမက ကိုယ်ဝန်ရှိ၍ ရေကို အတတ်နိုင်ဆုံး ရှောင်သူ့ ရေထဲ ကန်ချခြင်း ခံလိုက်ရခြင်း ရေထဲမှာ ယက်ကန်ယက်ကန် ကြိုးစားကူးနေတယ်။

ထိုအချိန် ညိုမ အနီးက ရေထဲမှာ သွေးရောင်တချို့ကို မြင်လိုက်ရသည်။ ကျွန်မလည်း ညိုမအဖြစ်ကို ကြည့်မနေတော့ဘဲ ရေကို ရေအင်တုံထဲ သုံးခေါက်မျှ ခပ်ထည့်နေလိုက်သည်။

ကျွန်မ နောက်ဆုံးအခေါက်မှာတော့ ညိုမ ကမ်းပေါ် ကုတ်ကပ်တက်နေသည်ကို တွေ့လိုက်သည်။

ထိုနေ့ နေ့ခင်းပိုင်းမှစ၍ ညိုမကို ကျွန်မ မတွေ့ရတော့။

ညနေ သုံးနာရီလောက်မှ ငှက်ပျောပင်တွေကြားက ခွေး ညည်းသံကြားသည်ဟု အစ်မပြောသည့်အတွက် ကျွန်မ ပြေးကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်။ ကျွန်မ မြင်လိုက်ရသည်က ညိုမ ခွေးလေးများ မွေးနေသည်ကို တွေ့လိုက်ခြင်းဖြစ်သည်။ ထိုအချိန် အစ်မက နောက်မှာ ရောက်လာပြီး ...

"ညိုမ ဘာဖြစ်တာလဲ"

"ခွေးလေးတွေ မွေးနေတာ"

"ဘယ်နှစ်ကောင်လဲ ... ဟင် အားလုံး အသေလေးတွေ ပါလား၊ ဗိုက်မှာလည်း ဒဏ်ရာကြီးနဲ့ သွေးတွေလည်း ထွက်နေတာယ်"

"ဒါဆိုရင် ... ညိုမ သားလျှောသွားတာ ဖြစ်နိုင်တယ်၊ အို ... ဗိုက်က ဒဏ်ရာကြောင့် ညိုမ အသက်မှ ရှည်ပါ့မလား"

"အချိန် မစေ့သေးဘဲ မွေးတာကြောင့်၊ အသေလေးတွေပဲ မွေးတာလား၊ ခဏစောင့် အားလုံးမွေးလို့ အသေလေးတွေပဲ ဆိုရင် ယူသွားပြီး မြှုပ်ပစ်လိုက်"

အစ်မက ထိုမျှသာ ပြောပြီး၊ အိမ်ဘက်သို့ ထွက်သွားသည်။

ကျွန်မလည်း ညိုမအဖြစ်ကို ကြည့်ပြီး၊ စိတ်ထဲက သနားသလို၊ ကြောက်သလို ခံစားလိုက်ရသည်။

ထိုအချိန် ညိုမက ကလေးကို မချိမဆန့် မွေးနေရာ၊ ကျွန်မ အနီးရောက်လာသည်ကို သိပုံရသည်။

သူ့အကြည့်က ရိုးရိုးကြည့်ပုံမဟုတ်၊ ကျွန်မကို မကျေနပ်

www.burmeseclassic.com

www.burmeseclassic.com



သော မျက်လုံးနှစ်လုံးဖြင့် စူးစိုက်ကြည့်နေသည်ဟု ခံစားသိမြင်လိုက်သည်။

ကျွန်မ ညိုမြအနီးက ထွက်လာခဲ့သည်။

ရေကန်ဘက်သို့ လျှောက်ခဲ့သည်။ ညိုမြအား ကန်ချလိုက်သည့်နေရာကို အသေအချာ ကြည့်မိသည်။

"အို ... ဘုရား ... ဘုရား"

ကျွန်မ ရုတ်တရက် ဘုရားတလိုက်မိသည်။

ကျွန်မမြင်လိုက်သည်က ရေပေါ်သို့ လက်တစ်လုံးခန့် ထိုးထွက်နေသော ဝါးလုံးငုတ်တိုင်တစ်ချောင်း ဖြစ်သည်။

ယခင် ထိုဝါးလုံးငုတ်က ရေကန်မှာ ရေခပ်လျှင် ငှိုယ်ကို ထိန်းရန်၊ ဝါးလုံးတန်းကို ထောက်ချည်ရန် ရေကန်ထဲကို တိုင်အဖြစ် စိုက်ထားခြင်းဖြစ်သည်။

ရေအောက်နှင့် ရေအပေါ် ပိုင်းခြားထားရာ နေရာက ဝါးပိုးစား၍လားမသိ၊ ကျိုးပြတ်သွားခဲ့သည်။

ထိုငုတ်ကို မည်သူမျှ မနုတ်မိ။

အကယ်၍ လူကျပါက္ကလည်း ခန္ဓာကိုယ်ကို ထိုးစိုက်နိုင်သည်။

ယခု ကျွန်မ ညိုမြကို ရေထဲသို့ ကန်ချလိုက်၍ ကိုယ်ဝန်



www.burmeseclassic.com

www.burmeseclassic.com



လွယ်ထားရသော ညိုမ၏ဗိုက်ကို ဝါးလုံးငုတ်က ထိုးစိုက်မိသွားခြင်း ဖြစ်ပေလိမ့်မည်။

ကျွန်မ စိတ်မကောင်းရုံမှလွဲ၍ ဘာမှ မတတ်နိုင်တော့။ ညိုမ လည်း ကိုယ်ဝန်ပျက်ကျခဲ့ရပြီ။

ညနေ ငါးနာရီခန့်ရှိတော့ ကျွန်မအစ်မက ညိုမကို သွားကြည့် ပုံရသည်။

"မိန္ဒယ် ... မိန္ဒယ်"

"ရှင် ... အစ်မ"

"ညိုမ ... သေနေပြီ"

"ပေါက်တူးယူပြီး နောက်ဘက်ခြံစပ်မှာ သွားမြှုပ်လိုက်"

ကျွန်မလည်း ငှက်ပျောလက်အခြောက်ကို ကြိုးလုပ်ပြီး ညိုမ ၏ခြေထောက်မှာ ချည်၍ ခြံနောက်ဘက်သို့ ဆွဲခဲ့သည်။

ကျွန်မလည်း အလုပ်ကြမ်းကို အမြဲလုပ်နေရသည့်အတွက် ညိုမတစ်ကောင် မြှုပ်ရန် မြေတူးရသည်မှာ အခက်အခဲ မရှိပေ။

သို့သော် မှောင်စပြုလာပြီဖြစ်၍ ခွေးတစ်ကောင်မြှုပ်၍ ရနိုင် သလောက်သာ တူးလိုက်သည်။

ညိုမကို ကျင်းထဲထည့်လိုက်သည်။ ညိုမခန္ဓာကိုယ်နှင့် မြေ အပေါ် မျက်နှာပြင်နှင့် တညီတည်းဖြစ်နေသည်။ အကောင်၏ ပုတ်ပွ



www.burmeseclassic.com

www.burmeseclassic.com



လာပါက အကောင်ပေါ်လာလျှင် ကျွန်မ အရိုက်ခံရဦးမည်ဖြစ်သည်။

ကျွန်မ ခွေးအသေကောင်လေး သုံးကောင်ကို ပေါက်တူး အပြားပေါ် တုတ်ဖြင့် ယက်တင်၍ ကျင်းရှိရာသို့ သယ်လာခဲ့သည်။

ခွေးအသေကောင်လေးသုံးကောင်ကို ကျင်းထဲထည့်ပြီးသည် နှင့် မြေကြီးများကို ညိုမအပေါ် ဖုံးလိုက်သည်။ မကြာမီမှာပင် ခွေးတစ်ကောင်လုံး ဖုံးပြီးသား ဖြစ်သွားသည်။

ကျွန်မအိမ်ပြန်ရောက်တော့ မှောင်နေပြီ။ ကျွန်မအား ညိုမကို ကန်ချခဲ့သော ရေကန်ထဲမှ ရေကိုခပ်ပြီး ချိုးခိုင်းနေသည်။

မျက်လုံးထဲမှာ ညိုမခန္ဓာကိုယ်မှ ထွက်သော သွေးများကို ရေထဲမှာ မြင်ယောင်မိသဖြင့် ရေချိုးရမှာကိုပင် မသတီချင်တော့။

သို့ပေမင့် ရေမချိုးပြန်လျှင်လည်း အရိုက်ခံရမှာကို မြင်ယောင် ပြီး၊ မချိုးချင်သော်လည်း ချိုးလိုက်ရသည်။

ကျွန်မ ထိုညတစ်ညလုံး အိပ်မပျော်ပါ။ အိပ်မက်ထဲမှာ ညိုမက လူလည်း မဟုတ်၊ သရဲလည်း မဟုတ် ရောက်လာပြီး

"နင် ငါ့ရဲ့ကလေးတွေကို သတ်တယ်၊ ငါ့ကိုလည်း သတ် တယ်။ နင့်ကို ငါ မကျေနပ်ဘူး။ ငါ့ကလေးတွေ သေသလို နင် တစ်ချိန် ကလေးရရင်၊ ငါ့ကလေးတွေ သေသလို သေစေရမယ်"

ကျွန်မကို အိပ်မက်ထဲအထိ လာ၍၊ ကြိမ်းမောင်းနေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လန့်နိုးလာကာ တစ်ညလုံး စိတ်ချောက်ချားနေပြီး အိပ်မပျော်နိုင်ဖြစ်ရသည်။

ညီမသေဆုံးပြီး သုံးလေးရက်ခန့် ကျွန်မစိတ်ကို ညီမက ခြောက်လှန့်နေခဲ့သည်။

ရက်ကြာလာတော့ ညီမက ကျွန်မအိပ်မက်ထဲမှ ပျောက်သွားခဲ့သည်။

ကျွန်မလည်း အဆူခံလိုက်၊ အရိုက်ခံလိုက်နှင့် ရာသီတွေ အလီလီ ပြောင်းလို့ အသက်ဆယ့်ငါးနှစ်သို့ ရောက်ရှိလာခဲ့သည်။

ကျွန်မ၏အစ်မနှင့် ခဲအိုတို့ရဲ့ နှိပ်စက်မှုဒဏ်ကြောင့် စိတ်ဒဏ်ရာရနေသည်မှာ ကြာခဲ့ပါပြီ။

တစ်ခါတစ်ခါ ကျွန်မတစ်ယောက်တည်း စကားပြောနေမိသည်။ တစ်ခါတစ်ခါ ငိုချင်သလိုဖြစ်လိုက်၊ ရယ်ချင်သလိုဖြစ်လိုက်၊ အစ်မနှင့်ခဲအိုအပါအဝင် သူတို့၏ သားသမီးသုံးယောက်ကိုလည်း သတ်ပစ်ချင်စိတ်ပင် တစ်ခါတစ်ခါ ဖြစ်မိသည်။

တစ်နေ့ ကျွန်မ ထမင်းရည်ငှဲ့နေစဉ်၊ အစ်မ၏အငယ်ဆုံး သုံးနှစ်သား ကောင်လေး မီးဖိုခန်းထဲ ဝင်လာပြီး ကျွန်မကို ဆောင့်တွန်းလိုက်သည်။

လူကို မတွန်းမိဘဲ လက်ကို တွန်းမိသည့်အတွက် ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ငုံ့နေသောအိုးကို ကိုင်ထားသည့် လက်တစ်ဖက်လွတ်သွားပြီး၊ ထမင်းရည်ပူနှင့် ထမင်းပူများ အပြင်သို့ ထွက်ကျကုန်သည်။

ကျွန်မရဲ့ခြေထောက်တစ်ဖက် အပူလောင်သွားသလို အငယ်ကောင်လေးခြေထောက်တစ်ဖက်ပါ ထမင်းရည်ပူလောင်ပါလေတော့သည်။

ကလေးက နာလွန်း၍ အသံပျောက်အောင် ငိုပါတော့သည်။

ကျွန်မက လူကြီးဖြစ်၍ ခြေဖမိုးပေါ်မှ ထမင်းရည်ပူများကို သုတ်ပစ်လိုက်ပြီး ကလေးကိုသာ အပူသက်သာအောင် သိမှတ်သမျှ လျှောက်လုပ်နေမိသည်။

ထိုအချိန် အစ်မအပြင်က ရောက်လာပြီး ဘာမှ မမေးမြန်းဘဲ ကျွန်မပါးကို ဘယ်ပြန်ညာပြန် ရိုက်ပါတော့သည်။

နင် သူ့အဖေလာရင် အသက်ကို ဖက်နဲ့သာထုတ်ထားတော့တု ဆိုပါသည်။

ကျွန်မလည်း အစ်မရိုက်သော ဒဏ်ရာနှင့်ပင် ရင်ထဲနာကျင်လှပေပြီ၊ ခဲအိုနှင့် ရင်မဆိုင်ချင်တော့ပါ။

သို့ကြောင့် ကျွန်မ အိပ်ခန်းအတွင်းဝင်ပြီး စုဆောင်းထားသော ပိုက်ဆံအနည်းငယ်ယူ၍ အိမ်မှ အဖြီးအပိုင် ထွက်ခဲ့ပါတော့သည်။

မနက်စာချက်ချိန်ဖြစ်သဖြင့် အိမ်ကထွက်လာတော့ ဘယ်နားရှိ



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်ပင် ရှိသည်။

ကျွန်မ၏အစ်မလည်း သူ့ရဲ့ကလေး အနာသက်သာစေရန် ပြုစုရင်း အလုပ်ရှုပ်နေသည့်အချိန် ထွက်လာခြင်းကြောင့် မသိလိုက်။

အိမ်မှနေ၍ ကားလမ်းရှိရာသို့ နာရီဝက်နီးပါး လျှောက်ခဲ့ရသည်။ ထမင်းရည်ပူလောင်သားသော ခြေဖမိုးက နီရဲနေပြီ။ အဖုအပိန့် မထွက်သဖြင့် ကံကောင်းလှသည်ဟု မှတ်ယူမိသည်။

ဒီပေမဲ့ ခြေဖမိုးက အပူရှိန်ကြောင့် တစစ်စစ် နာနေသေးသည်။ ကားလမ်းပေါ်သို့ ရောက်ခဲ့ပြီ။ မြို့တက်သွားသော ကားတစ်စီး စောင့်ကာ တားစီး၍ လိုက်ခဲ့သည်။

ကျွန်မ ဘယ်မြို့ဘယ်ရပ်သို့ သွားရမည်မသိ။ စပါယ်ယာက ဘယ်သွားမှာလဲဟု မေးသဖြင့် ရေ့မြို့အထိ သွားမှာဟု ပြောလိုက်မိစဉ် ကားခ(၅)ကျပ် ဆိုသဖြင့် ပါလာသော ပိုက်ဆံ(၁၂)ကျပ်မှ ကားခ (၅)ကျပ် ပေးလိုက်ရာ ကျွန်မမှာ (၇)ကျပ်ပင် ကျန်သေးသည်။

ထိုမြို့ရောက်တော့ ကျွန်မကားပေါ်က ဆင်းလိုက်သည်။ ကားပေါ်မှဆင်းပြီး ဗိုက်ကဆာလာသဖြင့် ဟိုသည်ကြည့်၍ စားစရာ ရောင်းသည့်ဆိုင်ကို ရှာသည်။

အနီးမှာ မုန့်ဟင်းခါးဆိုင်တစ်ဆိုင်တွေ့၍ ခြေထောက် ထော့နဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့နဲ့နှင့် ဆိုင်ထဲဝင်ထိုင်လိုက်သည်။

"မုန့်ဟင်းခါးတစ်ပွဲပေးပါ"

"အလွတ် ငါးမတ်၊ အကြော်နဲ့ဆို တစ်ကျပ်ခွဲ"

"အကြော်မထည့်နဲ့ အလွတ်ပဲပေးပါ"

ကျွန်မ မုန့်ဟင်းခါးကို နှစ်ပွဲစားပြီး ပိုက်ဆံရှင်းလိုက်ပါသည်။ မုန့်ဟင်းခါးနှစ်ပွဲက ကျွန်မဗိုက်ကို တင်းသွားစေသည်။

ကျွန်မလည်း စားသောက်ပြီး ဆိုင်မှ မထသေးဘဲ စားပွဲပေါ်မှ ရေနွေးကို အချိန်ဆွဲပြီး သောက်နေလိုက်သည်။ ဘယ်သွားရမည်ကို စဉ်းစားနေခြင်းလည်း ဖြစ်သည်။

ကျွန်မလက်မှာ ပိုက်ဆံလေးကျပ်ခွဲသာ ကျန်တော့သည်။ ထိုအချိန် မုန့်ကုန်သွားပြီဖြစ်၍ ဆိုင်သိမ်းနေသည်ကို တွေ့ရသည်။

အဒေါ်ကြီးအား (၁၀)နှစ်အရွယ် ကောင်လေးတစ်ယောက် ဝိုင်းကူသိမ်းနေသည်ကို တွေ့ရသည်။

ကျွန်မလည်း ထိုင်နေသည့်စားပွဲပေါ်မှ ရေနွေးပန်းကန်များ ထပ်ပြီး ရေနွေးအိုးနှင့်အတူ ယူ၍ အဒေါ်ကြီးထံ သွားပို့ပေးလိုက်သည်။

"ကလေးမ အဒေါ်ကြီးတို့ ဆိုင်သိမ်းပြီး ပြန်တော့မယ်၊ ကလေးမ ဘယ်ကို သွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဘယ်ကို သွားရမယ် မသိပါဘူး အော်ကြီးရယ်။ ဘယ်မှလဲ မသွားတတ်ဘူး"

"ဘယ်ကလာခဲ့တာလဲ"

"ထနောင်းကုန်းရွာကပါ ... အစ်မရဲ့နှိပ်စက်တဲ့ဒဏ်ကို မခံနိုင်တော့လို့ ထွက်လာခဲ့တာပါ"

"အို ... မိန်းကလေးတစ်ယောက်တည်း အခုလို စိတ်လိုက် မာန်ပါ လျှောက်သွားနေလို့ ဘယ်ဖြစ်မလဲ၊ လာ အဒေါ်ကြီးနဲ့ လိုက်ခဲ့"

"အော်ကြီးက မုဆိုးမ၊ သားသမီးမရှိဘူး။ ဒီဗိုးတုတ်လေးပဲ နေ့စဉ် ဝိုင်းကူနေတာ"

"ဟာ ... ဒါဆို၊ ကျွန်မ အော်ကြီးကို ဈေးဝိုင်းကူ ရောင်းလို့ ရတာပေါ့"

"အေး ... ကလေးမ သွားစရာမရှိဘူးဆိုရင်၊ အော်လေးနဲ့ လိုက်နေ၊ ဈေးဝိုင်းကူရောင်းပေါ့။ အိမ်ရောက်မှ ကလေးမအကြောင်း အော်ကြီးကို ပြောပြ၊ နားထောင်ရတာပေါ့"

"ကျွန်မရဲ့အကြောင်းကတော့ အကောင်းတစ်ခုမှ မရှိဘူး။ ဒါပေမဲ့ အော်ကြီးကို ပြောပြပါ့မယ်"

သို့ဖြင့် အော်ထားဆိုသော အသက်လေးဆယ့်ငါးနှစ်နှင့်ရှိ



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးဒေါ်ရာနောက်သို့ အိုးခွက်ပန်းကန်ထည့်သောတောင်းကို ရွက်ရင်း လိုက်သွားခဲ့သည်။

ဒေါ်ထားက ရှေ့က ဆွဲခြင်း ဆွဲထားသည်။ အကူဒေါ်ထား သော ကောင်လေးက ရေပုံးအလွတ်နှစ်လုံးကိုဆွဲပြီး လိုက်ခဲ့သည်။

မကြာခင် ဒေါ်သာတို့ အိမ်သို့ ရောက်ခဲ့သည်။

ပေနှစ်ဆယ်ခန့်မျက်နှာဝရှိသော ခြံအတွင်း သုံးပင်နှစ်ခန်းကွဲ သွပ်မိုး၊ ထရံကာ အိမ်လေးတစ်လုံးအတွင်း ဒေါ်ထားဦးဆောင်ပြီး ဝင်ခဲ့သည်။

"ကဲရောက်ပြီ ... ဒါ ဒေါ်ကြီးရဲ့အိမ်"

"အရင်က သမီးတစ်ယောက်၊ သားတစ်ယောက်၊ အဒေါ် ယောက်ျားနဲ့ မိသားစုလေးယောက် နေခဲ့တဲ့ အိမ်လေးပဲ"

"အဒေါ့်ယောက်ျားဆုံးသွားတာ၊ ငါးနှစ်ကျော်ပြီ။ သမီးက အိမ်ထောင်ကျသွားပြီး ကချင်ပြည်နယ်ဘက်မှာ ယောက်ျားအလုပ် တာဝန်ကျရာနောက် ပါသွားတယ်။

သားက စစ်ထဲလိုက်သွားတာ၊ သေလား၊ ရှင်လား မသိဘူး။

သူ့အဖေ မသေခင်လေးမှ စစ်ထဲဝင်သွားတာ။ အခုဆို ငါးနှစ်ရှိကျော်ပြီ"

"ဒါဆို ဒေါ်ကြီးတစ်ယောက်တည်းရှိတော့တာပေါ့"

www.burmeseclassic.com



"မုန့်ဟင်းခါး နေ့တိုင်းရောင်းပြီး ဝမ်းရေးဖြေရှင်းနေရတာ ပေါ့ကွယ်၊ ဖောက်သည်လေးရလာတော့၊ အဆင်ပြေပါတယ်"

"ဖောက်သည်ဆိုတာ ... ဘာကို ပြောတာလဲဒေါ်ကြီး"

"ဪ ... နေ့စဉ် ... ပုံမှန်စားသုံးတဲ့လူတွေကို ပြောတာ ပါ"

"ကျွန်မလည်း ဒီနေ့ကစပြီး၊ အိမ်သားတစ်ယောက်လိုပဲ ကူညီပါ့မယ်။ ခိုင်းစရာရှိတာလည်း အားမနာဘဲ ခိုင်းပါ"

သို့ဖြင့် ကျွန်မလည်း ထိုနေ့မှစပြီး ဒေါ်ထားး၏အိမ်သား တစ်ယောက် ဖြစ်ခဲ့ပါသည်။

ဒေါ်ထားက သဘောထား ပြည့်ဝသူဖြစ်သည်။

ကျွန်မက အစ်မကြီး၏ခိုင်းစေမှုအောက်မှာ နေသားကျခဲ့ပြီ ဖြစ်၍ ဒေါ်ထား၏အိမ်မှုကိစ္စအလုပ်မှန်သမျှ သက်တောင့်သက်သာပင် ဝင်လုပ်ပေးနိုင်ခဲ့သည်။

ကျွန်မ၏အကွက်မြင်တတ်မှုကြောင့် ဒေါ်ထားအရေးပေးခြင်းကို ခံခဲ့ရသည်။

ကျွန်မရောက်ခဲ့ပြီးနောက်ပိုင်း မနက်ပိုင်း မုန့်ဟင်းခါးရောင်း၍ ညနေ ရခိုင်မုန့်တီဆိုင် ဖွင့်ခဲ့သည်။

ကျွန်မ ဒေါ်ထားအိမ်ရောက်၍ နှစ်နှစ်ခန့်အကြာမှာ ဒေါ်ထား၏



www.burmeseclassic.com

www.burmeseclassic.com



ပျောက်နေသည်ဆိုသော သားက ပြန်ရောက်လာသည်။ ကျွန်မထက် အသက်သုံးနှစ်ခန့်ကြီးသည်။

ပေါင်မှာ သေနတ်ကျည်ဆန် ထိသွား၍ ဆေးပင်စင်နှင့် ပြန်ရောက်လာခြင်းဖြစ်ကြောင်းသိရသည်။

သူ့တပ်ထဲ စဝင်ကတည်းက ရှမ်းပြည်နယ်ဘက်မှာ တာဝန် သွားထမ်းဆောင်နေရခြင်းကြောင့် မိဘများနှင့် အဆက်အသွယ် ပြတ်ခဲ့ရကြောင်း သိရသည်။

ခြေထောက်တစ်ဖက်ဆာနေသော ဒေါ်ထား၏သားထက်အောင် နှင့် ပြန်ရောက်ပြီး တစ်နှစ်ခန့်အကြာ ကျွန်မလည်း ဒေါ်ထား၏ တိုက်တွန်းမှုကြောင့် လက်ထပ်ဖြစ်လိုက်သည်။

ကျွန်မလည်း အိမ်ထောင်ကျပြီးသည်နှင့် ဒေါ်ထား၏အလုပ် များကို ဦးဆောင်ပြီး လုပ်တော့သည်။

ဒေါ်ထားကို အနားပေးပြီး အိမ်မှာနေစေသည်။ မုန့်တင်းခံ ထဲထည့်မည့်အမယ်များကို ကြိုလုပ်ထားစေသည်။

မနက်ဘက် ဒေါ်ထားက ဟင်းထ၍ ချက်ပေးသည်။

မနက်ဆိုင်ဖွင့်တော့ ဟင်းအိုးကို သယ်သွားကာ ဆိုင်မှာ ရောင်းသည်။

ကျွန်မ မနက်ည မုန့်ရောင်း၍ မအားမလပ်အောင် ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ကျွန်မယောက်ျားထက်အောင်က အလုပ်ကို လက်ကျော တင်းအော ် မလုပ်။

မနက်ဆိုင်ဖွင့်လျှင် ပစ္စည်းသယ်ပို့ပေးသည်။ ဆိုင်သိမ်းချိန်မှာ ရောက်လာပြီး ဝိုင်း၍ သိမ်းသည်။

ကျန်သောအချိန်များတွင် ရွာအတွင်းလှည့်ပြီး ဖဲဝိုင်း၊ ကြက်ဝိုင်း သို့သာ ရောက်နေတတ်သည်။

အိမ်ထောင်ကျပြီးနောက် ငါးလခန့်အကြာ ကျွန်မပေသမ ကလေးကို ကိုယ်ဝန်ဆောင်ရသည်။

ကျွန်မ ကိုယ်ဝန်ရှိနေကြောင်း နှစ်လခန့်ကြာမှ သိလိုက်သည်။ ထို ၁က် ရှေးထွက်ရောင်းရင်း၊ ကိုယ်ဝန်စောင့်ရှောက်ရင်းဖြင့် ကိုယ်ဝန်ရင့်လာခဲ့သည်။

တစ်နေ့ ကျွန်မဆိုင်သိမ်းပြီး အိမ်သို့ပြန်အလာ အိမ်ဝ အရောက် ခလုတ်တိုက်မိပြီး လဲမလို ဖြစ်သွားသည်။

ထိုအခါ မလဲရန် လက်နှင့်သစ်ပင်အား လှမ်းထောက်လိုက် ရာ ကျွန်မ၏ဗိုက်ကို ညာလက် တံတောင်ဆစ်က ထောက်မိသွား သည်။

"အား"

"ဘာဖြစ်တာလဲ မိန်းမ"



www.burmeseclassic.com

www.burmeseclassic.com



"ခြေချော်သွားလို့ လက်နဲ့လှမ်းထိမ်းလိုက်တာ၊ တံတောင်ဆစ်နဲ့ ဗိုက်ဆောင့်မိပြီး အောင့်သွားလို့"

"ပစ်မလဲလို့ တော်သေးတာပေါ့ မိန်းမရာ"

ထိုည ကျွန်မတစ်ခါမှ မမက်ဖူးသော အိပ်မက်ကို မက်သည်။

ကျွန်မ အိပ်မက်ထဲမှာ ညိုမက ဗိုက်ကြီးပေါက်လျက် ကျွန်မအနီးသို့ ရောက်လာသည်။

ကျွန်မရှေ့မှာပင် ဗိုက်ပေါက်ထဲက ခွေးလေးတွေ တစ်ကောင်ပြီးတစ်ကောင် ထွက်ကျနေသည်ကို တွေ့လိုက်ရသည်။

ထို့နောက် ညိုမက ကျွန်မအား ဟီးစပ်ကြီးဖြဲကာ မာန်ဖီပြီး အခိုးအငွေ့အဖြစ်နှင့် ပျောက်သွားသည်။

မနက်ရောက်တော့ ကျွန်မဈေးရောင်း မထွက်နိုင် အိပ်ရာထဲ လဲခဲ့သည်။

မဖြစ်စလောက်လေး ထိခိုက်မိပြီး၊ ကျွန်မ၏ပထမကိုယ်ဝန် ပျက်ကျသွားပါတော့သည်။

ကျွန်မလည်း ကိုယ်ဝန်ပျက်ခဲ့သည့်အတွက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ကာ လဝက်ခန့် ဈေးမထွက်နိုင်သဖြင့် ကျွန်မယောက္ခမက ကျွန်မ၏ကိုယ်စား ဈေးထွက်ပေးနေ၍ ဖောက်သည်မပျက်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မပြန်လည် ကျန်းမာလာသည်နှင့် ဈေးပြန်ထွက်ခဲ့သည်။

ကလေးပျက်ကျပြီး တစ်နှစ်ခွဲခန့်အကြာ ဒုတိယကိုယ်ဝန်ကို ဆောင်ခဲ့ရပြန်ပါသည်။

ကျွန်မအပါအဝင် ကျွန်မယောက္ခမ၊ ကျွန်မယောကျ်ားတို့က ဗိုက်ထဲက ကလေးကို မထိခိုက်၊ မပျက်စီးရအောင် ဝိုင်းဝန်း စောင့်ရှောက်ကြပါသည်။

ကျွန်မလည်း မွေးဖွားရန် တစ်လခန့်အလိုကျမှ ကျွန်မ ဈေးရောင်း ရပ်လိုက်သည်။

ကျွန်မဈေးရောင်းခြင်းကို ရပ်လိုက်သဖြင့် ယောက္ခမဒေါ်ထားက ဈေးဝင်ရောင်းသည်။

ကျွန်မလည်း အိမ်မှာတစ်ယောက်တည်း နေရသည့်အတွက် ပျင်းရိလာသဖြင့် ယောကျ်ားကို အကူအညီတောင်းပြီး အညောင်း အညာပြေ မုန့်ကင်းခါးဆိုင်သို့ လိုက်လာခဲ့သည်။

ထိုစဉ် လမ်းမပေါ်မှ ခွေးလေးကောင် မာန်စောင်ကာ ကိုက်ရန် ပြင်နေကြသည်။

“မနွယ် သတိထား၊ အဲဒီခွေးတွေ တို့ဘက်ကို ပြေးလာ နိုင်တယ်၊ သတိထား”

ထက်အောင်ဇော်စကားမဆုံးလိုက်၊ မာန်စောင်နေသော ခွေး



www.burmeseclassic.com

www.burmeseclassic.com



သုံးကောင်က ခွေးအနက်ကြီးတစ်ကောင်ကို ဝိုင်းကိုက်ခြင်းကြောင့် ထိုခွေးကြီးက နောက်သို့ ပြန်လှည့်ပြေးလာစဉ် ကျွန်မအား ဝင်တိုက်မိလိုက်သည်။

ကျွန်မလည်း ကိုယ်ဝန်၏အလေးချိန်ကြောင့် မထိန်းနိုင်ဘဲ ဖင်ထိုင်ပစ်လဲကျသွားသည်။

ထိုခွေးနက်ကြီးက ကျွန်မကို ကိုက်မည့်ဟန်ပင် မြူလိုက်သေးသည်။

"ဟာ ... မနွယ် ... ဒုက္ခပါပဲ ... ဟဲ့ခွေး ... ဟဲ့ခွေး"

ဝုတ် ... ဝုတ် ... ဝုတ်

ဝေါင်း ... ဝေါင်း

နောက်မှ ဆူညံစွာဟောင်ရင်း ခွေးသုံးကောင် လိုက်လာသည့်အတွက် ကျွန်မကို ရန်ပြုချင်သော ခွေးနက်ကြီး ခြေကုန်သုတ်ပြီး ပြေးထွက်သွားသည်။

"မနွယ် ... မနွယ် ... ဘာဖြစ်သွားသေးလဲ"

ယောက်ျားဖြစ်သူက ကျွန်မအား ဆွဲထူရန် လက်မောင်းရင်းတို့ ဆွဲမလိုက်စဉ်၊

ကျွန်မ၏ပေါင်ပေါ်မှာ ပူသလိုခံစားသိလိုက်၍ သက်နှင့်စမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ရာ သွေးများစီးကျလာသည်ကို သိလိုက်သည်။

ထို့ကြောင့် ကိုထက်အောင်က ကျွန်မအား ဆေးခန်းသို့ ဆိုက်ကားငှားပြီး ပို့ပေးပါသည်။

ကျွန်မ၏ ဒုတိယကလေး ပျက်ကျသွားရပြန်ပါပြီ။ ထိုကဲ့သို့ ကလေးများ ဆက်တိုက်ပျက်နေရသည့်အတွက် ကျွန်မ ညီမအား ပြုခဲ့သော ဝဋ်ကြွေး၊ တလှည့်ပြန်ခံနေရပြီဆိုသည်ကို ကျွန်မ ယုံကြည်လာသည်။

ညစဉ် ညီမကို အိပ်မက်ထဲမှာ မက်လာသလို အပြင်မှာလည်း ညီမနဲ့ဆင်ဆင် ခွေးအနက်ကြီးများကို မကြာမကြာ တွေ့နေရသည်။

ကျွန်မကြောင့် ညီမ၏ခွေးသုံးကောင် ပျက်ကျသွားပြီး ညီမ သေခဲ့ရသလို ကျွန်မလည်း တတိယမြောက်ကလေးမွေးပြီးပါက အသက်ပါ အနုတ်ခံရမည်ကို စိုးရိမ်လာသည်။

သို့ကြောင့် တတိယမြောက်ကလေးကို မမွေးရန် ဆုံးဖြတ်လိုက်သည်။

ထိုအကြောင်းကို ယောက်ျားဖြစ်သူအား ရှင်းပြလိုက်သည်။

ထိုအခါ ကျွန်မယောက်ျားက သေသွားသော ညီမ၏ဝဋ်ကြွေး ရှိရင် ကျေပါစေရန် အလှူတစ်ခုခု လုပ်ပေးဖို့ ပြောလာပါသည်။

ကျွန်မလည်း မေ့လျော့နေသော ကိစ္စတစ်ခုကို သတိရသည့်

www.burmeseclassic.com



ယောက်ျားဖြစ်သူကိုပင် ကျေးဇူးတင်မိသည်။

သို့ကြောင့် ကျွန်မလည်း နောက်နေ့မှာ ညီမအတွက် ရည်စူးပြီး ဆွမ်းဟင်းနှင့် ဆွမ်းချက်၍ ဘုန်းတော်ကြီးကျောင်းမှာ သွားလှူကာ အမျှဝေနိုင်ခဲ့သည်။

ထိုသို့ လုပ်လိုက်သဖြင့် စိတ်ထဲပေါ့သွားသလို ခံစားလိုက်ရသည်။

ကျွန်မ ဒုတိယကိုယ်ဝန်ပျက်ပြီး နှစ်နှစ်လောက်အကြာမှာ ကိုယ်ဝန်မလိုချင်သော်လည်း ကိုယ်ဝန်ရခဲ့ပြန်သည်။

ကျွန်မလည်း ပထမနှင့်ဒုတိယကိုယ်ဝန်များကဲ့သို့ မပျက်စေရန် ပိုပြီးဂရုစိုက်ခဲ့သည်။

ကျွန်မထုံးစံအတိုင်း မနက်ပိုင်းမုန့်ဟင်းခါး၊ ညနေမုန့်တီကိုတော့ အရောင်းမပျက်ခဲ့။

ကျွန်မယောက်ျားကတော့ ကျွန်မကို ဆိုင်ပို့ပြီးသည်နှင့် သူလိုအပ်သောငွေကို တောင်းယူကာ အရက်ဆိုင်ဖြစ်ဖြစ် ကစားဝိုင်းဖြစ်ဖြစ် ရောက်သွားတတ်သည်။

ကိုယ်ဝန်နှစ်လပျက်ခဲ့ရသော ကျွန်မ ကျန်းမာရေးက ယခင်လို မကောင်းတော့၊ ဟိုဆေးကောင်းသည်၊ သည်ဆေးကောင်းသည် ဆို၍ ဆေးမြီးတို မျိုးစုံစားပေမယ့် ကျန်းမာရေးက ပိုကောင်း



www.burmeseclassic.com

www.burmeseclassic.com



မလာခဲ့။

ဝမ်းကလည်း မကြာခဏ ချုပ်သဖြင့် ဝမ်းနုတ်ဆေး မကြာမကြာ စားပေးရသည်။

မုန့်ဟင်းခါးချက်ရန် ကြက်သွန်နီ၊ ကြက်သွန်ဖြူ ဆိသပ်၍ ထွက်လာသော ညှော်နံ့မိလွန်းသဖြင့် ယခင်က ဘာမှ မဖြစ်ခဲ့သော ခေါင်းကိုက်သည့် ဝေဒနာလည်း မကြာမကြာ ဖြစ်လာသည်။

ခြေလက်များကလည်း မကြာခဏ ယောင်လာသည်။ ကိုယ်ဝန်ရှိလျှင် ယောင်တတ်သည်ဆိုပေမင့် ယခု ကျွန်မ အနေရ အထိုင်ရ လေးပင်နေသည်။

အစားအသောက်လည်း ပျက်လာသည်။ အသား၊ ငါးပါလျှင် စားမရတော့။ သို့ကြောင့် အဟာရလည်း ကောင်းစွာမရသည့်အတွက် အားပြတ်သလို ဖြစ်လာသည်။

ကိုယ်ဝန်က တဖြည်းဖြည်း ရင့်လာသည်။ ခုနစ်လသို့ ရောက်လာသည်။ ကျွန်မကို ယောက္ခမကြီးက အိမ်မှာပင် နေစေပါသည်။

ယောက္ခမအသက်က ငါးဆယ်ကျော်ရုံသာ ရှိသေးသည့်အတွက် မုန့်ဟင်းခါးချက်နိုင်သေးသည်။

ယောကျ်ားဖြစ်သူက သူ၏အရက်ဖိုးကို ကျွန်မထံ လက်ဖြန့်တောင်းရသည်ကို အားနာသည်ပြောပြီး ဆိုက်ကား နေ့ဘက်



www.burmeseclassic.com

www.burmeseclassic.com



ယူနိုင်းသည်။

အုံနှာခနှင့် အရက်ဗိုးရလျှင် ဆက်မနှင်းတော့။

သူ့လုပ်စာ ကျွန်မတစ်ခါမှ မရ။

ယောက္ခမက ဈေးထွက်သည်ဖြစ်၍ အိမ်မှာ ကျွန်မ ထမင်းဟင်းချက်ပေးထားသည်။

အညီအဟောက် စားမရသဖြင့် နေ့စဉ် မြေပဲလှော် ဒီသင်္ဘောစားချင်စားလိုက်သည်။

ထမင်းရည်ထဲ ထမင်းအနည်းငယ်ထည့်ပြီး ဆားခပ်ကာ သောက်၍ ဗိုက်ဖြည့်သည်။

ထိုအစာများသည် အဟာရမပြည့်မှန်းသိသော်လည်း အညှီအဟောက် အသား၊ ငါးပိရည် လုံးဝ ပါးစပ်ထဲ သွင်းမရတော့သည့်အတွက် ဖြစ်သလို စားနေရခြင်းပင်။

အာဟာရချို့တဲ့လာသဖြင့် ကလေးမွေးဖွားပါက မွေးရခက်မည်ကြိုးစားပြီစားရန် ဝိုင်းပြောကြသဖြင့် အနည်းငယ်စားကြည့်ရာ လည်ချောင်းဝမှာပင် ပျို့အံ့ပြီး ပြန်ထွက်လာသည်။

သို့ဖြင့် ကလေးမီးဖွားရက် နီးလာသည်။ ကျွန်မက ဗိုက်အောင့်တာ အခြေအနေ မသက်သဖြင့် ယောက္ခမကို ပြောပြရာ အရပ်လက်သည်ကို ခေါ်ပြီးပြကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးဗိုက်ထဲမှာ မလှုပ်တော့ဟု အရပ်လက်သည်က ပြောသည်။ ဆေးရုံမှာ သွားမွေးရန် ပြောလာသည်။

ကလေးက တိုးရမည့်အချိန် မတိုးသဖြင့် ကျွန်မလည်း စိုးရိမ်လာသည်။ ဆေးရုံကို ပေးရန် ယောက္ခမနှင့်ယောကျ်ားဖြစ်သူကို ပြောရသည်။

ဗိုက်က တဖြည်းဖြည်း တင်းတင်းရင်းရင်း ဖြစ်လာကာ အနေရ ခက်လာသည်။

ကိုထက်အောင် ထမင်းစားပြန်ချိန်မှာ သူ၏ဆိုက်ကားဖြင့် ကျွန်မအား ဆေးရုံသို့ ပို့ပေးပါသည်။

ကျွန်မ တတိယမြောက်ကလေးကို မွေးကာနီးအချိန်ထိ ညီမလာရောက် ခြောက်လှန့်သည်ကို မကြုံရတော့။ သူ့ကို ကျွန်မတို့လင်မယား ကောင်းမှုကုသိုလ်ပြုလိုက်၍များ ခွင့်လွှတ်ပြီး အဝေးသို့ ထွက်သွားပြီလားမသိ။

ညီမကို အိပ်မက်ထဲမှာရော၊ အသိအာရုံစိတ်ထဲမှာပင် မပေါ်ခဲ့။

တတိယမြောက်ကလေးကို မွေးရမည့်ရက်သို့ ရောက်ခဲ့ပြီဖြစ်သော်လည်း ရှော့ရှော့ရှူရှူမွေးမည့်ဟန်မရှိ၊ ဝင့်ကြွေးမကုန်သေးဘူး ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးက ဗိုက်မှာ ကန့်လန့်ခံနေသည်တဲ့ ဆိုသဖြင့် ဆေးရုံသို့ လာခဲ့ခြင်းဖြစ်သည်။

ကျွန်မ ဆေးရုံရောက်တော့ လူနာစာရင်းသွင်းပြီး ကိုယ်ဝန်သည်များထားသော အခန်းသို့ ပို့လိုက်ပါသည်။

အခန်းတွင်း မွေးလူနာများ ဗိုက်နာ၍ အော်ဟစ်နေသူများ၊ ဗိုက်ကိုင်ပြီး လမ်းလျှောက်နေသူများရော လူမျိုးစုံ တွေ့နေရပါသည်။

ဆရာဝန်မ အဆင်သင့် ရှိနေသဖြင့် ကျွန်မကို စမ်းသပ်ကုတင် တက်ခိုင်းပြီး စမ်းသပ်ပါသည်။

ဆရာမစကား ကြားသည်နှင့် ကျွန်မ နှလုံးသွေးပျက်မျှ လန့်သွားပါသည်။

ကလေးက ဗိုက်ထဲမှာ သေနေတာ အနည်းဆုံး နှစ်ရက်ခန့် ရှိနေပြီတဲ့ ဆိုပါသည်။

သို့ကြောင့် ခွဲပြီး ကလေးကို ထုတ်ရမည်ဟုဆိုပါသည်။

ယခုမှပင် ညိုမဗိုက်ပေါက်ပြီး ကလေးအသေများ မွေးရသောဝဋ်က ကျွန်မအား နောက်ဆုံးလည်ခြင်း ဖြစ်ပါသည်။

ညိုမဗိုက်ပေါက်ပြီး သေရသလို ကျွန်မလည်း ကလေးအသေလေးကို ဗိုက်ခွဲပြီး ညိုမကဲ့သို့ ကျွန်မသေရမည်လားမသိ၊ ကျွန်မခြေဖျားလက်ဖျားများ အေးစက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောက်အလန့်က ပိုလာသည်။ ကိုယ်ဝန်ဆောင်ပြီး သုံးလေလရသည်မှစ၍ အစားကောင်းကောင်း စားမဝင်ခဲ့သော ကျွန်မ ဗိုက်တောင်ကို ကျော်နိုင်မည်မထင်တော့ပါ။

ကျွန်မကို ညခြောက်နာရီမှာ မေ့ဆေးပေးပြီး ဗိုက်ထဲက ကလေးအသေလေးကို ခွဲထုတ်လိုက်ပါသည်။

ကလေးက ဗိုက်ထဲမှာ နှစ်ရက်ခန့် သေနေပြီဖြစ်သဖြင့် ကျွန်မ၏သားအိမ်မှာ အခြေအနေမကောင်းတော့၍ သားအိမ်ပါ ဖြတ်ထုတ်လိုက်ရသည်ဟု ဆိုပါသည်။

အသက်မသေသေး၍ ဖြေသာပါသည်။

ခွဲစိတ်ခန်းအတွင်းက ကျွန်မကို ထုတ်ပြီး အနားပေးထား ပါသည်။

ညရှစ်နာရီကျော်မှ ယောက်ျားဖြစ်သူနှင့် ယောက္ခမတို့ ကျွန်မ ကို တွေ့ခွင့်ရခဲ့ပါသည်။

ကလေး ဗိုက်ထဲမှာ သေနေသည်ကို ကြိုတင်သိထားကြသဖြင့် ကလေးအကြောင်း မမေးကြပါ။

နောက်ပိုင်းတော့ ကိုထက်အောင် ပြန်သွားပြီး ညအိပ် စောင့်ရန် ယောက္ခမကြီး ကျန်ခဲ့သည်။

ကျွန်မလည်း ချုပ်ရိုးက ထုံဆေးအာနိသင်ပြယ်လာရှိန်ကြောင့် အလွန်အမင်း



www.burmeseclassic.com

www.burmeseclassic.com



မနာကျင်သေးသည့်အတွက် ညသန်းခေါင်ခန့်အရောက် အိပ်ပျော်သွားခဲ့သည်။

ထိုအချိန် မေ့ပျောက်နေပြီဖြစ်သည့် ညီမ ဗိုက်တောင်းလောင်းပေါက်ကြီးနှင့် အနားရောက်လာသည်ကို သိလိုက်သည်။

"ဘယ်လိုလဲ နင်လည်း ကလေးတစ်ယောက်မှ မရလိုက်ပါလား ... ငါ့ရဲ့ဗိုက်ကွဲသွားရသလို နင်လည်း ကွဲရတာပဲ

နင့်ရဲ့ ဗိုက်ပင်က နင့်ကို ဒဏ်ခတ်တာ၊ ငါက နင့်ကို ကြိမ်ဆဲခဲ့တာ မဟုတ်ဘူး။ ငါလည်း ရှေ့က ဝဋ်ကြွေးရှိလို့ ခံခဲ့ရတာ၊

နင်လည်း မကောင်းတာလုပ်ခဲ့လို့ ပြန်ခံရတယ်လို့ မှတ်လိုက်။

နင့်ရဲ့ ကံဝဋ်ကြွေးက သည်လောက်ပဲပါလို့ ငါသေသလို နင်မသေတာပဲ၊

အသက်ရှည်ရှည် နေချင်သေးရင် ဘုရားတရားမမေ့နဲ့၊ စိတ်ကောင်းမွေး၊ ငါနင့်ကို ငါ့လို မသေစေချင်ပါဘူး။ နင့်ရဲ့စိုးရိမ်စိတ်က နင့်အသိထဲမှာ ငါ့စိတ်ဝင်ပြီး ခြောက်လှန့်နေတာ..."

ညီမက ခွေးလည်းမဟုတ်၊ လူလည်းမဟုတ်၊ စကားအငွေ့အများကြီးပြောပြီး ကျွန်မကို တရားချ၍ ညီမသဏ္ဌာန်တ[illegible] ပျောက်ကွယ်သွားသည်။

www.burmeseclassic.com



ခံရသူက ခွင့်လွှတ်နိုင်သွားပြီ ဆိုပေမယ့် လုပ်ခဲ့သူက လုပ်ခဲ့သည့် ဂလျောက် တန်ရာတန်ကြေး ပေးဆပ်ခဲ့ရပါသည်။

ကျွန်မမှာ အိပ်မက်လိုလို၊ တကယ်လိုလို ညီမစကားသံကို ကြားလိုက်မိပြီးနောက် လန့်နိုးသွားပါသည်။

ကျွန်မလည်း ကျန်းမာလာ၍ ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ပြီးနောက် ယောက္ခမကြီး မသေခင်အထိ ဈေးရောင်းပြီး လုပ်ကျွေးရန် ဆုံးဖြတ်ချက် ချလိုက်သည်။

ထိုနှစ်များအတွင်း ကချင်ပြည်နယ်မှာ ယောက်ျားဖြစ်သူနှင့် သွားရောက်နေထိုင်သည့် သမီးမှာ မိသားစုလိုက် ကားမှောက် သေဆုံးသွားကြ၍ ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးကြောင်း သတင်း ရော... လာသည်။

သွားလာရန် ခက်ခဲသောကြောင့် မိခင်ဖြစ်သူဒေါ်ထားက လိုက် မသွား၊ တရားနှင့်သာ ဖြေတော့မည်ဟုပြောသည်။

ကျွန်မ အိမ်ထောင်သက် ဆယ့်ရှစ်နှစ်၊ ကျွန်မအသက်(၃၆)နှစ် ခ်မှာ အရက်ကြောင့် အသည်းရောဂါဖြစ်ကာ ကိုထက်အောင် ဆုံးပါးသွားခဲ့သည်။

ကျွန်မယောက္ခမကြီးက ကျွန်မအား သူ့သားသမီးတစ်ယောက် မှ အားမကိုးရ၊ သူ့အပေါ် မကောင်းခဲ့ချေ။ ချွေးမက ... အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းခဲ့၍သာ သူ ဒီအသက်အရွယ်ထိ မတောင့်မတ နေခဲ့ရကြောင်း ဖွင့်ဟပြောလာသည်။

ထိုအချိန်ယောက္ခမကြီးက အသက်ခြောက်ဆယ်ကျော် ကျန်း ကျန်းမာမာပင် ရှိသေးသည်။

ကျွန်မက ယောက္ခမအား အိမ်နှင့်ခြံရောင်း၍ တရားရိပ်ခိုရန် ပြောသော်လည်း လက်မခံသဖြင့် ကျွန်မဆန္ဒကို အကောင်အထည် မဖော်နိုင်ခဲ့ပါ။

သို့ကြောင့် ယောက္ခမကြီးနှင့် အတူနေခဲ့ကြရာ အသက် (၆၅)နှစ်အရောက် လူကြီးရောဂါနှင့် ကွယ်လွန်ခဲ့သည်။

ယောက္ခမကြီး အသက်ဆုံးတော့ ကျွန်မယောက္ခမခြံနှင့် အိမ်ကို ရောင်းချလိုက်ပါသည်။

ကျွန်မလည်း ယခင်ကတည်းက ဆုံးဖြတ်ချက်ချထားသည့် အတိုင်း အိမ်ရောင်းရငွေကိုပိုက်ကာ ကျွန်မ တရားရိပ်ခိုလှုံမည့်နေရာ သို့ ယူသွားပြီး ယောက္ခမကြီးအမည် ကဗ္ဗည်းထိုး၍ လှူဒါန်း လိုက်ပါသည်။

ကျွန်မဘဝတစ်လျှောက်လုံး အစ်မနှင့်ခဲအိုတို့၏ နှိပ်စက်မှု နေ့စဉ်ခံခဲ့ရသည့် နာကျည်းမှု၊ ညီမကို မရည်ရွယ်ဘဲ သတ်ခဲ့ မိသည့်အပြစ်ဆိုးက ဘဝတစ်လျှောက်လုံး စိတ်အဇာရ နှိပ်စက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ပျော်ရွှင်စရာ မကောင်းတော့သည့် လူ့လောကကြီးမှာ လူဖြစ်လာရသော ကျွန်မ ယခု ဘုရားရိပ် တရားရိပ်အောက် ခိုလှုံအုပြီးမှာ အေးငြိမ်းမှုအစစ်ကို ရှာတွေ့ခဲ့ရပါတော့သည်။

ဧကန်မင်း

www.burmeseclassic.com